
BURMESE CLASSIC
မြပုလဲခင်
ကန္တာရနှင်းဆီ
www.burmeseclassic.com

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို
နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော
ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသား ပြန်လည်စည်းလုံးညီညွတ်မှုရရှိရေး
ခိုင်မာသော ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ပေါက်လာရေး
ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်
တည်ဆောက်ရေး။

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး
တိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး
ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့်
တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

တစ်မျိုးသားလုံး၏စိတ်ဓါတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊
အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
မျိုးချစ်စိတ်ဓါတ်ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



# မြပုလဲခင်

ကညာမှုန်းဆီ

BURMESE CLASSIC
www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

ဖြန့်ချိရေး——အောင်မြင်စာပေ၊ အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်——အောင်မြင်ပုံနှိပ်တိုက်။
ထုတ်ဝေသူ——ဦးအောင်မြင့်၊ ပထမအကြိမ်၊ ဇူလိုင်လ၊ ၂၀၁၃၊ တန်ဖိုး(၁၅၀)။



၈၉၅.၈၃
မြပုလဲခင်
ကန္တာရနှင်းဆီ/မြပုလဲခင်။ - ရန်ကုန်။
အောင်မြင်စာပေ၊ ၂၀၁၃။
၂၅၀ - စာ၊ ၁၂.၅ x ၁၈.၂ စင်တီ။
(၁) မြပုလဲခင်





# အခန်း (၁)

"မမ မပြီးသေးဘူးလားဗျာ"

အောင်ခန့်က မေသန့် အိပ်ခန်းအတွင်းသို့ လိုက်ကာကို ဖယ်ရှား၍ ဝင်ရောက်ရင်း စိတ်မရှည်သံဖြင့် မေးလိုက်သည်။

"ကုမ္ပဏီ ရောက်လာလို့လား"

မေသန့်က ပြန်မေးလိုက်သည်။ အောင်ခန့်က သူ၏မေးခွန်းကို တုံ့ပြန်မှုမပေးဘဲ အစ်မဖြစ်သူက မေးခွန်းပြန်ထုတ်နေသဖြင့် ကျွဲမြီးတိုသွားပြီး . . .

"သူက ဘာလာရှုပ်ဦးမှာလဲ"

ဟု မျက်မှောင်ချီကာ ပြန်မေးလိုက်သည်။

မေသန့်က မျက်ခုံးမွေးကို ဂရုတစိုက် ဆွဲနေရသေးသဖြင့် စကားမပြန်နိုင်သေးဘဲရှိနေရာ အောင်ခန့်က ပခုံးတွန့်ကာ

"ဘယ်ဘက်မျက်ခုံးက ဒီပေါ် နည်းနည်းတက်နေပြီ၊ မညီသေးဘူးထင်တယ်"

"နင် မရှုပ်နဲ့စမ်း ခန့်၊ ဒါ အသေအချာ ဆွဲထားတာ ညီတယ်"

မေသန့်က မျက်ခုံးမွေးဆွဲတံကို သိမ်းရင်း မျက်လုံးကမှန်ပေါ်မှ မခွာတမ်းကြည့်ကာ ပြောလိုက်သည်။ အောင်ခန့်က သူ၏အစ်မ အပျိုကြီးကို လက်မြှောက်ကာ. .

"ကိုင်း . . အရှုံးပေးပါတယ်၊ မြန်မြန်လဲပါ၊ ကျွန်တော် ဗိုက်ဆာလာပြီ"

"ဟဲ့ . . ဆာရင် စားလေ၊ နေ့တိုင်း ဟိုတယ်စာတွေပဲ စားနေတာ နင် မငြီးငွေ့သေးဘူးလား ခန့်"

"ဒါ အလုပ်လေ မမ၊ ဘယ်ငြီးငွေ့မလဲ"

မေသန့်က အခွင့်သာခိုက် ပြောလိုက်မည်ဟု ရည်ရွယ်ထားသော စကားတို့သည် အောင်ခန့်၏ စကားကြောင့် လမ်းစပျောက်ကွယ်သွားခြင်းကို မချင့်မရဲ ဖြစ်သွားကာ. . .

"ကိုင်း. . . ခန့် ကုဋ္ဌေကို ဖုန်းဆက်လိုက်၊ မမတို့ အခုပဲ ထွက်လာတော့မယ်၊ အဆင်သင့် ပြင်ထားပါလို့"

"မဆက်ချင်ပါဘူးဗျာ၊ မမဘာသာ မမပဲဆက်"



BURMESE CLASSIC



မေသန့်က မကျေမနပ် မျက်စောင်းဖြင့်. .

"နင်ဟာလေ ကုဋ္ဌေနဲ့ ပတ်သက်လာရင် ဘယ်လိုဖြစ်နေတာလဲ၊ ရန်သူကျနေတာပဲ၊ ဒီလိုမိန်းမမျိုးများ နင်မို့လို့ဟယ် ငြင်းရက်စရာဘာရှိလဲ"

"တော်ပြီဗျာ. . . အောက်ကပဲ စောင့်နေတော့မယ်၊ နောက်ဆုံး ဒီဘူတာဆိုက်တော့တာပဲ"

အောင်ခန့်က ပြောပြောဆိုဆိုဖြင့် အိပ်ခန်းထဲမှ ထွက်ခဲ့လေသည်။

သူ့အစ်မထံမှ ကုဋ္ဌေနန်းထိုက်နှင့် ပတ်သက်သောတရားများကို နာရလွန်းသဖြင့် သူ့နားထဲမှ လျှံထွက်၍ပင် နေလေပြီ။

အောင်ခန့်သည် အောက်ထပ်သို့ ဆင်းခဲ့ကာ ကျယ်ပြန့်ခမ်းနားလွန်းသော ဧည့်ခန်းကြီးထဲဝယ် ဘာလုပ်ရမှန်းမသိယောင်ချာချာ ဖြစ်နေသည်။

တစ်ပတ်မှာ တစ်ရက်မျှ အနားယူသည်။ ထိုအနားယူသောရက်မှာ အစ်မဖြစ်သူနှင့်အတူ ဈေးသွား၊ ဘုရားသွား၊ ရုပ်ရှင်ကြည့် ခြင်း၊ သာရေးနာရေး လူမှုရေးကိစ္စများကို ဆောင်ရွက်ပေးခြင်းဖြင့် အချိန်ကုန်သွားလေ့ရှိသည်။ သို့သော် ထိုကိစ္စအတွက် သူ မငြီးငြင်ပါချေ။

သူသည် ရန်ကုန်မြို့တော်ကြီး၏ စီးပွားရေးလုပ်ငန်းရှင်များထဲတွင် တစ်ယောက်အပါအဝင်ဖြစ်သည်။ ရောင်ခြည်ဦးကုမ္ပဏီ၏ အကြီးအကဲ ချယ်ယာမင် (Chairman) တစ်ဦးဖြစ်



www.burmeseclassic.com

သည်။

သူသည် အဘိုးဖြစ်သူနှင့် ဖခင်ဖြစ်သူတို့၏ အဆောက်အအုံများ ဆောက်လုပ်ခြင်းလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ အဆောက်အအုံ ပစ္စည်းများနှင့် သယ်ယူပို့ဆောင်ရေး ပစ္စည်းများ ရောင်းဝယ်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက် လုပ်ကိုင်နေသူဖြစ်သည်။

ယခု သူ့အသက် သုံးဆယ့်လေးနှစ်မျှသာ ရှိသေးသည်။ သူ၏မိဘနှစ်ပါးမှာ လွန်ခဲ့သော ငါးနှစ်ခန့်က ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားခဲ့သည်။

ပထမဦးစွာ ဖခင်ကွယ်လွန်ခဲ့သည်။ ဖခင်ကွယ်လွန်ပြီး ခြောက်လအကြာတွင် မိခင်ကွယ်လွန်ခဲ့ပြန်သည်။

ဖခင်ကွယ်လွန်စဉ်က သူသည် ဂျပန်နိုင်ငံရှိ ကုမ္ပဏီကြီး တစ်ခုတွင် အလုပ်လုပ်နေသည်။ သူ့ဖခင်သည် အမြော်အမြင်ကြီးမားစွာဖြင့် သူ ဆယ့်ရှစ်နှစ်သား ဆယ်တန်းအောင်ပြီး ကတည်းက ဂျပန်သို့ စေလွှတ်ကာ အလုပ်လုပ်စေခဲ့သည်။

ဖခင်ကွယ်လွန်သောအခါ သူသည် မြန်မာပြည်သို့ အပြီးပြန်လာပြီး ဖခင်၏ လုပ်ငန်းများကို ဆက်လက်လုပ်ကိုင်ခဲ့သည်။

အောင်ခန့်တွင် အိမ်ထောင်မရှိ။ မေသန့်သည် သူ့ထက် ငါးနှစ်ကြီးသည်။ သူမသည်လည်း အပျိုကြီးပင်ဖြစ်သည်။ မောင်နှမ နှစ်ယောက်သည် ကမ္ဘာအေးဘုရားလမ်း တစ်နေရာရှိ ဘိုးဘွားပိုင် တိုက်အိမ်ကြီးတွင် နေထိုင်ကြလေသည်။





သူ၏ ကုမ္ပဏီမှာမူ ရန်ကုန်မြို့လယ်ကောင် ဗိုလ်ချုပ်အောင်ဆန်း လမ်းမကြီးပေါ်၌ရှိသည်။ အထပ် ခုနစ်ထပ်ရှိသော ထိုရုံးအဆောက်အအုံကြီးကို ဖွင့်လှစ်ပြီးသည်မှာ တစ်လခန့်သာ ရှိသေးသည်။ ထိုရုံးအဆောက်အအုံကြီး ပြီးသွားမှ တစ်ပတ်လျှင် တစ်ရက်မျှ အနားယူချိန်ရခဲ့သည်။

သို့သော် သူ၏ အနားယူချိန်ကို များသောအားဖြင့် အစ်မမေသန့်အတွက် ဦးစားပေးကာ သူမအလိုကျ ရုပ်ရှင်လိုက်ပြခြင်းဖြင့်သာ အချိန်ကုန်ဆုံးခဲ့ရသည်။

အစ်မမေသန့်မှာ အပျိုကြီးပီပီ မင်းသားချော နေတိုးကို အလွန်သဘောကျသည်။ နေတိုး၏ ဗွီဒီယိုအခွေ ကားဟူသမျှ ထွက်သမျှကို မလွတ်တမ်းကြည့်သကဲ့သို့ ရုပ်ရှင်ကားကြီး ရုံတင်သည့်အခါ နေတိုးကားဆိုလျှင် နေမကောင်းသည့်ကြားက သွားကြည့်တတ်သည်။

အမှန်တော့ အစ်မမေသန့်ကို သူ အလိုလိုက် အကြိုက်ဆောင်ပေးနေရခြင်းမှာ အကြောင်းရှိသည်။ အဘယ်ကြောင့်ဆိုသော် သူ့အစ်မသည် နှလုံးရောဂါသည်တစ်ယောက် ဖြစ်နေသောကြောင့်ပင်။

မေသန့်၏ နှလုံးရောဂါကို ကုသပေးနေသူမှာ သူ အထက်တန်းကျောင်းသားဘဝတုန်းက ကျောင်းနေဖက် ငယ်သူငယ်ချင်း ဒေါက်တာကုဋေနန်းထိုက် ဖြစ်သည်။

ကုဋေနန်းထိုက်နှင့်သူသည် ငယ်သူငယ်ချင်း ဖြစ်ခြင်းကြောင့် ငယ်စဉ်ကအတိုင်း ပြောမနာဆိုမနာ နင်တစ်ခွန်း ငါ

တစ်ခွန်းနှင့် စကားပြောဆိုနေကြဆဲဖြစ်သော်လည်း. . .

ဆယ်တန်းအောင်ပြီး သူက ဂျပန်ကို ထွက်သွားခဲ့သကဲ့သို့ ကုဋ္ဌေနန်းထိုက်ကလည်း ဆေးပညာဘွဲ့ကို အပတ်တကုတ်ကြိုးစားသင်ယူပြီး နှလုံးရောဂါ အထူးကုပါရဂူဘွဲ့ကိုပါ အင်္ဂလန်၌ သွားရောက်သင်ယူခဲ့သူဖြစ်သဖြင့် မြန်မာပြည်သို့ ပြန်ရောက်သည်မှာ နှစ်နှစ်ကျော်မျှပင် ရှိသေးသည်။ သူတို့နှစ်ဦး တွေ့တော့ ခပ်တန်းတန်းဖြစ်နေခဲ့သည်။ ငယ်စဉ်ကလို တရင်းတနှီး သိပ်မရှိကြတော့။

"ဟဲ့. . ခန့် ဘာထိုင်လုပ်နေတာလဲ၊ ကားထုတ်ပြီးပြီလား"

"ဦးလေးမောင် ထုတ်ထားမှာပေါ့ဗျာ၊ ဟင်. . ဒီလောက်အိုက်ရတဲ့အထဲ ဆွယ်တာက လုပ်ပြန်ပြီ"

"ဟဲ့. . အဲကွန်းနဲ့ အေးတယ်ဟဲ့"

မေသန့် ရောက်လာမှ အောင်ခန့်၏ အတွေးရိပ်တို့သည် လက်ရှိအနေအထားသို့ ပြန်လည်ရောက်ရှိလာသည်။

"ကုဋ္ဌေ စောင့်နေတော့မယ်"

"စောင့်ပစေပေါ့ ရုပ်ရှင်မီရင် ပြီးတာပဲ"

"နင်နော်. . . ကုဋ္ဌေနဲ့ ပတ်သက်လာရင် နင် ဘယ်လိုဖြစ်နေတာလဲ"

"မမ ထင်လို့ပါ ဘယ်လိုမှကို မနေဘူး၊ သူ့အလုပ်သူလုပ် ကိုယ့်အလုပ်ကိုယ်လုပ်နေကြတာပဲ၊ ကိုယ့်လမ်းကိုယ်လျှောက်ကြဖို့ပဲရှိတာ မမရာ၊ မမရဲ့ စိတ်ကူးယဉ်အိပ်မက်ကို





လက်တွေ့ဘဝကို ဆွဲယူဖို့ မကြိုးစားပါနဲ့"

အောင်ခန့်က အစ်မဖြစ်သူအတွက် မာစီဒီး၏ နောက်ခန်းတံခါးကို ဆွဲဖွင့်ပေးရင်း ပြောလိုက်သည်။

မေသန့်က သူ့အား မျက်စောင်းထိုးလိုက်သည်။ မေသန့်၏ မျက်စောင်းကို အောင်ခန့်က အပြုံးမပျက် ခံယူလိုက်သည်။ သူ၏အစ်မကသူ့အား ကုဋ္ဌေနန်းထိုက်နှင့် သဘောတူနေသည်။ လက်ထပ်ရန် အကြိမ်ကြိမ် နားချတိုက်တွန်းခဲ့သည်။ သူငယ်ချင်းဟာ သူငယ်ချင်းပဲ ကောင်းပါတယ်ဟု ငြင်းပယ်ခဲ့သည်။ ငြင်းပယ်နေဆဲလည်း ဖြစ်သည်။

အောင်ခန့်က ရှေ့ခန်း၌ ဝင်ထိုင်လိုက်သည်နှင့် သူ့ဖခင်လက်ထက်ကတည်းက ဒရိုင်ဘာအလုပ်ကို စွဲစွဲမြဲမြဲလုပ်ကိုင်ခဲ့သော ဦးလေးမောင်က ကားကို ငြိမ့်ခနဲ မောင်းထွက်ခဲ့လေသည်။

"Junction Cineplex ကိုပဲ တန်းမောင်းရမလား မောင်ခန့်"

"မဟုတ်ဘူး ဦးလေးမောင်၊ ဝင်ဒါမီယာဘက်ကို လှည့်လိုက်ပါဦး"

"ဒေါက်တာတို့အိမ်လား"

"ဟုတ်ပ့ါဗျာ၊ သူ့အိမ်ကလွဲပြီး ဘယ်သူ့အိမ်ရှိဦးမှာလဲ"

"ခန့်နော်. . . အငေါ်တူးမနေနဲ့၊ နင့်အစ်မကို ဆေးကုပေးနေတဲ့ ဆရာဝန်တစ်ယောက် ဆိုတာတော့ ခေါင်းထဲထည့်ထားဦး"



BURMESE CLASSIC
www.burmeseclassic.com

"ထည့်ထားပါတယ်ဗျာ၊ ကျေးဇူးရှင်အဖြစ် အငေါ်မတူး ရဲပါဘူး'

"ခန့် . တော်ပြီ၊ နင့်ပါးစပ်ပိတ်ထားတော့"

အောင်ခန့်က ခေါင်းညိတ်ပြလိုက်သည်။ မေသန့်က မျက်စောင်းထိုးလိုက်သည်။

မောင်နှစ်မနှစ်ယောက်သည် ကုဋ္ဌေနန်းထိုက်နှင့် ပတ်သက်လာလျှင် အမြဲတမ်းလိုလိုပင် စကားပြော အဆီအငေါ် မတည့်တော့ဘဲ ပြီးဆုံးသွားတတ်သည်။

အောင်ခန့်က အစ်မကို မသိမသာ ငဲ့စောင်းကာ ခိုးကြည့်ရင်း သက်ပင်းချလိုက်သည်။

သူ အိမ်ထောင်ပြုဖို့အရေးကို စိတ်မဝင်စားသေးပါချေ။ အဘိုးလက်ထက် အဖေလက်ထက်က လုပ်ကိုင်ခဲ့သောလုပ်ငန်းများ အရှိန်အဟုန်မပျက်ဘဲ တိုးတက်ထွန်းကားလာစေရေးကိုသာ အာရုံမြှုပ်နှံထားသည်။ ထိုမျှမကသေး အစ်မဖြစ်သူ၏ နောင်ရေးအတွက်လည်း သူထည့်စဉ်းစားထားရသေးသည်။

အစ်မ၏ ကျန်းမာရေးအတွက် သူ အိမ်ထောင်ကျသွားလျှင် အိမ်ထောင်တာဝန်ပိကာ ဥပေက္ခာပြုမိသလို ဖြစ်သွားမှာကို စိုးရိမ်မိသေးသည်။

နောက်တစ်ကြောင်းက သူ အိမ်ထောင်ရေးကို လုံးဝ စိတ်ဝင်စား၍ မရသေးတာလည်း ပါသည်။

ယခုအချိန်အထိ သူ၏နှလုံးသားကို ကိုင်လှုပ်နိုင်စွမ်းရှိသော မိန်းမတစ်ဦးတစ်ယောက်မှ မပေါ်ပေါက်သေးပါချေ။





အိမ်ထောင်ရေးကို အချစ်ဖြင့်သာ တည်ဆောက်ချင်သည်။

ကုဋ္ဌေနန်းထိုက်တို့ အိမ်သို့ရောက်သောအခါ ခြံဝင်းတံခါးအသင့်ဖွင့်ထားသည်ကို တွေ့ရသည်။ ကုဋ္ဌေနန်းထိုက်က အသင့်စောင့်စားလျက်ရှိသည်။

သူမက ထုံးစံအတိုင်း သူမ၏ ဆံထုံးအက်အက်ကြီးကို နောက်တွဲဆံထုံး ထုံးထားပြီး နှင်းဆီပန်းတစ်ပွင့် ပန်ထားသည်။ ဆေးရေးပါတိတ် ဝမ်းဆက်လက်ရှည်နှင့် ပိုက်ဆံအိတ်ကို ချိုင်းကြားညှပ်ကာ ခပ်တောင့်တောင့်လေး ရပ်နေသည်။

ထိုမျှရိုးစင်းသော ပုံစံမျိုးနှင့် မိန်းမတစ်ယောက်သည် သူ၏နှလုံးသားကို ဘယ်လိုလုပ် ကိုင်လှုပ်နိုင်ပါ့မလဲ။

အောင်ခန့်သည် ကုဋ္ဌေနန်းထိုက်ရှေ့သို့ ကားရပ်လိုက်စဉ် သူမထံ ရောက်ရှိနေသောအကြည့်ကို ရုပ်သိမ်းလိုက်လေသည်။



www.burmeseclassic.com



# အခန်း (၂)

မေသန့်က တမင် နောက်ချန်ကာ လမ်းဖွင့်ပေးသည်။ သို့သော် သူမဖွင့်ပေးထားသောလမ်းကို ကုဋ္ဌေနန်းထိုက်က မလျှောက်ပါချေ။

အောင်ခန့်က အရင်သွားပြီး ထိုင်ချလိုက်သော ခုံ၏ကပ်လျက်ခုံကို မထိုင်ဘဲ မေသန့်အတွက်ချန်ထားပြီးမှ ကျန်ခုံတွင် ထိုင်လိုက်သည်။

"အလယ်မှာထိုင်လေ ကုဋ္ဌေ"





"ရပါတယ်၊ မမ ထိုင်ပါ"

မေသန့် ထပ်မံ မတိုက်တွန်းသာတော့။ သိပ်သိသာသွားမည်။ နေရာမှာထိုင်ပြီးမှ အောင်ခန့်ပေါင်ကို မသိမသာ ဆွဲဆိတ်လိုက်သည်။

"ဘာလဲဗျာ"

ဟူသော အမေးမျက်လုံးဖြင့် အောင်ခန့်က အစ်မကို ကြည့်လိုက်သည်။ မေသန့်က သူ့လက်ထဲရှိသော နေကြာစေ့ထုပ်၊ ဆီးထုပ်နှင့် ငါးမုန့်ကြော်ထုပ်များကို မျက်စပစ်ပြသည်။ အောင်ခန့်က အစ်မဖြစ်သူ ဘာကိုဆိုလိုသည်ကို သိပါသည်။ သို့သော် မသိကျိုးကျွန်ပြုကာ. . .

"ဪ. . ရော့ မမ"

ဟုဆိုကာ မေသန့်၏ပေါင်ပေါ်သို့ သရေစာထည့်ထားသော ကျွတ်ကျွတ်အိတ်ကို တင်ပေးလိုက်သည်။ ပြီးသည်နှင့် အစ်မဖြစ်သူ၏ မျက်စောင်းဒဏ်မလာခင် သူ၏အကြည့်ကို ပိတ်ကားဖြူပေါ်သို့ လွှဲပြောင်းလိုက်သည်။ မင်္ဂလာရုပ်ရှင်ရုံ၏ မွင်ဆင်ထားမှုကို အကဲခတ်လိုက်သည်။

"မမ ဆေးမှန်မှန်သောက်ရဲ့လား"

"သောက်ပါတယ် ကုဋ္ဌေ"

"ညညကော အိပ်ပျော်ရဲ့လား"

"စောစောတော့ ဘယ်အိပ်ပျော်ပါ့မလဲ"

"ဘာဖြစ်လို့လဲ"

"ကုဋ္ဌေ့ သူငယ်ချင်းကို စောင့်နေရတာလေ၊ သူ့မှာက



www.burmeseclassic.com

နေ့တိုင်း ညစာစားပွဲတွေ ရှိနေတယ်လေ၊ သူတို့အလုပ်က စားတဲ့ သောက်တဲ့အလုပ်လား မသိပါဘူး"

အစ်မဖြစ်သူ၏ အငေါ်အတူးကို အောင်ခန့်က မသိကျိုးကျွန်ပြုလိုက်သည်။

ကုဋေနန်းထိုက်ကလည်း သူ့အား စကားတစ်ခွန်းမှ မဟပါချေ။

ထိုစဉ် အလင်းရောင်သည် မှိန်ဖျော့သွားပြီး ပိတ်ကားပေါ်၌ ကြော်ငြာများ၊ သတိပေးချက်များ တစ်ခုပြီးတစ်ခု ဆက်တိုက်ပေါ်လာသည်။ နောက် နိုင်ငံတော်အလံနှင့် သီချင်း ပေါ်လာသဖြင့် သူတို့ မတ်တတ်ရပ်လိုက်သည်။ နိုင်ငံတော်အလံ ကွယ်ပျောက်သွားမှ သူတို့ထိုင်လိုက်ကြသည်။

နမူနာကားနှင့် သတင်းစဉ်ကို ပြသပြီးမှ ရုပ်ရှင်ကားက ပြသည်။ သိပ်မကြာလှချေ။ သူ့အတွက် ငြီးငွေ့ဖွယ်ရာဖြစ်လာသည်။ မမ အင်မတန် ကြိုက်နှစ်သက်သော မင်းသားကိုလည်း သူကြိုက်၍မရ။ မင်းသမီး၏ ရောင်စုံမျက်နှာသည်လည်း သူ့စိတ်ကို မဆွဲဆောင်နိုင်ချေ။

သူ သမ်းဝေကာ အစ်မဖြစ်သူ၏ ပခုံးကိုတို့ပြီး . .

"မမ"

"ဘာလဲ"

"ကျွန်တော် အပြင်ထွက်ချင်တယ်၊ ပြန်ချင်လဲ ပြန်သွားမယ်"

"နင်ကတော့လုပ်ပြီ သွားသွား"





အစ်မက မာန်မဲကာ ခွင့်ပြုလိုက်သည်။ သူတို့နှစ်ယောက်ကို အောင်ခန့်ဖြတ်ကျော်စဉ် အမှတ်မထင်သော စကားတစ်ခွန်းသည် သူ၏နားတွင်းသို့ ဝင်ရောက်လာသည်။

"ဒါကြောင့် မမကို ကျွန်မပြောတာ၊ ကလေးခေါ်မလာပါနဲ့လို့"

သူ ချေပရန် အခွင့်မသာလိုက်။ လူကြားထဲက ကုန်းကုန်းကွကွ သူထွက်ခဲ့လေသည်။

ရုံးအပြင်ရောက်သောအခါ ဦးလေးမောင် ကားရပ်ထားရာ နေရာသို့ ရုတ်တရက်မသွားသေးဘဲ ကြော်ငြာများကိုသာ ဟိုကြည့်သည်ကြည့် ဟိုငေးသည်ငေးလုပ်နေစဉ် လူရွယ်တစ်ဦးနှင့် တိုက်မိမလိုဖြစ်သွားသည်။

ထိုလူငယ်ကို သူ ပြုံးပြလိုက်သည်။ ထိုလူငယ်က သူ့အား အူကြောင်ကြောင်ကြည့်လိုက်ပြီး . .

"ဆောရီးဗျာ၊ ကျွန်တော် ပိုစတာထဲ အာရုံရောက်သွားလို့"

အောင်ခန့် စိတ်ဝင်စားသွားသည်။ ပိုစတာသည် ယခုလက်ရှိ ပြနေသောကားနှင့် နောက်လာမည့် ရက်သတ္တပတ်များတွင် ပြမည့်ကားများမှ ဇာတ်ဝင်ခန်းများဖြစ်သည်။

ဘာများစိတ်ဝင်စားစရာ ရှိပါသနည်း။ သူ့အနေဖြင့် စိတ်မဝင်စားသောအရာကို စိတ်ဝင်စားသည်ဆိုသော လူရွယ်ကို သူစိတ်ဝင်စားသွားသည်။

လူရွယ်သည် အသက်နှစ်ဆယ့်နှစ်နှစ်မျှသာ ရှိဦးမည်။



www.burmeseclassic.com

မှုက်မှန်တပ်ထားပြီး ရှပ်အင်္ကျီလက်တိုနှင့် ချည်ချောပုဆိုးကို ဝတ်ဆင်ထားကာ လွယ်အိတ်တစ်လုံး လွယ်ထားသည်။

“ပိုစတာထဲ အာရုံရောက်သွားလို့ ဟုတ်လား၊ ခင်ဗျား ရုပ်ရှင်ကြည့်ရအောင် လာတာလား”

ဖျင်းနေသောသူ့အတွက် အဖော်တစ်ယောက် ရရှိလာခြင်း အခွင့်အရေးကို သူ လက်လွှတ်မခံနိုင်သဖြင့် မေးလိုက်သည်။

“ရုပ်ရှင်ကြည့်ရအောင် လာတာမဟုတ်ပါဘူး၊ ပရိသတ်တွေကို ကြည့်ရအောင် လာတာပါ”

“ဟင်”

ပို၍ စိတ်ဝင်စားဖွယ် ကောင်းနေပြီဖြစ်ရာ. .

“ပရိသတ်ကို ဘာအတွက်ကြည့်ရမှာလဲ”

“သြော်. . ပရိသတ်တွေရဲ့ ရုံပြည့်လျှံမှု ရှိမရှိ ကျေနပ်မှုရှိမရှိဟာ ကျွန်တော်တို့လို အနုပညာ ဖန်တီးသူတွေအတွက် အလိုအပ်ဆုံးကိစ္စပဲ မဟုတ်လား၊ ဒါကြောင့် ကျွန်တော် ပရိသတ်ကိုလာကြည့်တာ၊ ရုပ်ရှင်ကတော့ အထပ်ထပ်အခါခါ ကြည့်ထားပြီးလို့ ကိုယ့်အပြစ်တွေကိုလဲ ကိုယ်တွေ့နေပြီးသားပါ”

အောင်ခန့် အလွန်အမင်း စိတ်ဝင်စားသွားသည်။ သူ့အတွက် စကားထူးစကားဆန်းများကို ပြောတတ်သူ လူရွယ်ကို တအံ့တသြဖြင့် ထူးဆန်းသော သတ္တဝါတစ်ကောင်သဖွယ် ကြည့်ကာ. . .

“ခင်ဗျားက အနုပညာကို ဖန်တီးသူဆိုတော့. .”





“ဟုတ်တယ်၊ ကျွန်တော်က ဒီကားကိုရိုက်တဲ့ ဒါရိုက်တာပဲ”

“သြော်. . .”

ဒါရိုက်တာဆိုတာ အနုပညာကို ဖန်တီးသူပဲ။ သူ့မမကဲ့သို့သော အမျိုးသမီးများအပါအဝင် လူသားထုကို ဤရုံအတွင်း ရောက်ရှိအောင် ပို့ဆောင်နိုင်စွမ်းရှိသော အနုပညာရှင်များအထဲတွင် အနုပညာကို ဖန်တီးပါသည်ဆိုသော ဒါရိုက်တာဆိုသူကို စိတ်ဝင်စားသွားပြီး နံရံ၌ရှိနေသော ပိုစတာကို လှမ်းကြည့်လိုက်သည်။

ဒါရိုက်တာ မိုးဟိန်းကျော်ဆိုတာ ဤလူရွယ်ပါလား။ သူဆင်ထားသည်က ဒါရိုက်တာဆိုသူများသည် အသက်ကြီးကြီးများဟု။

ယခုလို လူရွယ်ကို ဒါရိုက်တာအဖြစ် တွေ့လိုက်ရသောအခါ အံ့သြမှုနှင့်အတူ စီးပွားရှင် လုပ်ငန်းရှင်တစ်ဦး ပီသစွာဖြင့် လက်ကမ်းကာ. .

“ဟာ. . ဝမ်းသာပါတယ် ဦးမိုးဟိန်းကျော်၊ လေးစားပါတယ်၊ ကျွန်တော်က ရောင်ခြည်ဦးက အောင်ခန့်ပါ”

သည်တစ်ချီ မျက်လုံးပြူးကာ အံ့သြသွားရသည်က ဦးဟိန်းကျော်ဖြစ်သည်။ သူ သွားရင်းလာရင်း မြင်နေခဲ့ရသော ဦလ်ချုပ်အောင်ဆန်းလမ်းမပေါ်ရှိ ရောင်ခြည်ဦး ရုံးကြီး၏ ချယ်သာမင်းတစ်ဦးဖြစ်သော ဦးအောင်ခန့်ဆိုသူသည်လည်း လူငယ်တစ်ယောက်ပါလား။



www.burmeseclassic.com

"ဝမ်းသာပါတယ် ဦးအောင်ခန့်၊ ရောင်ခြည်ဦးရဲ့ အောင်မြင်မှုကို ကျွန်တော် တွေ့မြင်ကြားသိနေပါတယ်"

တစ်ယောက်ကိုတစ်ယောက် လက်ချင်းဆက်ကာ အားပါးတရ နှုတ်ဆက်လိုက်ကြသည်။

"ဦးမိုးဟိန်းကျော် အချိန်ပေးနိုင်မလား မသိဘူး"

"ပေးနိုင်ပါတယ်၊ ဘာလဲ. . ကျွန်တော့်ကားကို ဝေဖန်မလို့လား"

"ဟုတ်ကဲ့၊ အရှင်းဆုံးဝေဖန်ရရင် ကျွန်တော့်ကို လုံးဝမဆွဲဆောင်နိုင်ဘူး၊ ဒါကြောင့် ကျွန်တော် ရုံထဲက ထွက်ခဲ့တာသာ ကြည့်တော့"

"ယုံပါတယ်၊ ကျွန်တော်ကိုယ်တိုင် လုံးဝမကြိုက်ဘူး၊ ပရိုဂျူဆာရဲ့စိတ်ကြိုက် ရိုက်ရတဲ့ကား ဆိုပါတော့ဗျာ"

"ခင်ဗျားမကြိုက်ရင် မရိုက်နဲ့ပေါ့ဗျာ"

"လွမ်းရေးထက် ဝမ်းရေးက ခက်တယ်လေဗျာ၊ ဒါပေမယ့် ဒီကားအတွက် ကျွန်တော် တတ်နိုင်သမျှ ကြိုးပမ်းပြီး ကိုယ်လိုရာကို ကိုယ်ဆွဲရိုက်ခဲ့ပါတယ်၊ အဲ. . ကျွန်တော့်မှာရှိနေတဲ့ ဇာတ်လမ်းမျိုးကျတော့လဲ ဘယ်ပရိုဂျူဆာမှ စိတ်မဝင်စားကြဘူးလေဗျာ"

"ဘယ်လိုဇာတ်လမ်းမျိုးလဲ၊ ကိုင်း. . လာဗျာ၊ ကျွန်တော်တို့ မိတ်ဖြစ်ဆွေဖြစ် တစ်နေရာမှာ ညစာစားရင်း ဆွေးနွေးကြရအောင်"

အောင်ခန့်အတွက် စိတ်ဝင်စားစရာ လူသားတစ်ဦး





ဖြစ်နေသော မိုးဟိန်းကျော်ကို သည်နေ့ည အပန်းဖြေမှုအတွက် လက်လွှတ်ခံရန် မဖြစ်နိုင်သကဲ့သို့. .

မိုးဟိန်းကျော်အတွက်လည်း အောင်ခန့်ကဲ့သို့ ငွေရှင်ကြေးရှင် လုပ်ငန်းရှင်တစ်ယောက်ကို လက်လွှတ်မခံချင်။ ဖြစ်နိုင်လျှင် မိမိအတွက် ခွင်ကောင်း ဖြစ်သွားနိုင်သည်။

"ကျွန်တော်ကတော့ ငွေသမား မဟုတ်ဘူးနော်၊ အားပေးပြုနိုင်တယ်"

"ကျွန်တော် ဒါနပြုမှာပါဗျာ၊ လာပါ"

အောင်ခန့်က တရင်းတနှီးပင် မိုးဟိန်းကျော်အား ဆွဲခေါ်ကာ ဦးလေးမောင် ကားရပ်ထားရာဆီသို့ ဦးတည်လိုက်သည်။

ကားနောက်ခန်း၌ နှစ်ဦးသား ယှဉ်တွဲထိုင်လိုက်ကြပြီး

"ဦးလေးမောင် ဆီးဖု (Sea Food) ကို ပို့ပေးဗျာ၊ အဲ့ဒီမှာ ကျွန်တော်တို့ နေခဲ့မယ်၊ မမတို့ကို ပြန်ပို့ပြီးမှ ကျွန်တော့်ကို တစ်ခေါက်ပြန်လာကြိုပေး"

"ကောင်းပါပြီ ခန့်"

ဦးလေးမောင်က ကားကို အပေါ်ဆုံးထပ်အထိ ဆက်လက်မောင်းခဲ့လေသည်။ ကားပေါ်က ဆင်းခါနီးတွင်. .

"ဦးလေးမောင်. . မမကို ထမင်းစား မစောင့်ဖို့နဲ့ ဆေးသောက်ပြီး စောစောအိပ်ရာဝင်ထားနှင့်ဖို့ ပြောလိုက်ပါ၊ ကျွန်တော့်ကို ဒေါ်လေးထွေး ဖွင့်ပေးပါလိမ့်မယ်"

"အေးပါကွာ၊ ဦးလေးတို့ကတော့ ပြောတာပါပဲ၊ ဒါပေ



www.burmeseclassic.com

မယ့် မသန့်က သိတဲ့အတိုင်းပဲ၊ သူ့စိတ်ကိုက ခန့်အပေါ်ပဲ အချိန်ပြည့် ရောက်နေတာဆိုတော့"

"ဟုတ်ကဲ့. . . ကျွန်တော်သိပါတယ်၊ ကျွန်တော် အမြန်ပြန်ခဲ့မှာပါ"

အောင်ခန့်က စကားဆုံးဆုံးချင်း ကားပေါ်မှ ဆင်းလိုက်သည်။ ပြီးတော့ မိုးဟိန်းကျော်ဘက်သို့ လှည့်ကာ. . .

"ကျွန်တော့်မှာ မိဘနှစ်ပါးစလုံး မရှိတော့ဘူးလေ၊ မမနဲ့ ကျွန်တော်ပဲ ကျန်ရစ်ခဲ့ကြတာဆိုတော့ မမက ကျွန်တော်ကို ကလေးလေးတစ်ယောက်လိုပဲ အရိပ်တကြည့်ကြည့်နဲ့ ရှိနေတုန်းပဲဗျာ"

"ဒီလိုပဲပေါ့ဗျာ"

နှစ်ဦးသား ဆီးဖုခန်းမတွင်း နေရာယူလိုက်ကြသည်။

နှစ်ယောက်သား ဆွေးနွေးဖြစ်သည့် အကြောင်းအရာက ယနေ့ ရုပ်ရှင်လောကနှင့် ဗွီဒီယိုဇာတ်ကားများ အကြောင်း၊

"ကျွန်တော့်အနေနဲ့ ခု ရိုက်တင်ထားတဲ့ ကားမျိုးကို လုံးဝ ရိုက်ချင်တာမဟုတ်ဘူး၊ ဇာတ်လမ်းကလဲမရှိ၊ အနှစ်သာရဆိုတာ ဝေလာဝေး၊ သာမန် ချစ်ကွဲညား ဇာတ်လမ်းမျိုးပဲ၊ အဲ. . ယနေ့ စူပါစတားမင်းသား မင်းသမီးနဲ့ ပြစားရတဲ့ ဇာတ်ကားမျိုးကို ကျွန်တော် ဘယ်ဖန်တီးချင်ပါ့မလဲ"

"ခင်ဗျား ဘာသောက်မလဲ"

"ဆန်းကစ်"

"မဟုတ်ဘူးလေ၊ ဘီယာထဲက"





"ကျွန်တော် မသောက်တတ်ပါဘူး"

အောင်ခန့်အတွက် အံ့သားသင့်စရာ ပိုမိုတိုးပွားလာသည်။ သူလို လူသားရှိနေပါသေးသလား။

"စီးကရက်ကော"

"မသောက်တတ်ပါဘူး၊ အရက်၊ ဆေးလိပ်၊ ကွမ်းယာ ဘာမှ ကျွန်တော် မလုပ်တတ်ပါဘူး"

"တူလိုက်လေဗျာ၊ ကျွန်တော်လဲ ဒီအတိုင်းပဲ"

အောင်ခန့်သည် ဆန်းကစ်နှစ်ဘူးကို အရင်မှာလိုက်ပြီး မိနူးကတ်ယူကာ ဖွယ်ဖွယ်ရာရာ မှာလိုက်သည်။

"ကျွန်တော် ထင်ထားတာက ခင်ဗျားတို့လောကက လူတွေ သောက်တတ်လိမ့်မယ်လို့. . ."

"အဟားဟား. . . တူလိုက်လေ၊ ကျွန်တော်ကလဲ ခင်ဗျားတို့လို ငွေရှင် ကြေးရှင်တွေအတွက် အရက်ဆိုတာ ဇိမ်ခံပစ္စည်းတစ်ခုလို သုံးဆောင်တတ်လိမ့်မယ်လို့၊ အခုတော့. ."

"အေးဗျာ. . ကျွန်တော်က တကယ် မသောက်တတ်တာ၊ သောက်လို့ကို မနှစ်သက်လို့ မသောက်တာ"

"ကျွန်တော်လဲ ဒီလိုပါပဲ"

"ဒါဖြင့် ကျွန်တော် တစ်ခုမေးမယ်နော်"

"မေးပါဗျာ"

အောင်ခန့်အတွက် အခုအချိန်၌ မိုးဟိန်းကျော်သည် အကောင်းဆုံးသော အဖော်မွန်ဖြစ်နေသည်။ သူ့အတွက် အပန်းဖြေနေချိန်၌ စိတ်ဝင်စားစရာကောင်းသော အကြောင်း



www.burmeseclassic.com

အရာများကို ပြောဆိုနေခြင်းသည် အကောင်းဆုံးသော အပန်းဖြေခြင်းတစ်ရပ် ဖြစ်လိမ့်မည်ဟု သူယူဆသည်။

"ခင်ဗျားတို့ အနုပညာသမားတွေအတွက်က ချာန်ဆိုတာလိုအပ်တယ်၊ အဲ. . အနုပညာချာန်ဆိုလား၊ ဘာဆိုလား၊ အဲဒီအတွက်. . အဲ. . ကျွန်တော် တွေ့ကြုံဖူးတဲ့ စာရေးဆရာတစ်ယောက်ဆိုရင် အရက်သောက်ပြီး ချာန်သွင်းတယ်၊ အဲ. . အရက်လေးသောက်လိုက်၊ စာရေးလိုက်နဲ့ဆိုရင် သိပ်လက်တွေ့တာပဲတဲ့လေဗျာ၊ ခင်ဗျားကော ဇာတ်ညွှန်းတွေဘာတွေ ရေးတဲ့အခါ. ."

"ကျွန်တော်က ရေနွေးကြမ်းသောက်ပြီး ရေးတယ်"

"ဟုတ်လိုက်လေဗျာ"

အောင်ခန့် သဘောကျသွားသည်။ မိုးဟိန်းကျော်သည် သူနှင့် စရိုက်အတော်တူညီသော လူတစ်ယောက်ဟု သူ ကောက်ချက်ချမိသည်နှင့်အညီ. . .

"စောစော ခင်ဗျားစကား ဆက်ပါဦး၊ ကဲ. . ခင်ဗျား အနေနဲ့ မင်းသမီးကို ပြစားရတဲ့ ဇာတ်ကားမျိုး မရိုက်ချင်ဘူးဆိုရင် ခင်ဗျားက ဘယ်လိုကားမျိုး ရိုက်ချင်သလဲ"

မိုးဟိန်းကျော်က အောင်ခန့်ကို စူးစမ်းသော အကြည့်ဖြင့် ကြည့်လိုက်သည်။ သည်လိုလူမျိုးသည် စီးပွားရေး နောက်သို့ ကောက်ကောက်ပါအောင်လိုက်ရင်း လူတန်းစား အလွှာအသီးသီး အထူးသဖြင့် ခံစားမှုကို ဖန်တီးတတ်သော အနုပညာနှင့် ကင်းကွာနေပုံရသည်။





"ခင်ဗျား စိတ်ဝင်စားမယ်ဆိုရင် ကျွန်တော် ရှင်းပြပါ့မယ်"

"ဟာ. . စိတ်ဝင်စားတာပေါ့ဗျာ၊ စိတ်ဝင်စားလို့ ခင်ဗျားကို ကျွန်တော် ဒီအထိ ဖိတ်ခေါ်လာတာပဲ ကြည့်လေဗျာ"

"ဟုတ်ပါတယ် ကျွန်တော် မေးခွန်းမှားသွားတယ်"

"ရပါတယ်ဗျာ"

"ဒီလိုဗျာ ကျွန်တော် ရိုက်ချင်တာက ရုပ်ရှင်လောကမှာ တစ်ကားဆိုတစ်ကား ပရိသတ်ရဲ့ရင်ထဲ နှလုံးသားထဲမှာ စွဲထင်ကျန်ရစ်စေမယ့် ခံစားမှုမျိုးရော ပညာယူစရာရသွားပြီး တသသဖြစ်စေမယ့် ဇာတ်လမ်းမျိုးကိုပဲ ရိုက်ချင်တာ"

"ရိုက်ချင်ရင် ရိုက်ပေါ့ဗျာ၊ ဘာအခက်အခဲရှိလို့လဲ၊ အဲ့ဒီလိုဇာတ်လမ်းမျိုး ရှာဖွေပြီးရိုက်လိုက်လို့ မဖြစ်ဘူးလား"

"မဖြစ်ဘူး၊ အဲဒီလိုဇာတ်လမ်းမျိုး ကျွန်တော့်မှာရှိတယ်၊ ဒါပေမယ့် အဲ့ဒီ ဇာတ်လမ်းမျိုးဆိုရင် အမြတ်က မသေချာဘူး၊ အဲ. . . အမြတ်အရှုံးဟာ ထိထိုးသလိုမျိုး ဖြစ်နိုင်တယ်လို့ ကျွန်တော့်ပရိုဂျူဆာက ယူဆတယ်လေဗျာ"

"ဩော်. . ."

အောင်ခန့် သဘောပေါက်လိုက်မိသည်။

"ဩော်. . သူတို့လောကမှာလဲ အမြတ်အစွန်းက အရေးကြီးပါလား"

အနုပညာလုပ်ငန်းဖြင့် စီးပွားရှာနေခြင်းဟု နားလည်လိုက်သည်။



www.burmeseclassic.com

"တခြား ပရိဂ္ဂျူဆာ ရှာရင်ကောဗျာ"

"အင်း အနုပညာကို အပြည့်အဝ ဖန်တီးပုံဖော်ချင်တဲ့ ပရိဂ္ဂျူဆာမျိုးလဲ ရှိတော့ရှိတယ်၊ ရှားတယ်လို့ ဆိုရမယ်၊ အဲဒီလိုလူမျိုးနဲ့ ကျွန်တော် မတွေ့သေးဘူး"

"ခင်ဗျားရိုက်ချင်တဲ့ ကားမျိုးတော့ ခင်ဗျားမှာ ဇာတ်လမ်းရှိနေလို့လား"

"ဟာ. . ရှိတာပေါ့ဗျာ၊ ကျွန်တော်ကိုယ်တိုင် အချိန်အကုန်ခံပြီး သေသေချာချာ ရေးထားတဲ့ ဇာတ်လမ်းမျိုး ကျွန်တော့်မှာ ရှိနေတယ်"

"ဘယ်လိုဇာတ်လမ်းမျိုးလဲ"

"အဟင်း. . ဘယ်လိုဇာတ်လမ်းမျိုးလဲ ဆိုရင်တော့ဗျာ၊ အလွယ်ကူဆုံးသော ဥပမာတစ်ခုပေးရရင် ခင်ဗျားလိုလူမျိုး ရုပ်ရှင်ရုံထဲကနေ ပြန်မထွက်ချင်တဲ့ ဇာတ်လမ်းမျိုး ဆိုပါတော့"

အောင်ခန့် သဘောကျစွာဖြင့် ရယ်မောလိုက်ပြီး. . .

"ကျွန်တော့်ကို တော်ရုံတန်ရုံ ရုပ်ဝတ္ထုတွေဟာ ဆွဲဆောင်နိုင်မှာ မဟုတ်ပါဘူးဗျာ"

"ဖြစ်နိုင်ပါတယ်၊ ခင်ဗျားတို့လို စီးပွားရေး လုပ်ငန်းရှင်တွေကို ဆွဲအဆောင်နိုင်ဆုံးသောအရာဟာ တစ်ခုပဲ ရှိပါတယ်"

အောင်ခန့်က ပြုံး၍ နားထောင်နေရာမှ. . .

"ဆိုစမ်းပါဦး ဘာများလဲ"

ဟု ထောက်ပေးလိုက်သည်။

"အမြတ်အစွန်း များများရဖို့ပဲ"





"အဟင်း. . ဟင်း. . မှန်လိုက်လေ၊ ဒါ လုပ်ငန်းရှင်တွေရဲ့ သဘာဝပဲလေဗျာ၊ မဟုတ်ဘူးလား"

"ဟုတ်ပါတယ်၊ ရုပ်ရှင်ပရိဂ္ဂျူဆာတွေဟာလဲ များသောအားဖြင့် စီးပွားရေးလုပ်ငန်းရှင်တွေပဲ ဖြစ်နေတော့ အမြတ်အစွန်းကိုပဲ ကြည့်တယ်၊ ဒီတော့ ကျွန်တော်တို့လို အနုပညာရပ်ကို ဖန်တီးချင်သူတွေနဲ့ဟာ ပြဒါးတစ်လမ်း သံတစ်လမ်း ဖြစ်နေတော့တာပဲ"

"အနုပညာစစ်နဲ့ ရသမြောက်တဲ့ ရုပ်ရှင်ကား တစ်ကားဟာ အမြတ်အစွန်းမရနိုင်ဘူးလို့ ခင်ဗျား ဆိုလိုတာလား"

"မဆိုလိုပါဘူး"

အောင်ခန့်က မိမိထက်ငယ်ရွယ်သော မိမိကဲ့သို့ပင် ဆေးလိပ်၊ ကွမ်းယာ၊ အရက်ဟူသောအရာများကို မသုံးဆောင်တတ်သော၊ ရည်ရွယ်ချက်ကို အကောင်အထည် ဖော်ရန်အတွက် ဇွဲနပဲကြီးမားပုံရသော၊ အနုပညာကိုပြည်သူအတွက် စေတနာကောင်းဖြင့် ခံစားမှုကို မျှဝေပေးချင်သော ဤ မိုးဟိန်းကျော်ဆိုသူ၏ လုပ်ဆောင်ချက်ကို စိတ်ဝင်စားမိသည်နှင့်အမျှ သူ အနီးကပ်လေ့လာချင်လာသည်။

"ဘာဖြစ်လို့လဲဗျ"

"ယခုခေတ် ပရိသတ်ကို လျှော့တွက်လို့မရဘူး၊ ဆင်ခြေဖုံးပရိသတ်နဲ့ မြို့လယ်ကောင်ပရိသတ် မတူညီသလို နယ်ပရိသတ်နဲ့ မြို့ပရိသတ်လဲ မတူညီဘူး၊ အမြင်ချင်း၊ ခံစားတတ်ပုံချင်း မတူညီကြဘူး၊ ဘာပဲဖြစ်ဖြစ် လူဆိုတာ ခံစားမှုနဲ့ အသက်

ရှင်နေကြတာပဲမဟုတ်လား ဦးအောင်ခန့်”

“ဟုတ်တာပေါ့ဗျာ”

“ဒီတော့ လူသားတိုင်းရဲ့ နှလုံးသည်းပွတ်ကြားမှာ ကိန်းဝပ်နေတတ်တဲ့ ခံစားမှုလေးတွေကို နိုးထလာအောင်၊ အုံကြွလာအောင် နှိုးဆွပေးနိုင်သူဟာ အောင်မြင်တဲ့ အနုပညာရှင်ပဲ၊ သူပေးလိုက်တဲ့ ဖန်တီးမှု၊ လှုံ့ဆော်မှုဟာလဲ အနုပညာပဲလို့ ကျွန်တော်ယူဆတယ်၊ ဒီတော့ကာ လူသားတိုင်း ခံစားမှု နိုးထလာစေမယ့် ရုပ်ရှင်ကားမျိုးမှ မအောင်မြင်ရင် ဘယ်လိုကားမျိုး အောင်မြင်မှာလဲ၊ ကျွန်တော် မုချကေန် ပြောရဲပါတယ် ဦးအောင်ခန့်”

အောင်ခန့်သည် စိတ်ပါလက်ပါ ပြောဆိုနေသော မိုးဟိန်းကျော်၏ မျက်နှာကို အမှတ်မထင် စူးစိုက်ကြည့်မိသည်။

ဘီယာ၊ အရက် မသောက်သုံးပါဘဲလျက် မျက်နှာပြင်တစ်ခုလုံး အနီရောင်ပြောင်းနေသည်။ သူ၏စကားတို့သည် သူ့နှလုံးသားက ယိုစီးကျလာသော ပေါက်ကွဲမှု သံစဉ်များပါလားဟု. . .

“ကျွန်တော့်မှာ အနှစ်နှစ်အလလ ရေးသားခဲ့တဲ့ ဇာတ်လမ်းကောင်းတစ်ခု ရှိနေတယ်၊ အဲဒီဇာတ်လမ်းကိုသာ ဖန်တီးခွင့်ရမယ်ဆိုရင် ဂန္ထဝင်ဇာတ်ကားတစ်ကားအဖြစ် ပရိသတ်တွေရင်မှာ စွဲငြိကျန်ရစ်မှာ၊ ထင်ကျန်ရစ်မှာ ကျိန်းသေပါတယ်ဗျာ”

အောင်ခန့်အတွက် သူ၏ ကုမ္ပဏီလုပ်ငန်းများအပေါ် ငြီးငွေ့စပြုနေပြီဖြစ်ရာ ယခု သူ့အနေဖြင့် လုပ်ငန်းအပြောင်း





အလဲ သဘောမျိုးဖြင့် ရုပ်ရှင်ရိုက်ကြည့်ရန် စိတ်ကူးမိသည်၊ ထိုစိတ်ကူးသည် သူတို့ကဲ့သို့သော စီးပွားရေး လုပ်ငန်းရှင်များနှင့် ဆန့်ကျင်ဘက်ဖြစ်ပုံရသော အနုပညာရှင်ဆိုသူ မိုးဟိန်းကျော်နှင့် တွေ့ဆုံစကားပြောနေမိသည့် ယခုတစ်ထိုင်တည်း ပေါ်ပေါက်လာခဲ့သော အတွေးဖြစ်ရာ. . .

“ဒီလိုဆိုရင် ခင်ဗျား ဇာတ်လမ်းကျွန်တော် ဖတ်ကြည့်ချင်တယ်၊ ဖြစ်မလား”

မိုးဟိန်းကျော် မျက်ဝန်းအိမ်သည် မျှော်လင့်ချက်ကြောင့် တဖိတ်ဖိတ် တောက်ပြောင်လာသည်။ မျက်နှာပြင်ပေါ်ရှိ အရေးအကြောင်းများသည်လည်း လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။

“ဟာ. . သိပ်ဖြစ်ပါတယ်၊ အခုတော့ ပါမလာသေးဘူး၊ ခင်ဗျားဆီကို ဘယ်လိုဘယ်လို ဆက်သွယ်ပြီး ပို့ပေးရမယ်ဆိုတာသာ ပြောပါ”

အောင်ခန့်ကမူ သူ၏ လိပ်စာကတ်ပြားကို ထုတ်ပေးလိုက်သည်။

“မနက်ဖြန် ဆယ်နာရီတိတိမှာ ကျွန်တော် ရုံးခန်းက စောင့်နေပါ့မယ်”

“ကျွန်တော် ဆက်ဆက်လာပေးပါ့မယ်”

ထိုညသို့ သူတို့နှစ်ဦး ညဉ့်နက်မှ လမ်းခွဲပစ်ကြသည်။

အောင်ခန့် အိမ်သို့ရောက်သော် ထုံးစံအတိုင်း အစ်မဖြစ်သူသည် အိပ်ရာမဝင်သေးဘဲ စောင့်ကြိုနေဆဲဖြစ်ရာ. . .



www.burmeseclassic.com

"ခက်တာပဲ မမရယ်၊ ကိုယ့်ကျန်းမာရေးအတွက် ညဥ့်နက်အောင်မနေပါနဲ့၊ ကျွန်တော့်ကို မစောင့်ပါနဲ့ ပြောထားသားနဲ့၊ မမကြောင့် ခက်သေးတာပဲ"

"အေး. . . ငါ့ကိုမစောင့်စေချင်ရင် ငါ့ကိုယ်စား နင့်ကိုစောင့်ပေးနိုင်အောင် မိန်းမ အမြန်ဆုံးယူလိုက်ရင် အကောင်းဆုံးပဲ"


"လာပြန်ပြီ ဒီဘူတာ၊ အိပ်ချင်ပြီ မမရာ"

အောင်ခန့်အတွက် နောက်ဆုံးဘူတာသည် အစ်မဖြစ်သူထံမှ မိန်းမယူရန် တိုက်တွန်းသော ဗျစ်တောက်ဗျစ်တောက်စားများမှလွဲ၍ ဘာမှထူးခြင်းမည် မဟုတ်သဖြင့် အမြန်ဆုံးနားအေးရာအေးကြောင်း ရှောင်ရှားလိုက်ရလေသည်။

မေသန့်က မောင်ဖြစ်၏ နောက်ကျောကို ကြည့်ကာသက်ပြင်း ချလိုက်လေတော့သည်။







# အခန်း (၃)

"မင်္ဂလာပါ အစ်ကိုကြီး"

အောင်ခန့် ရုံးခန်းအတွင်းသို့ ဝင်ရောက်ခါနီးတွင် သူ၏အတွင်းရေးမှူးမလေး ခင်သန္တာမိုး နှုတ်ဆက်လိုက်သည်။

အောင်ခန့်က ခေါင်းကို ဆတ်ခနဲညိတ်ကာ အသိအမှတ် ပြုလိုက်သည်။ ထိုနောက် သူ၏ရုံးခန်းအတွင်းသို့ ဝင်ရောက်လိုက်သည်။

သူ၏ စားပွဲပေါ်တွင် သူ သည်နေ့ လုပ်ဆောင်ရမည့်



www.burmeseclassic.com

အချိန်နာရီနှင့် လုပ်ငန်းအတွက် ဇယားသည် စားပွဲပေါ်၌ အသင့်ရှိနေသည်။

အလှပန်းအိုးမှ သန့်ရှင်းလတ်ဆတ်သော နှင်းဆီရနံ့က သူ့အား နှုတ်ဆက်ကလူ ပြုလေသည်။ ခင်သန္တာမိုးသည် သိပ္ပံဘွဲ့ရပြီး ကွန်ပျူတာပါ ကျွမ်းကျင်သူဖြစ်ရာ သူ၏ ကုမ္ပဏီသို့ ရောက်ပြီး နှစ်လအတွင်း ကွန်ပျူတာစာစီဘဝမှ သူ၏ အတွင်းရေးမှူးဘဝကို လျင်မြန်စွာ ရောက်ရှိလာသူဖြစ်သည်။

ခင်သန္တာမိုးသည် ပါးနပ်လိမ္မာရုံမက သွက်လက်ချက်ချာပြီး သတ္တိရှိသော မိန်းကလေးတစ်ယောက်ဖြစ်သည်။ အတွင်းရေးမှူး ဖြစ်ထိုက်သော အရည်အချင်းရှိသည်ကို အောင်ခန့် သုံးလေးရက်မျှဖြင့် သိမြင်နိုင်သော် ကုမ္ပဏီ ချယ်ယာမင် အားလုံး၊ အမှုထမ်းအားလုံးကိုယ်တိုင် သိမြင်ကာ လိုလိုလားလား ဖြစ်စေရေးအတွက် အချိန်ယူကာ နှစ်လမျှ စောင့်ဆိုင်းပြီးမှ အတွင်းရေးမှူးအဖြစ် ခန့်အပ်တာဝန်ပေးခဲ့ခြင်း ဖြစ်သည်။

ပြင်ပအခန်းနှင့် ဆက်သွယ်ထားသော တယ်လီဖုန်းမှ

"အစ်ကိုကြီး ဧည့်သည် ဦးမိုးဟိန်းကျော် ရောက်နေပါတယ်'

အောင်ခန့်က နာရီကိုကြည့်လိုက်သည်။ ဆယ်နာရီ တိတိဖြစ်ရာ စိတ်ထဲ၌ ကျေနပ်သွားသည်။

"လွှတ်လိုက်ပါ"

"ဟုတ်ကဲ့ အစ်ကိုကြီး"

မိုးဟိန်းကျော် ဝင်လာသည်ကို အောင်ခန့်က ဆီးကြို





တာ ဆိုဖာဆက်တီ၌ ထိုင်စေသည်။

"ခင်ဗျားက အချိန်တိကျသားပဲ ထိုင်ဗျာ"

"အချိန်ရဲ့တန်ဖိုးကို သိတဲ့လူတိုင်းဟာ အချိန်ကို လေးစားတတ်စမြဲပဲ မဟုတ်လား ဦးအောင်ခန့်"

မိုးဟိန်းကျော်အနေဖြင့် အပြင်ပန်းမှမြင်ရာ ရောင်နီဦး ၏ခမ်းနားထည်ဝါမှုသည် အတွင်းသို့ရောက်သောအခါ ပို၍ အံ့သြစရာကောင်းလောက်အောင် ခံ့ညားသပ်ရပ်ထည်ဝါလွန်းလှသဖြင့် စိတ်တွင်း၌ ကျိတ်၍ဝမ်းသာနေသည်။

"မှန်လိုက်လေ ဦးမိုးဟိန်းကျော်ရယ်၊ လောကကြီးမှာ တိုးတက်ကြီးပွား ချမ်းသာနေကြတဲ့ လူမှန်သမျှဟာ ကံဉာဏ် ဝီရိယ သုံးပါးစလုံးနဲ့ ပြည့်စုံတဲ့လူပဲ၊ ဝီရိယဆိုတာ အချိန်ကို လေးစားလိုက်နာတတ်ပြီး ကြိုးစားအားထုတ်ခြင်းပဲ မဟုတ်လား"

"ဟုတ်ပါတယ်၊ ဒါ ဦးအောင်ခန့်ရဲ့ ကိုယ်တွေ့သင်ခန်းစာပဲမဟုတ်လား"

"ဒါပေါ့ဗျာ. . . ကျွန်တော်ဒီအခြေအနေမျိုးရောက်အောင် ကျွန်တော့်ဖခင်က အမြော်အမြင် ကြီးမားစွာနဲ့ ငယ်ငယ်ကတည်းက လေ့ကျင့်ပေးခဲ့တာ ဆိုပါတော့ဗျာ၊ ဒါထက် ခင်ဗျား ဝတ္ထုဇာတ်ညွှန်း. . ."

"ဟာ. . . ပါတာပေါ့ဗျာ၊ ဒီအတွက်လာတာပဲမဟုတ်လား"

ပြောပြောဆိုဆို မိုးဟိန်းကျော်ကသူ၏ ကချင်လွယ်အိတ်ကြီးထဲမှ လျှောက်လွှာစာရွက်ဆိုက် ကတ်ထူဖုံး စာအုပ်ကို



www.burmeseclassic.com

တရိုတသေ ထုတ်ယူကာ ကမ်းပေးလိုက်သည်။

"ကျွန်တော် ဒီညပဲ ဖတ်ကြည့်လိုက်ပါ့မယ်"

"ဒါဖြင့် . . ."

"ခင်ဗျား မနက်ဖြန် ဆယ်နာရီပဲ လာခဲ့ပါ"

"ဗျာ. . ."

မိုးဟိန်းကျော်၏ ရင်ခုန်သံနှုန်း မြန်ဆန်မှုတွင် အံ့သြမှုက ပါဝင်နေသည်။ ဦးအောင်ခန့်ဆိုသော စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်၏ သူ့လုပ်ငန်းအပေါ် စိတ်ဝင်စားမှုသည် သူ့အတွက် ရတနာသိုက်တစ်ခု တွေ့လိုက်ရသကဲ့သို့ မဝံ့မရဲဖြင့် မယုံကြည်နိုင်အောင် ဖြစ်နေလေသည်။

"ကျွန်တော် ခင်ဗျားအတွက် အဆုံးအဖြတ်ကိုလဲ မနက်ဖြန်မှာပဲ အဖြေပေးမယ်"

မိုးဟိန်းကျော်၏ အံ့သြဝမ်းသာမှုအတိုင်းအတာက ဖော်ပြ၍ မရအောင် ဖြစ်သွားရသည်။

"ကျေးဇူးပဲဗျာ၊ ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး"

"ကောင်းပါပြီ"

မိုးဟိန်းကျော်သည် ကျေနပ်အားရ ပျော်ရွှင်သွားသော မျက်နှာဖြင့် အောင်ခန့်၏ရုံးခန်းတွင်းမှ ထွက်သွားလေသည်။ အောင်ခန့်က မိုးဟိန်းကျော်၏ နောက်ကျောပြင်ကို ကြည့်နေရာမှ ချက်ချင်းပင် စားပွဲပေါ်ရှိ ဝတ္ထုဇာတ်ညွှန်းစာအုပ်ကို ကောက်ယူကြည့်လိုက်သည်။

ပန်းချီဆန်ဆန် လက်ရေးဖြင့် ရေးသားထားသော





ခေါင်းစဉ်လေးက သူ၏စိတ်နှလုံးကို ဆွဲဆောင်နိုင်စွမ်းရှိလေသည်။

"ကန္တာရနှင်းဆီ"



www.burmeseclassic.com



# အခန်း (၄)

ညနေစောင်းအချိန်၌ ကုဋ္ဌေနန်းထိုက်သည် ဆေးခန်းမသွားမီ မေသန့်ထံသို့ မကြာခဏ ဝင်ရောက်ပြီး ကျန်းမာရေးအခြေအနေကို စစ်ဆေးပေးလေ့ရှိရာ- စခါမှအောင်ခန့်နှင့်မဆုံဖြစ်ခဲ့ချေ။

ယနေ့မှ ထူးထူးခြားခြား သူမကားအဆိုက် နောက်မှ အောင်ခန့်ကားပါ ဆိုက်ရောက်လာသည်။

"မမ ဘာဖြစ်လို့လဲ ကုဋ္ဌေ"





အောင်ခန့်က အစ်မအတွက် စိုးရိမ်ပူပန်သွားပြီး ကားပေါ်မှ ကမျောသောပါးဆင်းကာ မေးလိုက်သည်။ ကုဋ္ဌေနန်းထိုက်က အောင်ခန့်အား ခပ်တည်တည်ဖြင့် ပြန်ကြည့်ကာ. .

"ဘာဖြစ်လို့ နင် ဒီမေးခွန်းကို မေးရတာလဲ"

အောင်ခန့်က သွားကြားမှထွက်သောအသံဖြင့် ကျွတ်ခနဲအသံပြုလိုက်သည်။ ကုဋ္ဌေနန်းထိုက်ကို အိမ်ထောင်ဖက်အဖြစ် ရွေးချယ်ရန် စိတ်ကူးမရှိခြင်းသည် ထိုအချက်များက အဓိကဖြစ်သည်။ သူမသည် ပညာတတ်ဖြစ်သည့် အားလျော်စွာ သူများအား လွှမ်းမိုးချင်သည်။ ဆရာလုပ်ချင်သည်။ တိတိကျကျ ပြောရလျှင် ဩဇာပေးချင်သော သဘောရှိသည်ဟု သူမြင်သည်။

"ငါမေးတဲ့ မေးခွန်းကို နင်အရင်ဖြေဖို့ကောင်းတယ်"

"နင့်မေးခွန်းက မေးဖို့မသင့်တဲ့ မေးခွန်းဖြစ်နေလို့ ငါက သေချာအောင် ပြန်မေးတာ"

ပေါ်တိကိုအောက်မှ အိမ်မကြီးဆီသို့ လှမ်းတက်ရန် လှေကားနိမ့်နိမ့် ငါးထစ်မျှရှိသည်။ ထိုငါးထစ်၏ တတိယအဆင့်၌ ကုဋ္ဌေနန်းထိုက် ရပ်နေသည်။ သူကမြေညီ၌ရပ်နေသည်။ သို့တိုင်အောင် ကုဋ္ဌေနန်းထိုက်၏အရပ်သည် သူ့အားမမီချင်။ အရပ်ငါးပေပင် မပြည့်ချင်သော သူမထံမှ ထွက်ပေါ်လာသော စကားများက ရှည်ကြောလွန်းလှသည်ဟု သူမြင်သည်။

"ဘာဖြစ်လို့ မသင့်ရတာလဲ၊ ဆရာဝန်ကို နာတာရှည် ရောဂါသည်ရှိတဲ့ အိမ်မှာမြင်လို့ ရောဂါသည် နေမကောင်းဘူး



www.burmeseclassic.com

လားလို့မေးတဲ့ မေးခွန်းလောက် မသင့်လျော်ရင် ဘယ်မေးခွန်းက သင့်လျော်နေလို့လဲဆိုတာ အမိန့်ရှိပါဦး”

“မမသန့် ကျန်းမာရေးအတွက် ငါညနေတိုင်း ဆေးခန်းသွားခါနီးတိုင်း ဝင်ကြည့်နေကျဆိုတာ နင်တကယ်မသိဘူးလား”

“ဘယ်သိမှာလဲ၊ ငါမှတစ်နေ့လုံး အိမ်မှာမရှိတတ်တာ”

“အေးလေ. . . ဒါကိုသိလို့ ညနေတိုင်း လာပေးရင်းသူနဲ့အတူ ထမင်းစားရင်း စကားစမြည်ပြောပေး၊ ခြံထဲလမ်းလျှောက်ရင်း ပန်းပင်တွေအကြောင်း သူပြောပြတာကို ကျေနပ်အောင်နားထောင်ပေးနေခဲ့တာ နှစ်နဲ့တောင်ချီတော့မယ်၊ ဒါကိုနင်ကမသိဘဲ ငါ့ကိုမြင်တော့ မမတစ်ခုခုဖြစ်လို့ ငါ့ကိုပင့်တယ်ထင်ပြီး မေးတဲ့မေးခွန်းအတွက် ငါကအံ့ဩပြီး နင့်ကို မေးခွန်းပြန်ထုတ်မိတာ ငါမှားသလား”

အောင်ခန့်လက်မြှောက်ကာ. . .

“ဟုတ်ကဲ့၊ ကျွန်တော်မှားသွားပါတယ် ဒေါက်တာဒေါ်ကုမ္မေနန်းထိုက်ခင်ဗျာ၊ အိမ်ထဲကြွပါ”

အောင်ခန့်၏ ခပ်ရွဲ့ရွဲ့အပြောကို ကုမ္မေနန်းထိုက်က မျက်စောင်းဖြင့်သာ တုံ့ပြန်လိုက်ပြီး အိမ်ထဲသို့ဝင်လိုက်သည်။ ထိုစဉ် ထမင်းစားခန်းမှ ထွက်လာသော မေသန့်က . . .

“ကားသံကြားပြီး ကုမ္မေ့ကို မတွေ့သေးလို့ မမက ဘာများဖြစ်လို့လဲလို့၊ ဟင် . . . ခန့်ပြန်လာပြီ ကျားသားမိုးကြိုး ပါလားဟဲ့”

မေသန့်က ကုမ္မေနန်းထိုက်ကို မြင်မြင်ချင်း လှမ်းပြော





ရာမှ ကုမ္မေနန်းထိုက် နောက်မှ ကပ်ပါလာသော အောင်ခန့်ကိုမြင်သောအခါ အထူးအဆန်းသဖွယ်ဖြစ်ကာ အငေါ်တူးလိုက်လေသည်။

“ကိစ္စပါလာလို့ မမရေ”

“ဘာကိစ္စလဲ”

အောင်ခန့်က ဘာမှမပြောဘဲ ပြုံးနေရာ မေသန့်က. .

“ကိုင်း. . . ကိစ္စပါလဲအသာထားဦး၊ မမဒီနေ့ ကုမ္မေနဲ့နင်ကြိုက်တဲ့ ငါးရံ့အူပဟင်း ချက်ထားတယ်၊ ရေမိုးသွားချိုးလိုက်ဦး၊ ပြီးရင် ထမင်းတူတူစားကြမယ်လေ”

“အိုကေ”

အောင်ခန့်က အစ်မဖြစ်သူ၏ အထီးကျန်ဆန်သောအနေအထားကို စောစောကပင် ကုမ္မေနန်းထိုက်က ထောက်ပြသဖြင့် သိမြင်လိုက်ပြီဖြစ်ရာ အစ်မဖြစ်သူ၏ ဆန္ဒဟူသမျှကိုအတတ်နိုင်ဆုံး လိုက်လျောပေးရန် ဆုံးဖြတ်လိုက်ပြီဖြစ်သဖြင့်လွယ်လင့်တကူ လက်ခံလိုက်ခြင်းဖြစ်သည်။

သို့သော် သူလှေကားပေါ် အတက်၌ ကြားလိုက်ရသောအသံကြောင့် နောက်ကြောင်း ပြန်လှည့်ကာ ပြောလိုက်ချင်စိတ်ကို တားဆီးလိုက်ရလေသည်။

ကုမ္မေနန်းထိုက်က. . .

“မမ ဒီညနေအတွက် ထမင်းစားဖို့ အဖော်ရှိနေပြီပဲကုမ္မေ့ကို ဒီတစ်ညနေ နားခွင့်ပေးပါလား”. . . တဲ့။

ဒါ မိမိနှင့် မျက်နှာချင်းမဆိုင်ချင်သည့် သဘော၊ မိမိအား



www.burmeseclassic.com


ကျောလိုက်ချင်သည့် သဘောကိုဆောင်သည်။ အစ်မဖြစ်သူ ဘယ်လောက်ပဲ သဘောတူတူ ပညာတတ်၍မာနကြီးသော မိန်းမတစ်ယောက်သည် ခင်ပွန်းယောက်ျားအား အိမ်ဦးနတ်သဖွယ် ဘယ်သောအခါမှ ကိုးကွယ်လေးစားလိမ့်မည် မဟုတ်ဟု သူယုံကြည်သည်။

ထို့ကြောင့် သူ့စိတ်အတွင်း၌. . .

"ဆောရီးပဲ ကုမ္ပဏီနန်းထိုက်၊ နင်ဘယ်တော့မှ ငါ့ရဲ့ အိမ်ထောင်ဖက် မဖြစ်စေရဘူး၊ ဒါကိုလဲ နင် ကျေနပ်မှာပဲ မဟုတ်လား" ဟု. . .။







# အခန်း (၅)

နောက်တစ်နေ့ ဆယ်နာရီခွဲခန့်အချိန်ဖြစ်သည်။ အောင်ခန့်၏ ရုံးခန်းအတွင်း ညှော့ခန်း၌ မိုးဟိန်းကျော်သည် နာရီတကြည့်ကြည့်နှင့် ရင်ခုန်ခြင်းနှင့်အတူ စိတ်စောလျက်ရှိသည်။

မျှော်လင့်ချင်း တံခါးဝသို့ ဆိုက်ရောက်နေသူအတွက် တံခါးအပွင့်အတွက် အချိန်ကာလသည် အင်မတန် ကြန့်ကြာလွန်းလှသည်ဟု သူထင်သည်။ အချိန်ကို လေးစားလှပါသည်



www.burmeseclassic.com

ဆိုသော ဦးအောင်ခန့်ဆိုသည့် ပုဂ္ဂိုလ်သည် အဘယ်ကြောင့် နောက်ကျနေရပါသနည်း။

သူ့အား ငြင်းပယ်ရန် မျက်နှာပူခြင်းအတွက်ကြောင့်လား။ ထိုစဉ် အောင်ခန့်၏ရုံးခန်းတံခါး ပွင့်ထွက်သွားပြီး အောင်ခန့်သည် အူယားဖားယားဖြင့် လာသည်။

"ထင်တယ်. . . ထင်တယ် ဦးမိုးဟိန်းကျော် ရောက်နေပြီဆိုတာ ကျွန်တော် အတပ်သိတယ်၊ ဒါပေမယ့် ကျွန်တော် နောက်ကျသွားတာကို ခွင့်လွှတ်ပါဗျာ"

"ကိစ္စမရှိပါဘူးဗျာ"

မိုးဟိန်းကျော်က ရင်ခုန်စွာဖြင့် အောင်ခန့်၏ မျက်နှာပြင်ပေါ်က အရေးအကြောင်းများကို ရှာဖွေလိုက်သည်။ အမြဲတစေ ပြုံးရိပ်ဆင်တတ်သော ဦးအောင်ခန့်၏ မျက်နှာပြင်သည် ပြုံးရွှင်နေသည်။

"ညကဗျာ. . ခင်ဗျားဝတ္ထု ကျွန်တော့်ကို နှိပ်စက်လိုက်တာ နှစ်ချက်ထိုးမှပြီးတယ်"

ပြောပြောဆိုဆိုနှင့် အောင်ခန့်သည် မိုးဟိန်းကျော်နှင့် အနီးဆုံး ဆိုဖာပေါ်၌ ဝင်ထိုင်လိုက်ပြီး လက်ထဲပိုက်ယူလာသော မိုးဟိန်းကျော်၏ ဝတ္ထုဇာတ်ညွှန်း စာအုပ်ရှည်အား ကမ်းပေးလိုက်သည်။

မိုးဟိန်းကျော်သည် အောင်ခန့်၏ လှုပ်ရှားမှုမှန်သမျှအား မျက်တောင်မခတ်တမ်း ကြည့်နေသည်။ အသက်ရှူရန်ပင် မေ့လျော့လျက်ရှိသည်။ ဘဝတစ်သက်တာအတွက် အရေးကြီး





သော အဆုံးအဖြတ်တစ်ခုသည် ဦးအောင်ခန့်အပေါ်၌ မူတည်နေချိန် ဖြစ်သည်။

"ကျွန်တော် ညကပဲ ဆုံးဖြတ်ချက် ချလိုက်တယ်"

"ဟုတ်ကဲ့ ပြောပါ"

အသံမတုန်ယင်စေရန် ဂရုတစိုက် ထိန်း၍ ပြောလိုက်ရသည်။ အနုပညာသမားများကို ပျော့ညံ့သူများဟု သူ အထင်မခံနိုင်ပါ။

"ကျွန်တော့်ကို သန်းခေါင်ကျော် နှစ်ချက်တီးအထိ လက်ကမချနိုင်အောင် ဆွဲဆောင်နှိပ်စက်နိုင်စွမ်းရှိတဲ့ ဒီကားဖြစ်မြောက်ရေးအတွက် ကျွန်တော် အကူအညီပေးမယ်ဗျာ"

"ဟာ. . ဝမ်းသာလိုက်တာဗျာ"

မိုးဟိန်းကျော်သည် အောင်ခန့်၏လက်ကိုဆွဲကာ ဝမ်းသာအားရ နှုတ်ဆက်လိုက်လေသည်။

"ဟုတ်ပြီဗျာ၊ ဝတ္ထုစာသားတွေက ဆွဲဆောင်နိုင်သလို ရုပ်ရှင်ကားက ပရိသတ်တွေအားလုံး အထူးသဖြင့် ကျွန်တော့်လို လူမျိုးကို ဆွဲဆောင်နိုင်အောင် ဖန်တီးပေးနိုင်ဖို့ရာ အရေးကြီးတယ်ဗျာနော်"

"စိတ်ချပါ၊ ကန္တာရနှင်းဆီဟာ ဂန္ထဝင်ရုပ်ရှင်ကား တစ်ကားဖြစ်စေရပ့်ါမယ်လို့ကို ကျွန်တော် ကတိပေးပါတယ်"

"ကိုင်း. . . ငွေဘယ်လောက်လိုသလဲသာ ပြော"

"ရုပ်ရှင်ဗီဒီယိုကား ဈေးဟာ သရုပ်ဆောင် မင်းသားပေါ်မှာ မူတည်တယ်၊ သမ္မာရင့် မင်းသားတွေဆိုရင် သိန်းရာ



www.burmeseclassic.com

ကျော်မှာ ရှိတယ်”

“ရှိပါစေဗျာ၊ မင်းသမီးကကော. . .”

“မင်းသမီးကတော့ ဈေးမရှိပါဘူး၊ ဒါပေမယ့် ကျွန်တော်က မင်းသမီးအသစ်တစ်လက် တင်ချင်တယ်၊ ဒီအတွက် ရွေးချယ်ပွဲ လုပ်ရမယ်”

“ဘာဖြစ်လို့ အသစ်တင်ရတာလဲ”

“ဇာတ်လမ်းအရ တကယ့်ကို အတွေ့အကြုံမရှိတဲ့ အရိုင်းသက်သက် မိန်းကလေးတစ်ဦးရဲ့ တုန်လှုပ်မှု၊ ရင်ခုန်မှုတွေပါတယ်ဆိုတော့ အသစ်တင်ရရင် ကောင်းမယ်ထင်လို့ပါ၊ ဦးအောင်ခန့် စိတ်ကူးကကော”

“ခင်ဗျားကောင်းသလိုသာ ကြည့်လုပ်ပါဗျာ၊ ကုန်ကျငွေ ဘယ်လောက်ဆိုတာသာ ပြောပါ”

“သိန်းခြောက်ရာ”

အောင်ခန့်က ဘာမှမပြောသော်လည်း စိတ်ထဲမှာတော့ များလှချည်လားဟု ရေရွတ်မိသည်။ သူနားလည်ထားသည်က ရုပ်ရှင်ကားတစ်ကား ကုန်ကျစရိတ်သည် ဤမျှလောက်ရှိလိမ့်မည်မဟုတ်ဟု။ သူတို့လုပ်ငန်းအပေါ် နားမလည်ဘဲ ဝင်ရောက်မိခြင်းသည် မှားများမှားသွားပြီလားဟု တွန့်ဆုတ်စိတ်ကလေးဖြစ်သွားသော်လည်း အလုပ်တစ်ခုကို စမိလျှင်နောက်မဆုတ်တတ်သော သူ၏ဥာဉ်အတိုင်း ခင်သန္တာမိုးကို ဘဲလ်တီး၍ခေါ်လိုက်သည်။

“ဦးအောင်ခန့်အနေနဲ့ ကျွန်တော်တင်ပြတဲ့ အမောင့်ကို





များတယ်လို့များထင်နေမလားပဲ၊ ကုမ္ပဏီအခန်းငှားဖို့ လိုသေးတယ်”

“အခန်းအတွက် ကျွန်တော် ဒီအဆောက်အအုံမှာ ဖုန်းပါတဲ့အခန်းတစ်ခန်း ပေးရင်ကောဗျာ”

“မဖြစ်ဘူး ဦးအောင်ခန့်”

ခင်သန္တာမိုးက ဝင်လာပြီး သူတို့အနီးတွင် တိတ်ဆိတ်စွာဝင်ထိုင်လိုက်သည်။ သူ၏ဆရာသမား ဦးအောင်ခန့် စကားပြောနေသမျှကို စိတ်ရှည်စွာ စောင့်ဆိုင်းရသည်။

“ဘာဖြစ်လို့လဲဗျ”

“ဒီနေရာ ဒီဝန်းကျင်ဟာ ရုပ်ရှင်သမားတွေ ကျင်လည်တဲ့နေရာ မဟုတ်တဲ့အတွက်ကြောင့်ပါ”

“ဩော်”

“မင်းသား မင်းသမီးငှားဖို့ စတူဒီယိုငှားဖို့နဲ့ ရှုတင်စရိတ်အများကြီးပါပဲဗျာ၊ ဒါတွေအားလုံးကို စာရင်းဇယားနဲ့တကွ ကျွန်တော်တင်ပြမှာပါ၊ ရုပ်ရှင်သမားတွေအတွက် အဝင်အထွက်ကောင်းတဲ့နေရာမှာပဲ ကုမ္ပဏီဖွင့်မှ ဖြစ်မှာ၊ ဒီအတွက် ဦးအောင်ခန့် ကျွန်တော့်အပေါ် နားလည်ပြီး သံသယရှင်းပါတယ်နော်”

“ဟာ. . . ရှင်းပါတယ်၊ ကျွန်တော်က ခင်ဗျားတို့ လောကအကြောင်း မသိဘူးလေဗျာ၊ ဒါကြောင့် မေးမိတာ စိတ်မရှိပါနဲ့ဗျာ”

“ဟာ . . . ရပါတယ်၊ ခုအလုပ်မှာ ခင်ဗျားက ပရိုဂျူဆာ၊ ကျွန်တော်က ဒါရိုက်တာ၊ ဒီကိစ္စ နှစ်ဦးနှစ်ဖက် ရှင်းရှင်း



www.burmeseclassic.com

လင်းလင်း သိနားလည်ထားကြရင် အကောင်းဆုံးပဲပေါ့ ဦးအောင်ခန့်ရာ"

"လုပ်ပါ. . . လုပ်ပါ၊ ကျွန်တော်ကတော့ စိတ်ထဲမှာ မရှင်းတာ၊ သိချင်တာရှိရင် မြုံမထားတတ်ဘူးဗျ၊ မေးမှာပဲဗျ၊ ဒီအတွက် ခင်ဗျားလဲ ကျွန်တော့်ကို နားလည်ပေးထားဖို့ လိုတယ်ဗျနော်"

"ဟုတ်ကဲ့၊ ကျွန်တော်နားလည်ပါတယ်ဗျာ"

အောင်ခန့်က ခင်သန္တာမိုးဘက်ကိုလှည့်ကာ. . .

"ခင်သန္တာ. . . ဒါ ဒါရိုက်တာ မိုးဟိန်းကျော်ပဲ"

"ဟုတ်ကဲ့၊ တွေ့ရတာဝမ်းသာပါတယ် ဦးမိုးဟိန်းကျော်"

"ဦးမိုးဟိန်းကျော်. . . သူက ကျွန်တော့်စက္ကတေရီ ခင်သန္တာမိုးတဲ့"

"ဟုတ်ကဲ့၊ ဝမ်းသာပါတယ်ဗျာ"

ခင်သန္တာမိုး၏ ချောမောသော ရုပ်ရည်ရူပကာကို ကြည့်ကာ မိုးဟိန်းကျော်က. . .

'အင်း. . . မင်းသမီးတစ်လက်တော့တွေ့ပြီ'

ဟု စိတ်တွင်း၌ ကောက်ချက်ချလိုက်သည်။

"ခင်သန္တာ. . . အစ်ကိုကြီး ဒီဆရာနဲ့ ရုပ်ရှင်ကား တစ်ကားကို ဖန်တီးမယ်၊ ဒီအတွက် ကိုယ်ပိုင်ငွေထဲကနေ ငွေသိန်းခြောက်ရာ ထုတ်ယူပြီး သီးခြားဘဏ်စာအုပ် ဖွင့်ပေးထားလိုက်ပါ"

ခင်သန္တာမိုးက. . .





"ဟုတ်ကဲ့ပါ အစ်ကိုကြီး" ဟု မဖြေနိုင်တော့ဘဲ အံ့သြသောမျက်နှာဖြင့် ငေးကြည့်လိုက်ရာ အောင်ခန့်က သဘောပေါက်ပြီး . . .

"ဘာလဲ၊ မင်းဘာပြောစရာရှိနေသလဲ ခင်သန္တာ"

"ဒီလိုပါ အစ်ကိုကြီး"

"အင်း. . . ဆိုစမ်းပါဦး"

"ဘယ်လုပ်ငန်းပဲလုပ်လုပ် ကြီးမားသော လုပ်ငန်းကြီးကအစ လုပ်ငန်းအသေးလေးအဆုံး လုပ်ငန်းဟာ လုပ်ငန်းပါပဲ အစ်ကိုကြီး၊ ဒါကြောင့် လုပ်ငန်းတစ်ခု လုပ်ပြီဆိုရင် စာချုပ်စာတမ်းဆိုတာတော့ ရှိသင့်ပါတယ် အစ်ကိုကြီး"

အောင်ခန့်က စိတ်တွင်းကျိတ်၍ ကျေနပ်သွားကာ ခင်သန္တာမိုးအပေါ် ချီးကျူးမိလေသည်။

မိုးဟိန်းကျော်ကတော့. . .

"တော်ပါပေတယ် ဒေါ်ခင်သန္တာမိုးရယ်၊ ဒါကြောင့်လဲ ခင်ဗျားဟာ ဦးအောင်ခန့်ရဲ့ ယုံကြည်အားထားရသူဖြစ်. . . ဖြစ်ထိုက်ပါပေတယ်"

"ဒါကလဲ ကျွန်မရဲ့အလုပ်ပါပဲ ဦးမိုးဟိန်းကျော်"

"ဒီလိုဆိုရင် ညည်းပဲ ကုမ္ပဏီရဲ့အကျိုးတော်ဆောင် ရှေ့နေဦးအောင်သိန်းကိုပဲ ဖုန်းဆက်ပြီး စာချုပ်အတွက် စီစဉ်လိုက်ပါ၊ ပြီးတော့ ဦးမိုးဟိန်းကျော် လိုအပ်သမျှငွေကို စနစ်တကျ ထုတ်ပေးလိုက်ပါ"

"ဟုတ်ကဲ့ အစ်ကိုကြီး"



www.burmeseclassic.com

"ကိုင်း . . . ဦးမိုးဟိန်းကျော်ကလဲ ရှေ့ဆက်ပြီး လုပ်ငန်းစဉ်အတွက် ကျွန်တော့်ကိုယ်စား သူနဲ့သာဆက်ပြီး စခန်းသွားပေတော့"

"ကောင်းပါပြီ ဦးအောင်ခန့်၊ အဲ . . . တစ်ခုတော့ ရှိတယ်နော်၊ မင်းသမီးသစ် ရွေးချယ်ပွဲတို့ ကန်တော့ပွဲပေးတဲ့ အခမ်းအနားတို့ ဘာတို့ကိုတော့ ဦးအောင်ခန့်ကိုယ်တိုင် တက်ရောက်မှ ဖြစ်မှာဗျနော်"

"ဖြစ်ပါတယ်၊ ခင်သန္တာနဲ့သာ ကြိုတင်ပြောလိုက်ရင် ရပါတယ်၊ ကျွန်တော့်အတွက် တစ်ရက်ထာ လုပ်ဆောင်ရမယ့် အချိန်ဇယားကို သူပဲဆွဲပေးနေရတယ်"

"အစ်ကိုကြီး . . . ဆယ့်တစ်နာရီထိုးမှာ ကျော်အင်တာပရိုက် ဖွင့်ပွဲအခမ်းအနား သွားဖို့ရှိပါတယ်"


"အေး . . . အေး . . . ကိုင်း ဦးမိုးဟိန်းကျော်ရေ ကျွန်တော်ကို ခွင့်ပြုပါဦး၊ သူနဲ့သာ ဆက်လက်ဆောင်ရွက်ပေတော့"

ခင်သန္တာက အောင်ခန့် ယူဆောင်ရမည့်ဖိုင်တွဲကို ရုံးလုလင်လက်ထဲသို့ ထည့်ပေးပြီး ရုံးခန်းတံခါးကို အသင့်ဖွင့်ပေးလိုက်လေသည်။ ‌ ‌ောင်ခန့်က အပြုံးနှင့်ထွက်ခဲ့လေသည်။

အောင်ခန့်အတွက် အလုပ်သစ်အတွက် ကျေနပ်ပျော်ရွှင်နေမိသည်မှာ အမှန်တကယ်ပင်ဖြစ်သည်။







# အခန်း (၆)

"ဘယ်လိုလဲ . . . ခန့်ရယ်၊ နင့်စိတ်‌ ‌ ‌ ‌ကျ် မိန်းမတစ်ယောက်ကို နင်ကိုယ်တိုင်ပဲ ရွေးမလား၊ ငါ့စိတ်တိုင်းကျ တစ်ယောက်ကိုပဲ နင်လက်ထပ်မှာလားဆိုတာ နင်ဆုံးဖြတ်တော့"

ညဘက် ပြန်ရောက်ရောက်ချင်း မေသန့်က စောင့်၍ တံခါးဖွင့်ပေးရာမှ အဆက်အစပ်မရှိ ပြောလိုက်လေသည်။

"မမကလဲဗျာ . . . ကျွန်တော့်ကို မတွေ့လိုက်နဲ့ တွေ့



www.burmeseclassic.com

လိုက်တာနဲ့ ဒီအကြောင်းပဲ၊ ကျွန်တော်နဲ့ မမကြားမှာ သူစိမ်း မိန်းမတစ်ယောက် ရောက်လာရင် မမအတွက်ရော ကျွန်တော့် အတွက်ပါ အနှောင့်အယှက် ဖြစ်ရမယ်ဆိုတာကိုကော မမ မတွေးမိဘူးလား"

"ဒါတွေဟာ တရားမရှိကြတဲ့သူတွေအတွက်ပါ၊ ငါ့အတွက်တော့ တစ်ချောင်းတည်းသော သံယောဇဉ်ဖြစ်တဲ့ နင့်ကို ငါစိတ်ချရတဲ့လူရဲ့လက်ထဲကို ဝကွက်အပ်ချင်နေပြီ"

"ကုဋေနဲ့ အမြန်ဆုံးသာ လက်ထပ်လိုက်ပါတော့လို့ ပြောမလို့ မဟုတ်လား မမ"

"သိလျက်သားနဲ့ နင် ငါ့ကို နှိပ်စက်နေတာလား"

"မဟုတ်ပါဘူး မမရာ၊ ဒီလောက် ပညာတတ်ပြီး မာနကြီးတဲ့ မိန်းမတစ်ယောက်ဟာ အိမ်ရှင်မကောင်း ဖြစ်နိုင်ပါ့မလားဆိုတာ မမ တွေးမိရဲ့လား"

"ဘာလဲ၊ ငါရှင်းရှင်းမေးမယ်၊ နင်မှန်မှန်ဖြေစမ်း ခန့်"

အောင်ခန့်က ထမင်းစားခန်းဘက်လျှောက်ကာ. . .

"ကျွန်တော် ကော်ဖီပူပူ တစ်ခွက်လောက် သောက်ချင်တယ်"

မေသန့်က အောင်ခန့်နောက်မှ လိုက်လာပြီး ကော်ဖီဖျော်ရန် အလုပ်ရှုပ်ရင်းမှ . . .

"ခင်သန္တာမိုးနဲ့ နင့်ရဲ့အခြေအနေကကော ဘယ်လိုလဲ"

"ဒါ မမက ကျွန်တော့်သိက္ခာကို မယုံကြည်လို့ မေးတာလား"





"ငါ့ကို မေးခွန်းပြန်မထုတ်နဲ့၊ ငါမေးတာပဲဖြေ"

အောင်ခန့်က သက်ပြင်းချလိုက်သည်။ သူတို့ကုမ္ပဏီတစ်ခုလုံးက သူ၏ဂုဏ်သိက္ခာနှင့် အမှုထမ်းအားလုံးအပေါ် မိသားစုတစ်စုလို ဆက်ဆံတတ်သော သူ့ကိုချစ်ခင်လေးစားကြသည်။ မိန်းမကိစ္စ အရှုပ်အရှင်း လုံးဝကင်းသော သူ့အား ကွယ်ရာ၌ . . .

"အသည်းမာသော ယောကျ်ားတစ်ယောက်" ဟု ဂုဏ်ပုဒ် တပ်ထားကြသည်ကိုလည်း သူသိသည်။ သို့သော် မသိဟန်ပင် နေခဲ့သည်။

အမှန်တကယ်ပင် သူသည် မိန်းမကိစ္စကို လုံးဝစိတ်မဝင်စားဘဲ ခပ်ကင်းကင်းရှင်းရှင်းပင် နေခဲ့သည်။

"ခန့်"

"ဗျာ"

"ဘာတွေများ ဆင်ခြေပေးမှာမို့ ဒီလောက်စဉ်းစားနေရတာလဲ"

"မဟုတ်ပါဘူးဗျာ"

"ရော့. . . ကော်ဖီ၊ မုန့်ကော ယူဦးမလား"

"မယူတော့ပါဘူး"

"ကိုင်း. . . ဖြေစမ်းပါဦး"

"ခင်သန္တာမိုးကို ကိုယ့်ညီမလေးတစ်ယောက်လိုက လွဲပြီး ကျွန်တော့် အိမ်ထောင်ဖက်အဖြစ် စဉ်းစားဖို့ စိတ်ကူးမရှိပါဘူး မမရာ"



www.burmeseclassic.com

မေသန့် သက်ပြင်းချလိုက်သည်။ သူ့မောင်အတွက် သူရင်မောရသည်။ ကုဋေနန်းထိုက်နှင့် မဖြစ်နိုင်သည့် တိုင်အောင် ခင်သန္တာမိုးလေးနှင့်ဆိုလျှင်လည်း မဆိုးပါဘူး။ ဤမိန်းကလေးသည် အသက်ငယ်သော်လည်း ရင့်ကျက်သည့် ဣန္ဒြေရှိသည်။ သွက်လက်ဖျတ်လတ် ရဲရင့်ပြီး သူ့မောင်လုပ်ငန်းပိုင်း၌ပါ အားကိုးရသဖြင့် မောင်တစ်ထမ်း မယ်တစ်ရွက်ရှာဖွေနိုင်မည့် မိန်းမတစ်ယောက်ဖြစ်သည်ဟု သူမလေ့လာမိကာ ကုဋေနန်းထိုက်ပြီးလျှင် ဒုတိယသဘောတူသော မိန်းကလေး ဖြစ်သည်။

"အေးလေ. . . မင်းစဉ်းစားမယ်ဆိုရင်လဲ မမအနေနဲ့ ကန့်ကွက်စရာမရှိပါဘူး၊ ကောင်မလေးက အဆင်းရော အချင်းပါ ပြည့်စုံတဲ့မိန်းကလေးပဲ၊ သူနဲ့ဆိုရင်လဲ မမသဘော တူတယ်"

"မမသဘောတူပေမယ့် ကျွန်တော့်နှလုံးသားက သဘောမတူဘူး မမရေ"

"ဘာလဲ၊ မင်းက အိမ်ထောင်ရေးကို နှလုံးသားတစ်ခုတည်းနဲ့ တည်ဆောက်လို့ရမယ် ထင်လို့လား"

"အချစ်မပါတဲ့ အိမ်ထောင်ရေးဟာ ဘယ်လိုလုပ် သာယာနိုင်ပါ့မလဲ မမရာ၊ နောက်ပြီး ကျွန်တော်နဲ့မမကြားမှာ သူစိမ်းဝင်ပြီး သွေးကွဲရမယ့် အဖြစ်မျိုးကိုလဲ ကျွန်တော်မလိုလားလို့ပါ"

"သွေးမကွဲနိုင်အောင် သွေးစည်းနိုင်တဲ့သူမျိုး ငါရှာဖွေပေးတော့လဲ မင်းမှ လက်မခံတာ"

"ဒါကတော့ . . ."

အောင်ခန့်သည် အစ်မဖြစ်သူဖျော်ပေးသော ကော်ဖီကို





အရသာခံသောက်ရင်း ယနေ့မိုးဟိန်းကျော် ပေးလိုက်သော မင်းသမီးသစ် ရွေးချယ်ရန် ရောက်ရှိလာသော ဓါတ်ပုံအမျိုးမျိုးတို့အား ကြည့်ရှုရန် စိတ်ဇာက်သန်နေသည်။

သူ့ကိုယ်သူ အံ့ဩမိသည်။ အမျိုးသမီး အလှအပများကို စိတ်မဝင်စားဘူးဟု သူ့ကိုယ်သူ ထင်ထားမိခြင်းသည် မှားယွင်းသွားပြီ။ အမှန်တော့ ကျားသတ္တဝါသည် ကျားသတ္တဝါသာ ဖြစ်သည်ဟု။

"ဘာပြုံးတာလဲ ခန့်"

"ဘာမှမဟုတ်ပါဘူး မမရာ၊ ကျွန်တော်ယူမယ့် မိန်းမတွေ့ရင် မမကို အရင်ဆုံးပြောပါ့မယ်"

"အေး. . . ပြောတော့ပြော၊ ဒါပေမယ့် အဆင်းရှိသလို အချင်းပါရှိတဲ့ မိန်းမမျိုးမှ ငါကလက်ခံနိုင်မှာ"

"စိတ်ချပါ မမရာ. . . ကိုယ့်မောင်အကြောင်းလဲ သိသားနဲ့၊ လောကကြီးမှာ ရွေးစရာတွေ များလွန်းလှပါတယ်၊ ဒါပေမယ့် အိမ်သူဇနီးသက်ထားကတော့ ရှားတယ်ဆိုတာ မမ ကြားဖူးတယ် မဟုတ်လား"

"ပေးပါဦး ဆင်ခြေဆင်လက်တွေ"

"ဟုတ်တယ် မမရ၊ ဒီလောက်ရှားပါးလှတဲ့ ဇနီးမယားကို လွယ်လွယ်နဲ့ရမယ်ဆိုတာ အဖိုးတန်နိုင်ပါ့မလား၊ အချင်းရော အဆင်းပါ ပြည့်စုံတဲ့ မိန်းမမျိုးကို လွယ်လွယ်နဲ့ ရနိုင်ပါ့မလား၊ ကျွန်တော် မမ စိတ်တိုင်းကျအောင် ကြိုးစားပေးမှာပါ၊ စိတ်သာချ၊ ကိုင်း. . မမရောအိပ် ကျွန်တော်ရောအိပ်တော့မယ် လာဗျာ"

www.burmeseclassic.com

အောင်ခန့်က အစ်မဖြစ်သူကို ချွေးသိပ်စကားပြောပြီး စားပွဲမှ ထလိုက်သည်။ ထို့နောက် အစ်မအား ဆွဲထူပြီး . . .

"မမ . . ညဘက် ဆေးတွေ ဘာတွေကော သောက်ပြီးပြီလား"

"အင်း"

မေသန့်အနေဖြင့် သည်မောင်အား စိတ်မချနိုင်သော ဝေဒနာကပဲ သူ၏ရောဂါကို ကြန့်ကြာစေရန် ဆွဲထားသကဲ့သို့ ဖြစ်စေသည်။

"ကုဋ္ဌေလို အဖိုးတန်အမျိုးမှန် မိန်းမမျိုးကို မင်းမို့လို့ ငြင်းရက်တယ်ကွယ်"

"ကျွန်တော် ငြင်းနေတာမဟုတ်ပါဘူး မမရာ၊ မစဉ်းစားသေးလို့ပါ၊ စဉ်းစားလာတဲ့ခါမှာ မမစိတ်ချမ်းသာစေဖို့အတွက် သူ့ကိုဦးစားပေးမှာပေါ့ဗျာ၊ ခုတော့ ကျွန်တော် လွတ်လွတ်လပ်လပ် နေပါရစေဦး"

"ပြောမရလဲ မင်းသဘောပဲ၊ ဒါပေမယ့် ဘယ်သူနဲ့ပဲဖြစ်ဖြစ် မင်းသဘောမတူတဲ့သူကို ငါကဖွတ်အတင်းအကျပ် မစီစဉ်ခဲ့သလို ငါသဘောမတူနိုင်တဲ့သူကိုလဲ မင်းဖွတ်မယူရဘူးဆိုတဲ့ ကတိတော့ ငါ့ကိုပေးရမယ်နော်"

အောင်ခန့်က လှေကားထစ်ပေါ်သို့ အစ်မအား ဖက်တွဲလျက် တက်လာရင်းမှ . . .

"အင်းပါ . . မမရာ၊ ဩော် . . ခဏနော် မမ" ဟုဆိုကာ နောက်ကြောင်းပြန်လှည့်ကာ စားပွဲပေါ် တင်ထားသော အက်တာချီကေ့စ်ကို ပြန်ယူလေသည်။





"အောက်ထပ် စာကြည့်ခန်းမှာ ထားနေကျကို ဘယ်အထိ ယူသွားဦးမလို့လဲ"

မေသန့်က ချက်ဆိုလျှင် နားခွက်က မီးတောက်သော မိန်းမမျိုးဖြစ်သည့်အားလျော်စွာ သူ၏လုပ်မြဲအလုပ်နှင့် အနည်းငယ်သွေဖည်သွားသည်ကိုလည်း ချက်ချင်းသတိပြုမိကာ မေးလိုက်သည်။

"လုပ်စရာ အလုပ်လေးတွေ မပြတ်သေးလို့ပါ"

အောင်ခန့်က အစ်မဖြစ်သူအား ဖွင့်မပြောဖြစ်သေးသောကိစ္စအတွက် မလုံမလဲ ဖြစ်မိသည်။ သူ ရုပ်ရှင်ပရိုဂျူဆာလုပ်သည့်ကိစ္စကို အစ်မဖြစ်သူအား ဖွင့်ဟမတိုင်ပင်ဘဲ လုပ်ကိုင်လိုက်သည့် ကိစ္စအတွက် သူ့ရင်ထဲလိပ်ပြာမသန့်သကဲ့သို့ ဖြစ်နေသည်။

"မင်း ရုံးအလုပ် ကုမ္ပဏီအလုပ်တွေကို ဘယ်တုန်းက အိမ်သယ်လာခဲ့ဖူးလို့လဲ"

"ဒါကတော့ အလုပ်က တိုးလာပြီကိုး မမရယ်"

အောင်ခန့် အစ်မဖြစ်သူကို လေပြေသွေးလိုက်သည်။ ဤကိစ္စကို ဖွင့်ပြောမှ ဖြစ်လိမ့်မည်။ သူ ဖွင့်ဟမပြောဘဲ တစ်စုံတစ်ယောက်ဆီမှ မမသိသွားလျှင် သူ့အပေါ် စိတ်ဆိုးရာမှ စိတ်ထိခိုက်သွားနိုင်သည်။

ထို့ကြောင့် အစ်မဖြစ်သူ၏ အိပ်ခန်းသို့ ကိုယ်တိုင် လိုက်ပို့ပေးရင်း . . .



www.burmeseclassic.com

"ဘာအလုပ် တိုးလာတာလဲ"

"ကိုင်း . . . အိပ်ပါ၊ အိပ်ရင်းနဲ့ နားထောင်၊ ကျွန်တော် ပြောပြမယ်"

မေသန့်က ခုတင်ပေါ်သို့ မလှဲချင်ဘဲ လှဲချလိုက်သည်။ အောင်ခန့်က စောင်ခြုံပေးပြီး အစ်မ၏ ခုတင်ဘေးအစွန်း၌ ဝင်ထိုင်လိုက်သည်။

"ဒီလို မမရဲ့"

ဟုအစချီကာ မေသန့်တို့နှင့် ရုပ်ရှင်လိုက်ကြည့်ရာမှ ပျင်းသဖြင့် အပြင်ထွက်ရာမှ ဒါရိုက်တာ မိုးဟိန်းကျော်နဲ့ တွေ့ဆုံပြီး ကန္တာရနှင်းဆီ ရုပ်ရှင်ကားကြီး ဖြစ်မြောက်ရေး အတွက် ပရိုဂျူဆာလုပ်ချင်စိတ်ဖြင့် လုပ်လိုက်မိကြောင်း အစ်မ ဖြစ်သူ နားဝင်အောင် ပြောပြလိုက်သည်။

မေသန့်က တအံ့တဩဖြင့် လဲလျောင်းနေရာမှ ထထိုင်ကာ မောင်ဖြစ်သူအား ငေးစိုက်ကြည့်နေမိသည်။

"စာချုပ်တောင် ချုပ်ပြီးသွားပြီဟုတ်လား"

"ဟုတ်တယ် မမ၊ မမကိုတိုင်ပင်ရင် ကန့်ကွက်မှာစိုးတာကတစ်ကြောင်း၊ ကျွန်တော်ကလဲ စီးပွားရေးလောကထဲမှာပဲ ကျင်လည်နေရတော့ လုပ်ငန်းရဲ့ အပြောင်းအလဲသဘောမျိုးနဲ့ မမတို့လို အိမ်တွင်းပုန်းတွေကိုတောင် ဆွဲဆောင်နိုင်တဲ့ ရုပ်ရှင် ဗီဒီယို အနုပညာလောကအကြောင်း သိချင်လာလို့ပါ၊ မမကို ဖွင့်ဟမတိုင်ပင်မိတဲ့အတွက် ခန့်ကိုခွင့်လွှတ်ပါနော် မမနော်"

အောင်ခန့်က မေသန့်၏လက်မောင်းကို ပါးနှင့်အပ်ကာ





နွဲ့ဆိုးဆိုးလိုက်သည်။ သူသည်ငယ်စဉ်ကတည်းက အစ်မ,မကြိုက်သော အပြစ်တစ်ခုခုကို ကျူးလွန်မိပြီးတိုင်း ဤကဲ့သို့ ချော့နေကြဖြစ်သည်။

မေသန့်က ငယ်စဉ်ကတည်းက ဖခင်၏ကြိုးဆွဲရာ စီးပွားရေးလောက ဇာတ်ခုံ၌ ကပြကျင်လည်နေခဲ့ရရှာသော မောင်ဖြစ်သူ ကိုယ်တိုင်ရှာဖွေပေးသမျှ စည်းစိမ်ကို မိမိက အပြည့်အဝခံစားနေရုံသာရှိခဲ့သည်။ ထို့ကြောင့် မေသန့်သည် အောင်ခန့်အား အလျှော့ပေးနေကြဖြစ်သည်။

ယခုလို အောင်ခန့်က နော်ကလေးနှင့် ချွဲလိုက်သည်နှင့် အလိုအလျောက်ပျော့သွားပြီဖြစ်သည်။

"ဟွန်း. . . ကောင်လေးနော်၊ မင်းသမီးတွေနဲ့ ရှုပ်ရှုပ်ယှက်ယှက် မကြားချင်ဘူး ဒါပဲ"

"စိတ်ချပါ မမ၊ ခန့်ယူမယ့်မိန်းမထဲမှာ မမ သဘောမတူတဲ့လူ မပါဘူးဆိုတာ မမ ယုံကြည်စိတ်ချစွာနဲ့ နေပေတော့၊ ကိုင်း. . . အိပ်တော့၊ ကျွန်တော်လဲ အိပ်တော့မယ်"

အောင်ခန့်က အစ်မအခန်းထဲမှ ထွက်ခဲ့သည်။ မေသန့်ချက်ချင်း အိပ်ပျော် မပျော်တော့ သူမသိပေ။

သို့သော် သူသည် ထိုညက ရောင်စုံဓာတ်ပုံများပေါ်မှ အလှနတ်သမီးများကြောင့် တော်တော်နှင့် အိပ်မရခဲ့ပါချေ။



www.burmeseclassic.com



# အခန်း (၇)

ဇာတ်ဆောင်မင်းသမီးရွေးချယ်ပွဲသို့ အောင်ခန့်တက်ရမည်ဖြစ်ရာ သူ၏အတွင်းရေးမှူးမလေး ခင်သန္တာမိုးက . . .

"အစ်ကိုကြီး . . . ဦးမိုးဟိန်းကျော် ချိန်းထားတာ တစ်နာရီတိတိနော်"

"အင်း"

"အစ်ကိုကြီး မသွားသေးဘူးလား"

ခင်သန္တာမိုးက ထပ်ဆင့်၍ သတိပေးလိုက်သည်။ သူက





ခင်သန္တာမိုးကို မျက်ခုံးပင့်ကြည့်လိုက်သည်။

သူကဘာလုပ်လုပ် အချိန်တိကျမှုကြိုက်သည်။ ခင်သန္တာမိုးကလည်း သူ့အကြောင်းသိ၍ သတိပေးခြင်းသာ ဖြစ်သည်ဟု သူသုံးသပ်မိသည်။ သို့သော် သည်လိုနေရာမျိုး သွားရမှာ သူ့အတွက် နေရာစိမ်းနေသည်။ အတွေ့အကြုံသစ်တစ်ခုအတွက် ဆယ်ကျော်သက်အရွယ်၏ စိတ်လှုပ်ရှားမှုမျိုးဖြင့် သူ စိတ်လှုပ်ရှားနေသည်။

"ညည်း လိုက်မလား၊ အခြားအရေးတကြီးကိစ္စမရှိရင်ပေါ့"

"မရှိပါဘူး"

"ဒါဖြင့် လိုက်ခဲ့"

"ဟုတ်ကဲ့ အစ်ကိုကြီး"

ခင်သန္တာမိုးစိတ်ထဲ ကျိတ်၍ဝမ်းသာသွားသည်။ ဘာပဲဖြစ်ဖြစ် ဦးအောင်ခန့်ရုပ်ရှင်ပရိုဂျူဆာလုပ်မည်ဆိုကတည်းက သူမစိုးထိတ်ခဲ့သည်။ ယခုလိုလိုက်ပါခွင့်ရသည်ဆိုတော့ ဘာပဲဖြစ်ဖြစ် ဦးအောင်ခန့်လုပ်ငန်းအပေါ်၌ မိမိမျက်ခြည်မပြတ်ကြည့်ရှုနိုင်ရန် အခွင့်အရေးတစ်ခု ရသွားပြီဟု။

"ကိုင်း . . . ဒါဖြင့် ဦးသိုက်ကို မှာစရာရှိတာ မှာထားခဲ့ပြီး သွားကြရအောင်"

"ဟုတ်ကဲ့ပါ အစ်ကိုကြီး"

မကြာခင် ခင်သန္တာမိုးသည် ဦးအောင်ခန့်၏ အတ်တာချိကေ့စ်ကိုဆွဲကာ သူမ၏ဆလင်းဘက်ကလေးကို လွယ်လျက်



www.burmeseclassic.com

အောင်ခန့်နောက်ပါးမှ ကြော့ရှင်းစွာ လိုက်ပါသွားလေသည်။

ခုနစ်မိုင်ရှိ စတူဒီယိုခြံကျယ်ကြီးတစ်ခု၌ လူများရှုတ်စုရှုတ်စုနှင့် ရှိနေကြသည်။ တိုက်ဟောင်းကြီးရှေ့၌ သူတို့ကားရပ်လိုက်သည်နှင့်တစ်ပြိုင်နက် မိုးဟိန်းကျော် ကမန်းကတန်းလျှောက်လာသည်။

"ဦးအောင်ခန့်ကို ကျွန်တော်တို့ စောင့်နေတာ"

"ဗျာ . . ."

ဦးအောင်ခန့်အတွက် အံ့အားသင့်စရာ စကားတစ်ခုတိုးပွားလာသကဲ့သို့ ဖြစ်သွားသည်။

"မင်းသမီး မင်းသားစောင့်ဖို့ မလိုဘူးလား"

"မင်းသားက နာမည်ကြီးဇာတ်ဆောင်ပဲသုံးမှာဆိုတော့ ခုချိန် မလိုသေးဘူးပေါ့ ဦးအောင်ခန့်ရာ၊ အဲ. . . မင်းသမီးကတော့ ခုမှအသစ်ရွေးမှာဆိုတော့ ခုချိန်မှာ သူတို့ကသာ ကျွန်တော်တို့ကို စောင့်ရသူနေရာမှာ ရှိသေးတာပေါ့ဗျာ"

"ဩော်"

အောင်ခန့်အတွက် သူတို့လောကသည် တကယ့်ကို အစိမ်းသက်သက် ရှိနေသည်။

"ဒေါ်ခင်သန္တာမိုး ပါလာတဲ့အတွက် ကျွန်တော့်မင်းသမီးတွေတော့ အရောင်မှိန်ကုန်ပါပြီဗျာ"

"ကျေးဇူးတင်ပါတယ် ဦးမိုးဟိန်းကျော်၊ ဒါပေမယ့် ပြောသလောက်လဲ မဟုတ်သေးပါဘူး"

မိုးဟိန်းကျော်က ခန်းမကျယ်ရှိရာသို့ ဦးဆောင်ခေါ်





သွားသည်။ ဆလိုက်ရောင်စုံအသင့်ရှိနေသော စတူဒီယိုခန်းမအတွင်း ပရိသတ်များ ကြည့်ရှုရန်နေရာ၏ အလယ်ဆက်တီ၌ အောင်ခန့်ကို နေရာပေးလိုက်သည်။ အောင်ခန့်၏ ဝဲဘက်၌ ခင်သန္တာမိုးအား ထိုင်စေသည်။

"ဦးမိုးဟိန်းရေ၊ ကျွန်တော် သုံးနာရီမှာ ကိစ္စတစ်ခု ရှိတယ်နော်"

"စိတ်ချပါ၊ ဆန်ခါတင်ရွေးထားပြီးတဲ့ထဲကမှ ငါးဦးပဲကျန်တာ၊ ဒီထဲက တစ်ဦးပဲ ရွေးချယ်မှာ၊ ဦးအောင်ခန့်အပေါ်ဆွဲဆောင်နိုင်မယ့် မင်းသမီးကို ဦးအောင်ခန့်ကိုယ်တိုင်ပဲ ရွေးပေတော့"

"မလုပ်ပါနဲ့ဗျာ၊ ကျွန်တော်က ခင်ဗျားတို့လို အနုပညာမျက်စိမျိုးရှိတာ မဟုတ်ဘူးဗျ၊ တော်ကြာ ဒုက္ခလှလှကြီး တွေ့နေပါဦးမယ်ဗျာ"

"ကျွန်တော်က အဲဒီလို အနုပညာမျက်စိမရှိပါဘူးဆိုတဲ့ လူမျိုးစိတ်ဝင်စားလာမယ့် မင်းသမီးကိုမှ တင်ချင်နေတော့ ခက်တယ်ဗျာ"

"ဆရာ စ,တော့မလား"

"အိုကေ. . . ခဏနော် ဦးအောင်ခန့်"

အောင်ခန့်အတွက် အရာရာသည် အထူးအဆန်း ဖြစ်နေသည်။

"မင်းသမီးတစ်ယောက်ရဲ့ ဘဝဟာလဲ မလွယ်ပါလား ခင်သန္တာ၊ ညည်း မင်းသမီးလုပ်ဖို့ စိတ်ကူးရှိနေရင်တော့ ခယ်ရှား



www.burmeseclassic.com

လိုက်ပေတော့”

အောင်ခန့်သည် ရိုက်ကွင်း၌ အလွမ်းအသော၊ အငို၊ အပြုံးအရယ်၊ ဒေါသ၊ မာန်မာန၊ သနားကရုဏာမျိုးစုံသော မျက်နှာပေးနှင့် ဆလိုက်မီးရောင်စုံအောက်၌ လှုပ်ရှားနေရရှာသော ရုပ်ရှင်ဗီဒီယိုသရုပ်ဆောင်တစ်ဦး၏ ဘဝကို ပထမဆုံး ကရုဏာဖြစ်မိကာ မိမိ၏အနီးအနား၌ရှိနေသော ခင်သန္တာမိုးကို ပြောလိုက်မိသည်။

ခင်သန္တာမိုး၏ ရင်ထဲ၌ကျိတ်၍ ပီတိဖြစ်သွားရသည်။ မိမိအပေါ်၌ သံယောဇဉ်ရှိသောစကားဟု သဘောပေါက်မိကာ ကျေနပ်သွားရသည်။

“ဘယ့်နှယ်လဲ ဦးအောင်ခန့်”

“ကျွန်တော် နားမလည်ပါဘူးဗျာ၊ ခင်ဗျားတို့ မင်းသမီး ခင်ဗျားတို့ပဲ ရွေးပါတော့၊ ကျွန်တော့်ကို ခွင့်ပြုပါဦး”

မိုးဟိန်းကျော်က ကပျာကယာ. . .

“နေပါဦး ဦးအောင်ခန့်၊ ကျွန်တော့်ကိုပြောတုန်းက သုံးနာရီမှဆို၊ နာရီဝက်လိုပါသေးတယ်၊ နောက်ဆုံးတစ်ယောက်ကို ကြည့်သွားပါဦး၊ သူကဇာတ်ပို့အနေနဲ့ တစ်ကားရိုက်ဖူးတယ်၊ ခု နာမည်အသစ်နဲ့ လာလျှောက်တာ၊ ဘာပဲဖြစ်ဖြစ် အရည်အချင်းရှိဖို့သာ အဓိက မဟုတ်လား”

“လုပ်ဗျာ”

အောင်ခန့် အမှန်တကယ်ပင် ကိုယ်ဟန်ပြကာ အမူအရာ အမျိုးမျိုးနှင့် သရုပ်ဆောင်သွားသော အမျိုးသမီး လေးဦးကို





တော်လိုက်တာ၊ ကြိုးစားလိုက်ကြတာ၊ သနားစရာ ချွေးပြိုက်ပြိုက်ကျပြီး မရှက်မကြောက် သရုပ်ဆောင်နေလိုက်တာဟူသော စိတ်မျိုးကလွဲ၍ ထူးကဲသော ခံစားမှုနှင့် ဆုံးဖြတ်ချက်ကို သူ မပေးနိုင်ပါချေ။

နောက်ဆုံးတစ်ဦး. . .

အောင်ခန့်ရင်ထဲ လှိုက်ဖိုခနဲ ဖြစ်သွားသည်။ မျက်ဝန်းနက်နက်က မျက်တောင်ကော့ကော့အောက်မှာ သူ့အား ညို့ငင်ဖမ်းစားသွားလေသည်။

ကြည်လင်အေးမြသော အသံလေးက နီတျာတျာ နှင်းဆီငုံဖူး နှုတ်ခမ်းလွှာလေး၏ လှုပ်ခတ်မှုကြောင့် ထွက်ပေါ်လာသော ဂီတသံစဉ်နှယ် ဖြစ်သွားလေသည်။

“အစ်ကိုကြီး”

ခင်သန္တာမိုးက အောင်ခန့်ကို ခပ်တိုးတိုးခေါ်လိုက်သည်။

“ဟင်. .”

အောင်ခန့်၏ မျက်လုံးအစုံသည်သာမက နှလုံးသားအစုံပါ ရိုက်ကွင်းဆီသို့ ရောက်ရှိနေပြီဟု ခင်သန္တာမိုး သိရှိလိုက်သောအခါ ရင်ထဲဝန်တိုစိတ်ဖြင့် ရိုက်ကွင်းဆီသို့ ပြန်ကြည့်လိုက်သည်။

‘ဟင်း. . ’ခနဲ သက်ပြင်း သူ ခိုးချလိုက်မိသည်။ သရုပ်ဆောင်နေသော အမျိုးသမီးမှာ မိမိနှင့် ရွယ်တူမျှသာရှိမည်။ မိမိအလှနှင့် သူမသာ ကိုယ်မသာ ရှိမည်မှန်သော်လည်း သူမ၏ အလှက ဆွဲဆောင်မှု ရှိသည်မှာတော့ သေချာသည်။



www.burmeseclassic.com

အဘယ်ကြောင့်ဆိုသော် ဦးအောင်ခန့်ကို သူတို့ကုမ္ပဏီ တစ်ခုလုံးက ကွယ်ရာ၌ အသည်းမာတဲ့ယောက်ျား၊ စက်ရုပ်လူသား၊ သံမဏိအသည်းနဲ့လူ စသည်ဖြင့် အမျိုးအမျိုး တင်စားခေါ် ရလောက်အောင်ပင် မိန်းမကိစ္စ ကင်းရှင်းလွန်းသော သူတို့၏ ကုမ္ပဏီသူဌေး ဦးအောင်ခန့်သည် ယခုတော့ မျက်တောင်မခတ် တမ်း ရှုစားနေပါလားဟု. . .

"အစ်ကိုကြီး ယုဇနကို သွားဖို့ကိစ္စ. . ."

အောင်ခန့်က ခင်သန္တာမိုးအား မကျေမနပ် မျက်မှောင် ချိုကြည့်ကာ. . .

"ညည်းပြန်တော့၊ ဦးဇေကိုသာ လွှတ်လိုက်၊ ပြီးရင် ငါ့ဆီ ကို ကားပြန်လွှတ်"

ခင်သန္တာမိုး အံ့အားသင့်သွားသည်။ တစ်ခုခုပြောရန် အားယူလိုက်သော်လည်း. . .

"ငါ အမိန့်ပေးနေတယ် ခင်သန္တာ၊ ငါ့ကို ဘာမှ ပြန်မ ပြောနဲ့တော့"

အောင်ခန့်သည် အလိုက်ကန်းဆိုးမသိသော ခင်သန္တာ မိုးအပေါ် ပထမဦးဆုံးအကြိမ်အဖြစ် စိတ်ကွက်မိခြင်း ဖြစ်သည်။ ခင်သန္တာမိုး ထွက်သွားသည်။ အောင်ခန့်က ရိုက်ကွင်းဆီသို့သာ အာရုံဖြန့်ကြက်လျက်. . .

အချိန်တို့သည် ကုန်မြန်လွန်းလှသည်ဟု အောင်ခန့် ထင်လိုက်ရသည်။ အဘယ်ကြောင့်ဆိုသော် သူ့အားဆွဲဆောင် နိုင်မှုရှိသော အမျိုးသမီး၏ကဏ္ဍ ပြီးဆုံးသွားသောကြောင့်ပင်။





"ဘယ့်နှယ်လဲ"

"သူ့နာမည် ဘယ်သူလဲ"

"ပန်မမ"

"ပန်မမ ဟုတ်လား၊ ပန်းမမလား ပန်မမလား"

မရေမရာဖြစ်သဖြင့် သဲကွဲသွားစေရန် သူပြန်မေးလိုက် သည်။

"ပန်မမပါ ဦးအောင်ခန့် ဘာဖြစ်လို့လဲ"

"ကောင်းတယ်၊ ပန်းမမဆိုတဲ့နာမည်ဆိုရင် မကောင်း ဘူး၊ ဒါပေမယ့် ပန်မမဆိုတဲ့နာမည်က ဆွဲဆောင်မှုရှိသလိုပဲ၊ ခင်ဗျား သူ့ကိုရွေးဗျာ"

မိုးဟိန်းကျော်ရင်ထဲ ကျိတ်၍ဝမ်းသာသွားရသည်။

သူကိုယ်တိုင် ပန်မမအား ဇာတ်ပို့ကားကတည်းက သဘောကျပြီးသား ဖြစ်နေသည်။ ဤကားကိုလည်း သူမနှင့် ရိုက်ရန် သင့်တော်သည်ဟု တွက်ဆပြီးသားဖြစ်သည်။ သို့သော် ယခုလိုဖန်တီးမှုက ပရိသတ်ကို ဆွဲဆောင်ခြင်းတစ်မျိုး ဖြစ် ကြောင်း ပရိုဂျူဆာအသစ် ဦးအောင်ခန့် သိမည်မဟုတ်သဖြင့် ရှင်းမပြတော့။

သို့သော် သူတင်ချင်သည့် မင်းသမီးကို ပရိုဂျူဆာ ကိုယ်တိုင် သဘောကျလိုလားသည် ဆိုခြင်းသည် သူ့အတွက် ထီတစ်ကြိမ်ပေါက်ပြီဟုသာ ဝမ်းသာအားရ မှတ်ယူရင်း . . .

"အားလုံး ကောင်းကြတာပဲမဟုတ်ဘူးလား ဦးအောင် ခန့်"



www.burmeseclassic.com

"ဒါတော့ ကျွန်တော် မသိဘူး"

"ဒါဖြင့် ပန်မမကိုမှ ဘာဖြစ်လို့ ရွေးခိုင်းသလဲ"

"ကျွန်တော် သွားစရာရှိတဲ့ကိစ္စတစ်ခုကို မသွားဖြစ်အောင် ဆွဲဆောင်နိုင်တဲ့ အမျိုးသမီးကိုမှ မရွေးရင်. . ခင်ဗျား ဘယ်သူ့ကို ရွေးချယ်မှာလဲ ဦးမိုးဟိန်းကျော်"

မိုးဟိန်းကျော်က ရယ်သွေးသမ်းကာ . . .

"ခင်ဗျားသဘောပါဗျာ၊ ကျွန်တော် သူ့ကိုပဲရွေးလိုက်ပါ့မယ်"

မိုးဟိန်းကျော်က ဖိတ်ကြားထားသူများရှေ့မှောက်၌ ပန်မမကို ရွေးချယ်လိုက်ကြောင်း ကြေညာလိုက်သည်။

ပန်မမက မျက်ရည်လေးများ ရစ်ဝဲသည်အထိ ပီတိဖြစ်သွားသည်ကိုပင် အောင်ခန့် မှင်တက်၍ ငေးမိလေတော့သည်။ မိုးဟိန်းကျော်က ပန်မမကို သူ့ရှေ့မှောက်သို့ခေါ်ဆောင်လာပြီး မိတ်ဆက်ပေးသောအခါ အောင်ခန့်မှာ လက်ကမ်းရမလိုလို မကမ်းရမလိုလို ယောင်ချာချာဖြစ်စိတ်တွေ လှုပ်ရှားကာ ဘာပြောရမှန်းမသိဘဲ ခေါင်းကလေးဆတ်ကာ အသိအမှတ်ပြုလိုက်လေသည်။

ဒါကို ပန်မမက ဣန္ဒြေသိက္ခာကြီးသော ထုတ်လုပ်သူသူဌေးမင်းဟု ရှိသေစွာ ခေါင်းကလေးညွတ်လျက်. . .

"တွေ့ရတာ ဝမ်းသာပါတယ်ရှင်"

ယဉ်ကျေးသော အသံကလေးကိုကပင် သူ၏နှလုံးသားကို လှုပ်ကိုင်လိုက်သည့်နှယ်. . .






အောင်ခန့်အတွက် အလုပ်တစ်ခုတိုးလေပြီ။ ထိုနေ့မှ၍ ပန်မမ အိမ်ပြန်ရန် လိုက်ပို့ပေးသောအလုပ် စတင်လုပ်မိလေ၏။



www.burmeseclassic.com



# အခန်း (၅)

ကန္တာရနှင်းဆီ ကန်တော့ပွဲပေးသည့် အခမ်းအနားသို့ အောင်ခန့် မတက်ရောက်နိုင်ခဲ့။ စင်ကာပူနှင့်ဘန်ကောက်သို့ အလုပ်ကိစ္စအတွက် ခရီးသွားနေသောကြောင့် ဖြစ်သည်။

သူပြန်ရောက်သည်နှင့် အပတ်စဉ်ထုတ် ဂျာနယ်များ၌ ကန္တာရနှင်းဆီကန်တော့ပွဲပေး အခမ်းအနားသည် ဝေဝေဆာဆာ မြိုင်မြိုင်ဆိုင်ဆိုင် ပါလာသည်။

မင်းသားနိုင်အောင်နှင့် မင်းသမီးသစ် ပန်မမ၊ ထုတ်





လုပ်သူ ပရိုဂျူဆာကလည်း အသစ်။ ဒါရိုက်တာက တက်သစ်စ လူငယ် မိုးဟိန်းကျော် စသည်ဖြင့် . . .

ကန္တာရနှင်းဆီသည် ပရိသတ်များကို ဆွဲဆောင်ဖမ်းစားနိုင်အောင် စာနယ်ဇင်းသမားများက များစွာပံ့ပိုးထားသည်ကို တွေ့ရသည်။

သည်ကြားထဲ ပရိုဂျူဆာသူဌေးမှာ ယနေ့စီးပွားရေးလောက၌ အောင်မြင်ကျော်ကြားနေသော လုပ်ငန်းရှင်လူငယ်တစ်ယောက်ဖြစ်ပြီး အနုပညာကို စိတ်ဝင်စားသဖြင့် အနုပညာနယ်ပယ်သို့ ပထမဦးဆုံးသော ခြေလှမ်းသစ်အဖြစ် ဝင်ရောက်ခြင်း . . စသည်ဖြင့် . . .

ဩော် . . . သူတို့လောကက တစ်မျိုးပါလား၊ စာနယ်ဇင်းသမားတွေရဲ့ ပံ့ပိုးမှုကလည်း အဓိကကဏ္ဍတစ်ရပ်အနေနဲ့ ရှိနေပါလား။ အောင်ခန့်သည် ဂျာနယ်မှ သတင်းစဉ်များကို ဖတ်ပြီး စိတ်တွင်း၌ ကောက်ချက်ချလိုက်သည်။

ထို့နောက် ဓါတ်ပုံသတင်း၌ သက်ဝင်လှုပ်ရှားနေသော ပန်မမ၏ ဓာတ်ပုံများကို ကျေနပ်စွာကြည့်မိ၏။ အမြဲတမ်း မျက်နှာထားတင်းတင်းနှင့် တစ်လောကလုံး၌ သူသာပညာအတတ်ဆုံးလိုလို သူကိုယ်သူ ဘုရင်မလိုလို ထီမထင်မျက်နှာမျိုးနှင့် ပညာဂုဏ်မောက်ကာ မာနကြီးသော ကုဋ္ဌေနန်းထိုက်နှင့်လည်း ဘာမှမဆိုင်။

သွက်လက်ချက်ချာပြီး လှပသော်လည်း အေးချမ်းတည်ငြိမ်သော ခင်သန္တာမိုးနှင့်လည်းမတူ။ လှသော ချစ်စရာကောင်း



www.burmeseclassic.com

သော ဆွဲဆောင်နိုင်သော ညို့မျက်ဝန်းများနှင့် အမူအရာလေးများက ဒေါင်းမပျိုသဖွယ် ကြွကြွရွရွလေး ရှိနေသော ပန်မမ၏ အလှသည်သာ. . .

"ခန့် အိမ်ရောက်ပြီလေ"

"ဟင်. . . ဪ. . . ဟုတ်ကဲ့ ဦးလေးမောင်"

အောင်ခန့်၏ စိတ်နှလုံးနှင့် သတိတရားကိုပါ ပန်မမက ညို့ငင်ယူဆောင်သွားလေပြီ ထင်ပါသည်။ ကားသည် အိမ်ရှေ့ပေါ်တီကိုရှေ့ ရောက်နေသည်ကိုပင် သတိမပြုမိလောက်အောင် ဖြစ်သွားရသည်။

ခါတိုင်းဆို သူ့ကားသံကြားလျှင် ရောက်ရာအရပ်မှ သူ့ထံသို့ လာတတ်သော အစ်မဖြစ်သူကို မတွေ့ရသဖြင့် အောင်ခန့် စိတ်ပူသွားသည်။ အိမ်ဖော်မလေးကို . . .

"မမကောဟင်"

"မမ နေမကောင်းဘူး"

"ဟင်"

အောင်ခန့် စိုးရိမ်ပူပန်စွာဖြင့် အစ်မဖြစ်သူရှိရာ အပေါ်ထပ်သို့ ပြေးတက်ခဲ့လေသည်။

မေသန့် အခန်းထဲသို့ ရောက်သောအခါ ကုဋေနန်းထိုက်နှင့် ထဘီအပြာဝတ်ထားသော သူနာပြုဆရာမတစ်ဦးကိုပါ တွေ့လိုက်ရသည်။ မေသန့်ကတော့ အိပ်ရာထဲဝယ်မှိန်းလျက်

"ဟင် . . . မမ ဘာဖြစ်လို့လဲ"

"ထုံးစံအတိုင်းပဲပေါ့ ဦးအောင်ခန့်"





ကုဋေနန်းထိုက်က သူစိမ်းဖြစ်သော သူနာပြုဆရာမလေးရှေ့၌ဖြစ်သောကြောင့် အောင်ခန့်ကို ဦးတပ်ခေါ်လိုက်ခြင်းဖြစ်သည်။ ဒါကို အောင်ခန့်ကလည်း ရိပ်မိပါသည်။

"ဦးအောင်ခန့် အချိန်ပေးနိုင်ရင် ကျွန်မစကားပြောချင်ပါတယ်"

ဘယ်လောက် ကြောင်စီစီနိုင်သော မိန်းမလဲဟု အောင်ခန့်က တွေးလိုက်ကာ. . .

"ရပါတယ်၊ ဧည့်ခန်းကိုကြွပါ"

သူမက ရှိသေသမှု ပြောဆိုလာတော့လည်း သူကလည်းရှိသေသမှု ပြန်၍ပြုရလေသည်။ အပေါ်ထပ် ဧည့်ခန်းတွင် နှစ်ဦးသား မျက်နှာချင်းဆိုင် ထိုင်မိကြသည်နှင့်. . .

"မမရဲ့ ရောဂါအနေအထားကို နင်သိပါတယ်နော်"

"သိပါတယ်၊ နင်မှာထားသလို ငါ မမကို စိတ်ချမ်းသာအောင် ထားတာပဲ"

"အရင်တုန်းက ဟုတ်ကောင်း ဟုတ်လိမ့်မယ်၊ အခုတော့ မဟုတ်တော့ဘူး"

နှစ်ယောက်တည်း ရှိသည့်အခါ ငယ်စဉ်ကကဲ့သို့ပင် နင်ငါ ပြန်ဖြစ်သွားလေသည်။

"ဘာဖြစ်လို့လဲ"

"နင် ရုပ်ရှင်ပရိုဂျူဆာ လုပ်လိုက်တဲ့ကိစ္စနဲ့ ပတ်သက်ပြီး မမဟာ လုံးဝစိတ်ချမ်းသာပုံမရဘူး၊ ငါ့ကို ရင်ဖွင့်တယ်"

"နင်က အဆင်းဘီးတပ်ပေးလိုက်ကောလား"



www.burmeseclassic.com

"ဘာ. . ."

ကုဋ္ဌေနန်းထိုက်၏ မျက်နှာသည် နီရဲသွားပြီး သူ့အား မကျေမနပ် လှမ်းကြည့်လိုက်သည်။

"နင့်စကားကို နင်ပြန်ရုပ်သိမ်းလိုက်ပါ အောင်ခန့်"

"ဆောရီး ကုဋ္ဌေ၊ ငါက နောက်လိုက်တာပါ"

အစ်မကို ကုပေးနေသော ဆရာဝန်တစ်ဦးအနေဖြင့် သူ လေးစားရမည်။

"ကောင်းပြီလေ. . . နောက်ကို ဆင်ခြင်ပါ။ တစ်ဖက်သား နစ်နာသွားစေမယ့် စကားမျိုး မသုံးမိအောင် ဂရုစိုက်ပါ"

ဤကဲ့သို့သောမိန်းမကို အိမ်သူအနေနဲ့ သူ မစဉ်စားခြင်းသည် သူ၏ အလွန်မဟုတ်ဟု သူထင်သည်။

"ပြောပါဦး မမအကြောင်း"

"သတင်းဂျာနယ်တွေမှာ နင့်ရဲ့ ကန္တာရနှင်းဆီကားအကြောင်း ပါလာတော့ မမမှာ စိုးရိမ်စိတ်ဝင်လာပြီး ညဘက်မအိပ်တော့တာမျိုး ဖြစ်လာရတာ မနေ့က လှေကားပေါ်အတက်မှာ မူးလဲသွားတယ်"

"ဟင်. . ထိမိခိုက်မိသွားသေးလား"

"ခေါင်းနဲ့ နံရံနဲ့ နည်းနည်းထိမိသွားတယ်၊ ဒါပေမယ့် စိုးရိမ်ရတဲ့ အနေအထားမျိုးတော့ မဟုတ်ပါဘူး၊ သူကိုယ်တိုင် နင် ရုပ်ရှင်ဗီဒီယိုလောကကို ကူးပြောင်းသွားမှာ အင်မတန် စိုးရိမ်နေတယ်"

"ငါက အပြောင်းအလဲ သဘောမျိုးနဲ့ လုပ်ကြည့်တာပဲ၊





အမြဲတမ်းလုပ်မယ်လို့ မရည်ရွယ်ပါဘူး၊ အထူးသဖြင့် မမ သဘောမတူတဲ့ အလုပ်မျိုး ငါ မလုပ်တော့ဘူး၊ မမကို ငါ ဖျောင်းဖျပေးမှာပါ"

"အေးလေ. . . နင်လဲ ဖျောင်းဖျောင်းဖျဖျ ပြောပေါ့ ဒါပေမယ့် နင့်ကို ငါအကြံပေးချင်တာ တစ်ခုတော့ရှိတယ်၊ အဲဒါဘာလဲဆိုတော့ မမနဲ့ နင် အပန်းဖြေခရီးတစ်ခုကို ရက်ရှည်ထွက်ပေးသင့်တယ်လို့ ငါ လူနာအတွက် ပြောပါရစေ"

ကုဋ္ဌေနန်းထိုက်အတွက် မမသည် လူနာဖြစ်သကဲ့သို့ မမသည် သူ၏အစ်မ ဖြစ်နေခြင်းကြောင့် လည်းကောင်း၊ မမ အကျိုးအတွက် ပြောနေခြင်းကြောင့်လည်းကောင်း အောင်ခန့်အနေဖြင့် ကုဋ္ဌေနန်းထိုက်စကားကို အတော်သည်းခံ၍ နာခံလိုက်ရသည်။

"ငါ ကြိုးစားပါ့မယ်၊ အခုလောလောဆယ်တော့ ငါ့မှာ လုပ်ငန်းတွေ သိပ်များသေးလို့ စီစဉ်နိုင်မှာ မဟုတ်သေးဘူး"

"ကောင်းပြီလေ၊ မမ စိတ်ဆင်းရဲရတဲ့အကြောင်းနဲ့ မမအတွက် နင်လုပ်ပေးသင့်တာကို ငါပြောပြပြီးပြီ၊ ငါ့ဘက်က တာဝန်ပြီးပြီ၊ နင့်ကဏ္ဍ နင်ဆောင်ရွက်ပေးတော့၊ ကိုင်း. . ငါလဲ ဆေးရုံဂျူတီ ဝင်ရဦးမယ်"

ကုဋ္ဌေနန်းထိုက်က ပြောပြောဆိုဆို ထိုင်ရာမှ ထလိုက်သည်။

"ဩော်. . မမအတွက် လိုအပ်မယ်ထင်လို့ နာ့စ်တစ်ဦး ငါငှားပေးထားတယ်၊ နင်သဘောတူပါတယ်နော်"



www.burmeseclassic.com

"မမအတွက်ဆိုရင် နင် ဘာလုပ်လုပ် ငါကျေနပ်တယ်"

အမြင်ကတ်ကတ်နှင့် ခပ်ရွတ်ရွတ်ကလေးပြောလိုက်သည်။ ကုဋ္ဌေနန်းထိုက်ကလည်း သိပါသည်။ အောင်ခန့် ဆိုသောသူသည် မိမိအပေါ်၌ ရာခိုင်နှုန်းပြည့် ကြည့်မရဖြစ်နေမှန်း၊ သို့သော် သူမအနေဖြင့် အရေးမစိုက်ပါ။ ယောကျ်ားတစ်ယောက် မိမိအပေါ် တိမ်းညွှတ်လာအောင် ဆောင်ရွက်မှ ယောကျ်ားရမည်ဆိုလျှင် မိမိတစ်သက်လုံး ယောကျ်ားမယူတော့ဟု ဆုံးဖြတ်ထားပြီးသား ဖြစ်သည်။

ကုဋ္ဌေနန်းထိုက်အပေါ်ထပ်မှ ပျောက်ကွယ်သွားမှ အောင်ခန့် လှုပ်ရှားရန် သတိရလိုက်သည်။

မမအနေဖြင့် မင်းသမီးများနှင့် ငြိစွန်းသွားမှာ စိုးရိမ်ခြင်းသည် အဆန်းတော့မဟုတ်။ မမသည် သာမန်လူထဲက သာမန်သာဖြစ်သည်။ အနုပညာကို မြတ်နိုးတတ်သည်မှန်သော်လည်း အနုပညာသည်တစ်ယောက်ကို မောင်တစ်ယောက်နှင့် နေရာချထားပေးရန်တော့ သဘောတူလိမ့်မည် မဟုတ်။

အောင်ခန့် သက်ပြင်းချလိုက်သည်။ ထို့နောက် ရေချိုးရန် မိမိအိပ်ခန်းဘက်ဆီသို့ လျှောက်သွားလိုက်သည်။

သည်နေ့ လုပ်ရမည့်အလုပ်များ တန်းစီနေသည်။ ထိုအထဲတွင် ကန္တာရနှင်းဆီရိုက်ကူးရာ စတူဒီယိုသို့ သွားရန်လည်း ပါလေသည်။







# အခန်း (၉)

'ကန္တာရနှင်းဆီ' အတွက် အင်ဒိုးရိုက်ကူးရန် ခုနစ်မိုင်ရှိ စတူဒီယိုခန်းမသို့ ရောက်သောအခါ မိုးဟိန်းကျော်ကို မတွေ့ရဘဲ မီးထိုးကင်မရာမင်းနှင့် ဇာတ်ရုံအချို့မျှသာ တွေ့သည်။

"ဒါရိုက်တာကြီးကောကွ"

"ရောက်မလာသေးပါဘူးဆရာ၊ မင်းသမီးတော့ ရောက်နေပါပြီ၊ ဧည့်ခန်းထဲမှာပါ"

"အေး. . . ဒါဖြင့် ငါလဲ စောင့်နေရုံပေါ့ကွာ"



www.burmeseclassic.com

အောင်ခန့်က ပြောပြောဆိုဆိုနှင့် ထုတ်လုပ်သူ၊ ဒါရိုက်တာ၊ မင်းသမီးတို့ နားနေနိုင်သော သီးသန့်ဧည့်ခန်းသို့ ဝင်လိုက်သည်။ အလိုမကျသော မျက်နှာနှင့် ထိုင်နေသော ပန်မမကို တွေ့လိုက်ရသောအခါ. .

"မင်္ဂလာပါ ပန်မမ"

"မင်္ဂလာပါ ဆရာ"

ပန်မမ၏ မျက်နှာသည် ချက်ချင်းအရောင်ပြောင်းလဲသွားသည်။ ညိုနေသော မျက်နှာလေး ဝင်းပသွားသည်။

"အတော်ပဲ ဆရာရယ်. . . ပန်မမရောက်နေတာ နာရီဝက်တောင် ရှိသွားပြီ၊ ဒါရိုက်တာက ရောက်မလာသေးဘူး၊ ဒါရိုက်တာရောက်ပြန်တော့လဲ မင်းသားရောက်ဦးမှ၊ ပန်မမတို့ မင်းသမီးတွေ ဘဝကတော့ ခံဘက်ကချည်းပါပဲ ဆရာရယ်"

ပန်မမစကားမှာ ရိုးသားသည်။ သို့သော် ထိုရိုးသားသော စကားကို စိတ်ဝင်စားဖွယ်ဖြစ်အောင် သူ ပြောတတ်သည်။ အောင်ခန့် စိတ်ဝင်စားသွားသည်။

"ရုပ်ရှင် ဗီဒီယိုဇာတ်ကားရဲ့ ဈေးဟာ မင်းသားအပေါ် မူတည်တယ်ဆို၊ ပန်မမတို့အတွက် အဝတ်အစားဖိုးကအစ လိုအပ်တာပေါ့"

"ဟုတ်တာပေါ့ ဆရာ၊ ပန်မမတို့လို တက်သစ်စအတွက် ပိုဆိုးတာပေါ့၊ ခုဆိုရင် ပန်မမ အဝတ်အစားဖိုးက အကြွေးတင်နေပြီ၊ နာမည်ကြီးသွားပြီး ဆယ်ကားဖိုး စာချုပ်ချုပ်ခံရတဲ့ဘဝ ရောက်သွားမှပဲ ပြန်ဆပ်ရတော့မှာ"





"ဖြစ်ရလေ ပန်မမရယ်"

အောင်ခန့်ရင်ထဲ သနားကရုဏာအိုင်လေး ဖြစ်ထွန်းသွားသည်။ ပန်မမ ရိုးသားစွာ ပွင့်ပွင့်လင်းလင်း ပြောဆိုခြင်းကပင် သူ့အတွက် ကရုဏာသက်စရာ ဖြစ်နေသည်။

"ပန်မမ အတွက်တော့ ဒီကားနဲ့စူပါတန်းဝင်သွားစေဖို့ အရမ်းကို ကြိုးစားနေရတာပါဆရာ၊ ဒီအတွက် ဆရာ့ကို အရမ်းကျေးဇူးတင်ပါတယ်၊ ဒီကားဖြစ်မြောက်အောင် ဆောင်ရွက်ပေးတဲ့အတွက်ရော၊ ပန်မမကို ရွေးချယ်စေတဲ့အတွက်ရော ဆရာ့ကို ပန်မမ ကျေးဇူးတင်လို့ မဆုံးပါဘူး၊ ညအိပ်ရာဝင်တိုင်းလဲ ဆရာ့ကို အမြဲကန်တော့တယ် သိလား"

ပန်မမ၏ စကားသံလေးများသည် သူ့နားအတွင်းသို့ စမ်းရေစီးသံအလား တစိမ့်စိမ့်ဝင်ရောက်လာလေသည်။

"ဒီလိုလုပ်ပါလား ပန်မမ"

"ရှင်"

သမင်မျက်လုံးကလေး၏ အပြစ်ကင်းစင်ပုံလေးဖြင့် ဝိုင်းစက်ပြကာ. . .

"ဘာကိုလဲ ဆရာ"

"ပန်မမအတွက် လိုအပ်တဲ့အဝတ်အစား အသုံးအဆောင်တွေ ဝယ်ဖို့ကို သီးခြားဘဏ်စာရင်း ဖွင့်ပေးထားမယ်၊ မင်းအဲဒီမှာပဲ ထုတ်ယူသုံးစွဲပါ၊ အကြွေးတွေလဲ ဆပ်လိုက်ပါ၊ အကြွေးဆိုတာ အတိုးနဲ့နစ်မွန်းရတဲ့အတွက် မကောင်းဘူး၊ ကိုယ့်ဘဏ်စာရင်းမှာဆိုတော့ မင်းအတိုးသက်သာသွားစေနိုင်တာ

www.burmeseclassic.com

ပေါ့”

“ဟင်. . . တ. . တကယ်ပြောနေတာလား”

ပန်မမ၏ ရွှင်လန်းဝမ်းမြောက်စွာ ဖြစ်သွားပုံမှာ တကယ့်ကို ကလေးတစ်ဦး၏ လိုချင်သောအရာရရှိသော အမူအရာမျိုးဖြစ်သည်။ အောင်ခန့်ကိုပါ သူမ၏ အပျော်ဝေဒနာများ ကူးစက်လေသည်။

“တကယ်ပေါ့”

“ပန်မမ အရမ်းကို ဝမ်းသာသွားပြီ ဆရာ”

“ကိုင်း. . . ပျော်လဲပျော်၊ ကိုယ်လဲ ညနေစာ မစားရသေးတော့ ဆာလာပြီ၊ တစ်ခုခုသွားစားရအောင်၊ ဟိုပုဂ္ဂိုလ်တွေကလဲ ခုထက်ထိ ရောက်မလာသေးပါလား”

“ဆရာ ပန်မမကို ဖိတ်ခေါ်နေတာလား”

“ဒါပေါ့၊ မင်းကိုမခေါ်လို့ ဘယ်သူ့ကိုခေါ်ရမှာလဲ”

“ထပ်ဆင့် ကျေးဇူးတင်သွားပြန်ပြီ ဆရာ၊ ကျွန်မသိပ်ဆာနေတာ”

ဟန်ဆောင်ကာ မူပိုတတ်သူမှာ သရုပ်ဆောင်မင်းသမီးများဟု အောင်ခန့် သိထားသော်လည်း ယခုထိုကဲ့သို့မဟုတ်ပါချေ။ ပန်မမသည် ဟန်ဆောင်မှု လုံးဝကင်းသော မိန်းကလေးတစ်ဦးဖြစ်သည်။

သူမ၏ရိုးသား ပွင့်လင်းခြင်းကပင် အောင်ခန့်စိတ်ကို ဆွဲဆောင်သွားနိုင်လေသည်။

“နီးနီးနားနား ဟောဝန်နန်းပဲသွားမယ်၊ ရမလား”





“ရပါတယ် ဆရာ”

မင်းသမီးနှင့် ထုတ်လုပ်သူ အတူတွဲကာ ထွက်သွားသည့်ကိစ္စကို အားလုံးက မျက်လုံးအပြူးသားကြည့်၍ ကျန်ရစ်ခဲ့ကြသည်။ တားဆီးပိုင်သော အခွင့်အရေးမျိုး သူတို့၌မရှိကြ။ သူတို့မှာ ရုပ်ရှင်လောက၏ အောက်ခြေ နေ့စားဝန်ထမ်းမျှသာ ဖြစ်နေခြင်းကြောင့်ပင်။

ဟောဝန်နန်းသို့ရောက်ပြီး ညစာစားကြရင်းနှင့် အောင်ခန့်နှင့် ပန်မမသည် တရင်းတနှီးဖြစ်သွားကြသည်။

ပန်မမသည် ဆာလောင်နေသူပီပီ ဟန်မဆောင်နိုင်ဘဲ ခပ်များများ စားသောက်လိုက်လေသည်။

ဒါကို အောင်ခန့်က သဘောကျသည်။ ကုဋ္ဋေနန်းထိုက်သာဆိုလျှင် ဘယ်အစားအစာက ဘာဖြစ်သည်၊ ညနေဘက်၌ အစားများများ မစားသင့်ကြောင်း ဘာကြောင်းနှင့် ဟန်ပြလောက်သာ စားသောက်သည်။ ဟန်ကြီးတစ်ခွဲသားနှင့် အမြဲရှိနေတတ်သည်။

မင်းသမီးဖြစ်သော ပန်မမမှာ ဟန်ဆောင်မှုကင်းစွာ စားသောက်လေသည်။ ပန်မမ၏ ရိုးသားခြင်း၊ ဟန်ဆောင်မှုကင်းခြင်းကိုကပင် အောင်ခန့်အတွက် စိတ်ဝင်စားစရာ မိန်းမတစ်ယောက် ဖြစ်လာလေသည်။



www.burmeseclassic.com



# အခန်း (၁၀)

အောင်ခန့်တို့ စတူဒီယိုခန်းမသို့ ပြန်လည်ရောက်သော အခါ ဒါရိုက်တာမိုးဟိန်းကျော် ရောက်ရှိနေလေပြီ။ စိတ်ပျက်သောအသံဖြင့် . . .

"ဘယ်ကို သွားကြတာလဲဗျာ"

"ခင်ဗျားကို မေးရမှာဗျ"

အောင်ခန့်က အချိန်ကိုမလေးစားသော မိုးဟိန်းကျော်ကို မကျေမနပ်စိတ်ဖြင့် ပြန်လည်မေးခွန်းထုတ်လိုက်သည်။





မိုးဟိန်းကျော်က ရုတ်တရက်ကြောင်သွားသည်။ ဖြေရန် အဖြေကို ရုတ်တရက် စဉ်းစား၍မရခင် အောင်ခန့်က. . .

"ကိုင်း. . . ကျွန်တော်လဲ နိုင်ငံခြားသား ဧည့်သည်တွေနဲ့ တွေ့ဖို့ ချိန်းထားလို့ ပြန်လိုက်ဦးမယ်၊ ခင်ဗျားရဲ့လုပ်ငန်းပိုင်းမှာ ကျွန်တော် ဘာမှမစွက်ဖက်ချင်ပေမယ့် ပညာရှိသတိဖြစ်စဲ ဖြစ်မှာစိုးလို့ တစ်ခုတော့ သတိပေးပါရစေ ဦးမိုးဟိန်းကျော်"

မိုးဟိန်းကျော်က သူ့အား စိတ်ပျက်လက်ပျက်ဟန်နှင့် လှမ်းကြည့်လိုက်သည်။

"နောက်ဆိုရင် အချိန်ကို လေးလေးစားစား အလုပ်လုပ်ပါ၊ ကျွန်တော် ခင်ဗျားကို တစ်နာရီနီးပါး စောင့်ဆိုင်းခဲ့ရတယ်"

မိုးဟိန်းကျော် တစ်စုံတစ်ခုပြောရန် ပါးစပ်ပြင်လိုက်စဉ် အောင်ခန့်က ပန်မမဘက်အားလှည့်ကာ ကြည်သာရွှင်လန်းသောမျက်နှာဖြင့် . . .

"ပန်မမ. . . ကိုယ်ပြန်မယ်၊ လိုအပ်တဲ့အခက်အခဲ အကူအညီရှိရင် ကိုယ်ပေးထားတဲ့ နံပါတ်အတိုင်း ဖုန်းဆက်ဖို့ မမေ့နဲ့ ဟုတ်လား"

"ဟုတ်ကဲ့ပါ ဆရာ"

အောင်ခန့် စတူဒီယိုခန်းမကို ကျောခိုင်းထွက်ခဲ့လေသည်။ သူကားအတွက် ကန္တာရနှင်းဆီ၏ ဇာတ်ဆောင်မင်းသားနိုင်အောင်၏ ပါဂျရိုကားဝင်လာသည်ကို တွေ့လိုက်ရသဖြင့် အောင်ခန့်သည် ပန်မမကိုယ်စား ဒေါသစိတ်ကလေး ပြူထသွားခဲ့လေသည်။

www.burmeseclassic.com

ထိုည. . .

သူအိမ်ရောက်ပြီး မကြာခင် တယ်လီဖုန်းသံ ထွက်ပေါ်လာသည်။

"ဟဲလို"

"ဦးအောင်ခန့်လား၊ ကျွန်တော် မိုးဟိန်းကျော်ပါ"

"အား. . . ဟုတ်ပြီ၊ ပြော ဦးမိုးဟိန်း၊ ဘာကိစ္စရှိလို့လဲ"

"ဦးအောင်ခန့်ကို ကျွန်တော်တစ်ခု မေတ္တာရပ်ခံချင်လို့ပါ"

"ဘာများပါလိမ့်ဗျာ"

"ကျွန်တော်ဟာ ကန္တာရနှင်းဆီအောင်မြင်ရေး၊ ပရိသတ်တွေ ကြိုက်နှစ်သက်စေရေးအတွက် သိပ်ကိုကြိုးစားနေရတယ်ဆိုတာ ဦးအောင်ခန့် ရိပ်မိမှာပါ"

မိုးဟိန်းကျော် ကြိုးစားသည်မှာ မှန်သော်လည်း သည်ကနေ့လို အချိန်မလေးစားမှုမျိုးကို သူမနှစ်သက်ပေ။ သို့သော် သူ့ကြားဖြတ်စကားမဝင်နိုင်အောင် မိုးဟိန်းကျော်က ရေပက်မဝင်တမ်း ပြောဆိုနေလေသဖြင့် သူငြိမ်သက်၍ နားထောင်နေလိုက်သည်။

"ကျွန်တော် ဒါရိုက်တာတစ်ယောက်အနေနဲ့ ပြောရရင် မင်းသား မင်းသမီးတွေ သရုပ်ဆောင်တဲ့နေရာမှာ ဈာန်ဝင်ဖို့ အရေးကြီးပါတယ် ဦးအောင်ခန့်၊ ကျွန်တော်တမင်ပဲ ပန်မမကို အမှန်တကယ် ရိုက်ကူးမယ့် အချိန်ထက်ကိုစောပြီး လာစေပြီး စောင့်ခိုင်းထားတာပါ"





"ဗျာ . . . ဘာဖြစ်လို့လဲ"

အောင်ခန့်အတွက် အင်မတန်ထူးဆန်းသော စကားပင်ဖြစ်ရာ မနေသာဘဲ မေးလိုက်မိသည်။

"ဒီလိုပါ ဦးအောင်ခန့်၊ ဇာတ်လမ်းအရ မင်းသား မလာနိုင်လို့ မင်းသမီးက စောင့်နေရမယ်၊ အဲဒီလို စောင့်ရင်း မင်းသမီးရဲ့ ရင်ထဲမှာ မင်းသားအပေါ် မကျေနပ်ချက်တွေဖြစ်ပေါ်ပြီး ရင်ထဲမှာ ဒေါသစိတ်ကလေးနဲ့ စိတ်လှုပ်ရှားလာမယ်၊ အဲဒီအချိန်မှာ ရုပ်ရှင်ရိုက်ရင်း တကယ့်ခံစားချက်အတိုင်းပေါ်လွင်စေနိုင်ပါတယ် ဦးအောင်ခန့်"

"ဪ"

"ဒီလိုပါပဲ၊ ချစ်ခန်းကြိုက်ခန်း ရိုက်တဲ့အခါလဲ မင်းသား မင်းသမီးတွေ ဈာန်ဝင်ဖို့လိုပါတယ်၊ ကျွန်တော်တို့ အနုပညာလောကအတွက် ဈာန်ဟာ အင်မတန်ကို အရေးပါပါတယ် ဦးအောင်ခန့်၊ ဒီနေ့ကိစ္စကိုပဲကြည့်ပါ ဦးအောင်ခန့်"

အောင်ခန့်အတွက် နားထောင်သူသက်သက် ဖြစ်သွားလေသည်။

"ပန်မမ စိတ်ဆိုးရမယ့် အခန်းကိုရိုက်တော့ ပန်မမ ကျွန်တော်နဲ့ မင်းသားအပေါ် စိတ်ဆိုးလှုပ်ရှားနေရမယ့်အတွင်း စိတ်ဟာ ဦးအောင်ခန့်အပြင်ကို ခေါ်ထုတ်ပြီး သူ့ကို ကျေနပ်မှုတွေပေးလိုက်တော့ ပန်မမစိတ်တွေ ရွှင်လန်းတက်ကြွနေပြီး ဒီနေ့ ကားရိုက်ရတာ ဘယ်လိုမှ သက်ဝင်လှုပ်ရှားမှုလိုချင်တဲ့ မျိုးမရလို့ ရှုတင်ကို ကျွန်တော်ဖျက်လိုက်ရတယ်လေ၊ ဒါ



www.burmeseclassic.com

ကြောင့် နောက်ဆိုရင် ဦးအောင်ခန့်အနေနဲ့ သရုပ်ဆောင်တွေ အထူးသဖြင့် ပန်မမနဲ့ ဆက်သွယ်တဲ့နေရာမှာ ကျွန်တော်က တစ်ဆင့် ဆက်သွယ်ပါလို့ မေတ္တာရပ်ခံပါတယ်"

ဦးအောင်ခန့်ရင်ထဲ မခံချိမခံသာဖြစ်သွားကာ ဒေါသစိတ်က ထောင်းခနဲဖြစ်ပေါ်လာသည်။ သို့သော် သူ့စိတ်ကိုသူ ပြန်ထိန်းလိုက်ပြီး . . .

"ခင်ဗျားတို့ လောကက တစ်မျိုးပါလားဗျာ"

ဟုသာ ပြောလိုက်လေသည်။







# အခန်း (၁၁)

ဦးအောင်ခန့်တစ်ယောက် ရုပ်ရှင်ရိုက်ကူးရာဘက်သို့ သာခြေဦးအလှည့်များနေကြောင်းကို ရိပ်မိသိရှိနေသော မေသန့်မှာ မောင်ဖြစ်သူ၏ ပြန်အလာကို မအိပ်တမ်း ထိုင်စောင့်၍ နေလေသည်။

ညဉ့်နက်သန်းခေါင်ကျော်မှ ပြန်ရောက်လာသော အောင်ခန့်သည် အစ်မဖြစ်သူကို ညော့်ခန်း၌ ဘွားခနဲ တွေ့လိုက်



www.burmeseclassic.com

ရသောအခါ အံ့အားသင့်သွားသည်။

"ဟင်. . . မမ ဒီအချိန်အထိ မအိပ်သေးဘူးလား"

"မင်းလာမှ ငါ့အိပ်ချိန်ဆိုတာကို မေ့နေပြီလား ခန့်"

မေသန့်က သည်အရွယ်သည် ဆူပူကြိမ်းမောင်း၍ မရနိုင်တော့ကြောင်း နားလည်ထားသည်။ မောင်ဖြစ်သူ နားဝင်အောင် သူမည်ကဲ့သို့ ပြောကြားရမည်ကို ထိုင်စဉ်းစားထားပြီး ဖြစ်သည်။

"ကျွန်တော့်ကိစ္စ မပြတ်သေးလို့ပါ"

"ဘာကိစ္စလဲ၊ မင်းသမီးကို လိုက်ပို့ပေးတဲ့ကိစ္စလား"

"တစ်ခါတစ်ရံပါ၊ မမဆေးသောက်ပြီးပြီလား၊ နွားနို့ကို ဆက်ငှားထားပါဆိုတော့လဲ မမတို့က နွားမြောစရာမရှိ ကြံဖန်နွားမြောနေ"

အောင်ခန့်က မိမိအပေါ် ကျရောက်လာမည့် မြားဦးကို ရှောင်လွှဲရန် ကြိုးစားလိုက်သည်။ သို့သော် မေသန့်က လက်မခံဘဲ. . .

"ငါက အိပ်ရာထဲ လဲနေတဲ့ လူနာမှမဟုတ်ဘဲ ခန့်၊ ပြောစမ်း ခန့်၊ မင်းတို့ရုပ်ရှင်က မပြီးသေးဘူးလား၊ အခြေအနေက ဘယ်အထိ ရောက်သွားပြီလဲ"

"ဒါတွေ ကျွန်တော် နားမလည်ပါဘူး၊ ကျွန်တော်က လိုအပ်တဲ့ငွေ ထုတ်ပေးပြီး စာရင်းဇယား စစ်ဆေးဖို့နဲ့ ဖြန့်ချိဖို့ ကိစ္စအတွက် လိုအပ်သလို ဆောင်ရွက်ပေးနေတာလောက်ပဲ ရှိပါတယ်"





"အေး. . . ဒီလိုဆို ခန့် ဒါရိုက်တာကို မေးကြည့်လိုက်ပါဦး၊ ဘယ်တော့လောက် လက်စသတ်မလဲလို့"

"ဘာဖြစ်လို့လဲ မမ"

"ဩော်. . . မမတို့ ဘိုးဘွားလက်ထက်ကတည်းက ဝယ်ထားခဲ့တဲ့ ပြင်ဦးလွင်ခြံကို မရောက်တာလဲကြာပြီ မဟုတ်လား၊ ပြီးတော့ ခန့်ပဲ တိုက်အိုကြီးကို ရှေးလက်ရာလဲ မပျက် ဆန်းသစ်ခမ်းနားအောင်လဲ ပြင်ခိုင်းထားတယ် မဟုတ်လား၊ အဲဒီပြင်ပြီးမှ အခြေအနေကို မမတို့ မကြည့်ရသေးဘူးလေ၊ သွားကြည့်ရအောင်လား"

"နေပါဦး မမရယ်၊ အလုပ်တွေက သိပ်များနေလို့ပါ"

မေသန့်က အောင်ခန့်အား မျက်စောင်းထိုးကာ. . .

"ဘာလဲ ရိုက်ကွင်းကိုသွားပြီး မင်းသမီးကို ကြည့်ခွင့် မရမှာ စိုးလို့လား"

"မဟုတ်ပါဘူး မမရာ"

"ဒါပဲနော် ခန့်၊ ရုပ်ရှင်မင်းသမီးကို ယူဖို့တော့ စိတ်မကူး လိုက်လေနဲ့၊ ငါ့ကို မင်း သေခန်းဖြတ်နိုင်ရင်တော့ လုပ်ပေါ့"

"ဟာ မဟုတ်တာ မမရာ၊ ကျွန်တော့်အသည်းက မာပါတယ်"

"အေးပါ. . . အေးပါ၊ တစ်သက်လုံးပဲ မာသွားပါစေလို့ ဆုတောင်းရတော့မှာပဲ"

"မမကလဲဗျာ"

အောင်ခန့်က အစ်မဖြစ်သူအား ကျေနပ်စေရန် ချော့



www.burmeseclassic.com


လိုက်လေသည်။ အောင်ခန့်ရှင်ထဲမှာတော့ လှုပ်ရှားရိုက်ခတ်နေသည်။ သူ့မမကတော့ ရုပ်ရှင်မင်းသမီးကို ယူပါက တစ်သက်လုံး ခွင့်လွှတ်လိမ့်မည် မဟုတ်ကြောင်း သူသိပါသည်။

ခက်နေသည်က သူကိုယ်တိုင် ရိုက်ကွင်းသို့သွားကာ ပန်မမ၏ လှုပ်ရှားမှုလေးများကို မကြည့်ရလျှင် မနေနိုင်အောင် ဖြစ်နေခြင်းကြောင့်ပင်။

မမကို ပြောသကဲ့သို့ မိမိအသည်း အမှန်တကယ်ပဲ မာနိုင်ပါ့မလားဟု ကိုယ့်ကိုယ်ကိုပင် သံသယဝင်လျက်. . .







# အခန်း (၁၂)

အစ်မဖြစ်သူက သတိပေးထားသဖြင့် ရုပ်ရှင်ရိုက်ကူးရာနေရာသို့ သူမရောက်ခဲ့သည်မှာ သုံးလေးရက်ရှိနေပြီ။

သည်နေ့တွင် မနေနိုင်ဘဲ ရုပ်ရှင်ရိုက်ကူးရာနေရာသို့ သူရောက်သွားခဲ့သည်။ ရိုက်ကွင်း၌ မိုးဟိန်းကျော်က စိတ်ပါဝင်စားစွာ သွန်သင်ညွှန်ပြပြီး ရိုက်ကူးလျက်ရှိသည်။

မင်းသားမင်းသမီး ချစ်ကြိုက်ခန်းကို ရိုက်ကူးနေခြင်းဖြစ်ရာ ဒါရိုက်တာက မင်းသားအမူအရာ မကြိုက်ဟုဆိုကာ ထပ်



www.burmeseclassic.com

ခါတလဲလဲပြန်ရိုက်ပြီး သူကိုယ်တိုင် မင်းသမီးကိုပွေ့ဖက်ပြီး သရုပ်ဆောင်ပြသည်။

ဤမြင်ကွင်းကို အောင်ခန့် မြင်တွေ့ရကာ သူ့ရင်ထဲ တစ်မျိုးဖြစ်သွားသည်။ ရင်တလှပ်လှပ် ခုန်လာပြီး ဘယ်သူ့ကိုမှ မနှုတ်ဆက်တော့ဘဲ ရိုက်ကွင်းမှ တိတ်တဆိတ်ထွက်ခွာလာခဲ့လေသည်။

သူ့ရင်ထဲ မခံစားစဖူး ခံစားရသော ဝေဒနာရပ်ကြောင့် ကုမ္ပဏီကိစ္စကိုပါ ဆက်လက်မလုပ်ချင်တော့ဘဲ မန်နေဂျာနှင့်လည်းကောင်း၊ ခင်သန္တာမိုးနှင့်လည်းကောင်း လိုအပ်သည်များကို ဖုန်းဖြင့် လှမ်းညွှန်ကြားလိုက်သည်။

ဒရိုင်ဘာ ဦးလေးမောင်ကိုလည်း အိမ်သို့ ပြန်ရန်သာ ညွှန်ကြားလိုက်သည်။ အိမ်သို့ ညနေချိန် ဘယ်တုန်းကမှ ပြန်မရောက်တတ်သော အောင်ခန့်ကို မြင်သည်နှင့် မေသန့်က တအံ့တသြကြည့်နေမိသည်။

မောင်ဖြစ်သူ မျက်နှာမကောင်းဖြစ်နေသည်ကို သတိထားမိသော မေသန့်က အကျိုးအကြောင်း မေးလေတော့သည်။

"ခန့် မျက်နှာလဲမကောင်းပါလား၊ ဘာဖြစ်လို့လဲ"

"ဟုတ်တယ် မမ၊ နည်းနည်းခေါင်းမူးနေလို့ပါ"

ပြောပြောဆိုဆိုနှင့် အောင်ခန့်သည် အပေါ်ထပ်သို့ တက်ကာ သူ၏အိပ်ခန်းထဲသို့ တောက်လျှောက်ဝင်သွားလေတော့သည်။ မေသန့်မှာ မောင်ဖြစ်သူ ဧည့်ခန်းထဲသို့ ဝင်သွားသည်နှင့် . . .





"ဦးလေးမောင်"

"ဟုတ်ကဲ့ မသန့်"

"ကုမ္ပဏီကို သွားခေါ်ပေးပါဦး၊ ခန့် ဖျားနေလို့ လို့ပြောလိုက်နော်၊ ကျွန်မ ခေါ်ခိုင်းတယ်လို့"

"ဟုတ်ကဲ့ မသန့်"

မေသန့်က အိမ်ဖော်မလေးကို ရေနွေးတွေဘာတွေ အဆင်သင့်လုပ်ထားဖို့ပြောပြီး အပေါ်ထပ်သို့ တက်ခဲ့ကာ မောင်ဖြစ်သူ၏ အိပ်ခန်းအတွင်းသို့ ဝင်လိုက်သည်။

အိပ်ရာထဲဝယ် အဝတ်အစားမလဲဘဲ လဲလျောင်းနေသော အောင်ခန့်ကို မြင်ရသည်နှင့် စိုးရိမ်ပူပန်သွားသည်။

"ဟင် . . . ခန့်၊ တော်တော်မူးနေသလား"

မေသန့်က အောင်ခန့်၏ နဖူးကို စမ်းသပ်လိုက်သည်။

"ကိုယ်တော့ သိပ်မပူပါဘူး"

"အလုပ်ပင်ပန်းလာလို့ ငြီးစီစီဖြစ်သွားပြီး နားချင်လို့ပါမမရာ"

အောင်ခန့်ရင်ထဲ၌ ဖြစ်ပေါ်နေသော ဝေဒနာရပ်ကို သူကိုယ်တိုင်ပင် ခွဲခြားကြည့်၍ မရနိုင်သေးပါ။ စဉ်းစားခန်းဝင်ပြီး အဖြေရှာချင်သည်။ သို့သော် အစ်မဖြစ်သူကိုလည်း မနှင်ထုတ်ရဲချေ။ မကြာခင် ကုမ္ပဏီနန်းထိုက် ရောက်လာသည်။

"ဟင် . . . ကျွန်တော် ဘာမှမဖြစ်ပါဘူး မမရာ၊ ခေါင်းနည်းနည်းမူးရုံတင်ပါ"

"အေးလေ . . . ခန့်ဘယ်တုန်းက ခေါင်းမူးဖူးလို့လဲ၊ ခုမှ



www.burmeseclassic.com

မူးတယ်ဆိုတော့ ဒါလဲ ရောဂါပဲပေါ့၊ လုပ်ပါဦး စမ်းသပ်ကြည့်ပါဦး ညီမရယ်၊ ဒီကောင်က ခေါင်းက ခပ်မာမာရယ်”

အောင်ခန့် အစ်မ၏ စကားကို မပယ်ရှားဝံ့တော့ဘဲ ကုဋ္ဌေနန်းထိုက်၏ စမ်းသပ်မှုကို ခံယူလိုက်လေသည်။

“နေကောင်းပါတယ်၊ အလုပ်က နည်းနည်းပင်ပန်းလာလို့လား၊ ဒါမှမဟုတ် ညဘက် အိပ်မပျော်လို့လား၊ စိတ်ထိခိုက်စရာတွေ တွေ့လို့လား တစ်ခုခုကြောင့်ပါ၊ စိုးရိမ်စရာမရှိပါဘူး၊ အနားယူလိုက်ရင် ကောင်းသွားမှာပါ”

အောင်ခန့်က ကုဋ္ဌေနန်းထိုက်ကို အံ့အားသင့်စွာ လှမ်းကြည့်လိုက်သည်။ ကုဋ္ဌေနန်းထိုက်က အကြည့်နှင့် အကြည့်ချင်း ဆုံမိကြသည်။ ကုဋ္ဌေနန်းထိုက်က. . .

“အောင်ခန့် . . . နင် ခေါင်းတစ်လုံးတည်းနဲ့ ရေအိုးနှစ်အိုး ရွက်ထားဦးမှာလား”

“နင် ဘာကိုဆိုလိုတာလဲ”

“သြော်. . . နင် အလုပ်နှစ်ခုကို တစ်ပြိုင်နက် လုပ်ဦးမှာလား၊ မလုပ်ပါနဲ့တော့ဟာ၊ ရုပ်ရှင်လောကဆိုတာ တကယ်တော့ ရင်ရှုပ်စရာပါ နင်နဲ့မကိုက်ပါဘူး၊ ဒီကားပြီးရင် ရပ်လိုက်ပါတော့၊ ဒါကလဲ ငါနင့်အပေါ် ငယ်သူငယ်ချင်း သံယောဇဉ်နဲ့ အကြံပေးတာနော်”

အောင်ခန့်က အစ်မရှိနေသဖြင့် . . .

“အေးပါ၊ ငါမမကိုလဲ ကတိပေးထားပြီးပါပြီ”

“ဒီလိုဆို မမကျန်းမာရေး အခြေအနေအရရော နင်





ရောပါ တစ်ခါတည်း ခရီးတစ်ခုထွက်ပြီး အနားယူလိုက်ပါလား”

အောင်ခန့်က ခေါင်းခါကာ. . .

“မဖြစ်သေးပါဘူးဟာ၊ ရုပ်ရှင်အလုပ်က ငါမရှိလဲ ဖြစ်ပေမယ့် ကုမ္ပဏီအလုပ်က မဖြစ်ဘူး”

ဟုအစ်မဖြစ်သူ ကျေနပ်စေနိုင်သောစကားဖြင့် ငြင်းချက်ထုတ်လိုက်သည်။ ကုဋ္ဌေနန်းထိုက်က သူသောက်သုံးရန် ဆေးများကို ထုတ်ပေးပြီး ပြန်သွားလေသည်။

ကုဋ္ဌေနန်းထိုက်ပြန်သွားသည်နှင့် မေသန့်က သူ့အား

“ဒီလောက်လှပြီး ကျက်သရေရှိတဲ့မိန်းမ၊ ပညာတတ်တဲ့ မိန်းမကိုမှ နင်စိတ်မဝင်စားတာ အံ့ဩပါရဲ့ ခန့်ရယ်၊ နင့်ခေါင်းထဲမှာ ဦးနှောက်မှရှိရဲ့လား”

အောင်ခန့်က အကွက်ဆိုက်ပြီဖြစ်၍. . .

“မမ. . . အိမ်ထောင်ရေးဆိုတာ ဦးနှောက်နဲ့ ကြည့်လို့မရဘူး မမ၊ နှလုံးသားနဲ့ကြည့်မှ ခိုင်မြဲတတ်ပါတယ်၊ ကျွန်တော် အချစ်မပါတဲ့အိမ်ထောင်ရေး မလိုချင်ဘူး”

“အေး. . . မင်းဘာသာမင်း အချစ်ပါချင်ပါ အနှစ်ပါချင်ပါ၊ တို့ကတော့ရုပ်ရှင်မင်းသမီးနဲ့ဆိုရင်တော့ လုံးဝ သဘောမတူနိုင်ဘူးဟော့နော်”

အောင်ခန့် နားရွက်ကုပ်သွားလေတော့သည်။ အစ်မကို လွန်ဆန်ဝံ့သောအင်အား သူ့မှာမရှိပါချေ။



www.burmeseclassic.com



# အခန်း (၁၃)

"ဆရာ"

ပန်မမ၏ အသံလေးက သူ့နှလုံးသားသို့ တိုင်အောင် ရောက်ရှိလာသည်။

"ပန်မမလား"

"ဆရာက ပန်မမ အသံကို မှတ်မိတယ်"

"မှတ်မိတာပေါ့"

"ဆရာ မအိပ်သေးဘူးလား"





"အိပ်မရသေးဘူး"

"ဘာဖြစ်လို့လဲ ဆရာ"

"ဒီလိုပါပဲ၊ ဟိုတွေးဒီတွေးနဲ့ အိပ်မရတာပါ"

"အဲဒီ ဟိုတွေးဒီတွေးထဲမှာ ပန်မမကော ပါရဲ့လားဟင်"

အောင်ခန့် ရင်ခုန်သံနှုန်း မြန်လာသည်။ တစ်စုံတစ်ခု ပြောလိုက်ချင်သည်။ သို့သော် အစ်မဖြစ်သူ၏ မျက်နှာပေါ်လာသဖြင့် သူ့စကားလမ်းကြောင်း ပြောင်းလိုက်သည်။

"နေ့လယ်တုန်းက ရိုက်ကွင်းကို ဆရာရောက်သေးတယ်"

"ကျွန်မ လှမ်းတွေ့လိုက်ပါတယ်၊ ဆရာ အစောကြီးပြန်သွားတာပဲ၊ ကျွန်မ ရှူတင်ပြီးရင် ဆရာ့ကို ညနေစာလိုက်ကျွေးခိုင်းမလို့ စိတ်ကူးထားတာ"

"ဟုတ်လား၊ ကိုယ်လဲ ခေါင်းနည်းနည်းမူးလို့ ပြန်လာတာ"

"ဟင်. . . အခုကော မူးသေးသလား"

"မမူးတော့ပါဘူး"

"တော်ပါသေးရဲ့"

"ပန်မမက ကိုယ့်အတွက် စိုးရိမ်တတ်သလား"

"ဘယ့်နှယ်ပြောပါလိမ့် ဆရာရယ်၊ ဆရာက ပန်မမရဲ့ ကျေးဇူးရှင်ပဲဟာ၊ ဆရာ့ကိုမှ မပူရင် ပန်မမ ဘယ်သူ့ကို သွားပူရမှာလဲ"

ပန်မမနှင့် စကားပြောရသည်ကိုပင် အောင်ခန့်ရင်တ



www.burmeseclassic.com

ဖိုဖိုနှင့် ပျော်ရွှင်တတ်လာသည်။ သူ့လုပ်ငန်းများထက် ပို၍ပင် ပန်မမနှင့် တွေ့ဆုံဖို့သည် အရေးပါလာသည်။

"ကျေးဇူးရှင်ကြောင့် ပူပန်တာလား၊ ကိုယ်ဟာ ပန်မမနဲ့ ဘာမှမပတ်သက်တဲ့ လူတစ်ယောက်ဆိုရင်ကော ပူပန်ဦးမှာ လား"

"မပတ်သက်ဘူးတဲ့သူ၊ မသိသူကို ပန်မမက ဘယ်လို လုပ် ပူပန်ရမှာလဲ ဆရာရဲ့"

"မဟုတ်ဘူးလေကွာ ပန်မမရဲ့ ကျေးဇူးရှင် မဟုတ်ဘဲ ခင်မင်သူတစ်ယောက် ဆိုရင်ကော"

"ပူမှာပါပဲဆရာ၊ ဘာဖြစ်လို့လဲဆိုတော့ ဆရာကသိပ်ခင် စရာကောင်းနေလို့ပဲ၊ ဆရာ့ရဲ့သဘောထားကိုက ခင်စရာ ကောင်းတာ၊ ဒါပေမယ့် ဆရာ၊ ဆရာ့ကို ပန်မမ ခင်ရမှာ လိပ်ပြာ ငယ်သလိုပဲ"

"ဘာဖြစ်လို့လဲ ပန်မမရဲ့"

"ဆရာနဲ့ ပန်မမဘဝက မိုးနဲ့မြေလိုပဲ ကွာခြားလွန်းလို့ လေ"

"ဘာဆိုင်လို့လဲ ခင်မင်မှုမှာ ဒါတွေ မပါဘူးလေ"

"ဆရာမိုးဟိန်းက အခုတလော ပန်မမကိုပဲ ဖိဆူနေ တာပဲ၊ စိတ်တောင်ညစ်လာပြီ ဆရာရယ်"

"ဩော်. . . ဒါကတော့ ပန်မမကို ကောင်းစေချင်တဲ့ စေတနာနဲ့ ဖြစ်မှာပါ"

"ဟွန်း. . . တစ်ခါ ဆရာနဲ့ ဟေဝန်နန်းမှာ ညစာသွား





စားတုန်းကလေ သူတို့အပြစ်ကို ကိုယ့်အပြစ်ပုံချပြီး ပန်မမ အဆူခံရသေးတယ် ဆရာ"

အောင်ခန့်ရင်ထဲ ဒေါသစိတ်ကလေး ပြန်လည်ခေါင်း ပြူထလာလေသည်။ ထိုကိစ္စနှင့် ပတ်သက်၍ မိုးဟိန်းကျော် သူ့ အပေါ် တားမြစ်ထားချက်ကို သူအစာမကြေဖြစ်ခဲ့သဖြင့် ရိုက် ကွင်းသို့ မသွားဘဲ ခပ်တန်းတန်းပင် နေခဲ့သည်။ ယခုတစ်ခါ မြနေသော အနာကို ထိုးဆွခံလိုက်ရသကဲ့သို့ ခံစားလိုက်ရသည်။

"သူက ဘာတွေ တားမြစ်သေးလဲ"

"ဩော်. . . သူမသိဘဲ၊ သူ့ခွင့်ပြုချက်မရဘဲ ဆရာနဲ့ လိုက်မသွားဖို့ ပြောပါတယ်"

"ဟုတ်လား၊ ကိုင်း. . . ဘာမှ အားမငယ်နဲ့၊ ဒီတစ်ကား ပြီးနဲ့ ပေါက်သွားအောင်သာ ကြိုးစား၊ စူပါတန်းဝင်သွား ရင် မင်းနောက်ကို ဒါရိုက်တာတို့ ထုတ်လုပ်သူတို့က လိုက် နေမှာ"

"ရှူတင်ကို ဆရာ မလာတာကြာပြီနော်၊ ဘာဖြစ်လို့လဲ ဆင်"

"မအားလို့ပါ၊ ဘာလဲ. . . ပန်မမက ကိုယ့်ကိုလာစေ ချင်တယ်လား"

"အဟင်း. . . လာစေချင်တာပေါ့ ဆရာ"

"ဘာဖြစ်လို့လဲ"

"မသိဘူး ဆရာ၊ အဲ. . . တစ်ခုတော့ သိတယ်၊ ဆရာရှိ နေရင် အားရှိပြီး လုပ်ရတာ အဆင်ပြေသလိုပဲ"



www.burmeseclassic.com

အောင်ခန့်က ကျေနပ်စွာ ပြုံးလိုက်လေသည်။ ပန်မမနှင့် ရောက်တတ်ရာရာ စကားလေးများ ပြောနေရခြင်းကိုပင် အောင်ခန့်အတွက် အချိန်တွေ ကုန်မြန်လွန်းလှသည်။

တယ်လီဖုန်းနှင့် ပြောရသည်ကိုပင် အားမရနိုင်အောင် ဖြစ်မိသည်။

"ပန်မမ"

"ရှင် ဆရာ"

"အိပ်တော့ အလုပျက်နေဦးမယ်၊ မနက်ဖြန် မင်းရှိရာကို ကိုယ်လာခဲ့မယ်"

"တကယ်လား ဆရာ"

"တကယ်ပေါ့"

"ဒါဆိုရင် ဂွတ်နိုက် ဆရာ၊ အိပ်မက်လှလှမက်ပါစေ၊ အဲဒီ လှပသော အိပ်မက်ထဲမှာ ပန်မမပါ ပါပါစေ"


"အိုး. . . ပါရမှာပေါ့ ဂွတ်နိုက်"

အောင်ခန့်သည် ရွှင်လန်းစွာဖြင့် တယ်လီဖုန်းကို ချလိုက်သည်။

ညသည် ကုန်ခဲလှပါဘိ။ နောက်တစ်နေ့ကို အမြန်ကူးပြောင်းချင်လှပြီ။ ပန်မမနှင့် အမြန်ဆုံးတွေ့လိုသော ဆန္ဒသည် သူ၏နှလုံးအိမ်၌ အပြည့်အနှက် နေရာယူလျက်. . .







# အခန်း (၁၄)

နောက်နေ့မှစ၍ ပန်မမ ရှုတင်ပြီးချိန်၌ အောင်ခန့် ရောက်လာတတ်ပြီး ပန်မမကို ခေါ်ထုတ်ကာ ဟိုဟိုသည်သည် သွားလာတတ်လေသည်။

မိုးဟိန်းကျော်အဖို့ မကျေနပ်သော်လည်း ပန်မမ၏ ကိုယ်ပိုင်အားလပ်ချိန်များတွင် သွားလာခြင်း ဖြစ်ခြင်းကြောင့် ဘာမှ မပြောသာတော့ပေ။

အောင့်သည်းအောင့်သက်နှင့် ခံနေရသည်။ အောင်



www.burmeseclassic.com

ခန့်သည် ပန်မမအား နေ့လယ်စာ တစ်ခါတစ်ရံ ညစာလိုက်လံ ကျွေးမွေးပြီး အိမ်သို့ပြန်ပို့ပေးတတ်သည်။

ပန်မမသည် နယ်မှဖြစ်ပြီး ရန်ကုန်မြို့ အမျိုးသမီး ဘော်ဒါဆောင် တစ်ခုတွင် ငှားနေပြီး စားသောက်ဆိုင်များတွင် ကာရာအိုအေ ဆိုနေရာမှ ဇာတ်ပို့ဇာတ်ရံအဖြစ် တစ်ကားသာ ရိုက်ပြီးဖြစ်သည်။ သူမ၏ ပညာအရည်အချင်းမှာ ကိုးတန်းနှစ်ခါ ကျသူဖြစ်သည်။ အမည်ရင်းမှာ သန်းသန်းလှဖြစ်သည်။ ယခု ပန်မမ အမည်ဖြင့် ရုပ်ရှင်ဇာတ်ဆောင် မင်းသမီးအဖြစ် စတင် ရိုက်ကူးခြင်း ဖြစ်သည်။

အောင်ခန့်သည် ပန်မမအကြောင်းကို အမြဲတွေးတတ် လာသည်။ ပန်မမနှင့် တွေ့ဆုံရခြင်းအတွက် သူကျေနပ်သည်။ ပန်မမနှင့် တယ်လီဖုန်းလေးနှင့် စကားပြောရခြင်းကိုလည်း ပျော်ရွှင်သည်။

ပန်မမအတွက် စတိုးဆိုင် စူပါမားကက်များတွင် ဈေး လိုက်ဝယ်ပေးရခြင်းကိုလည်း နှစ်သက်လာတတ်သည်။

"ခန့်"

အောင်ခန့်သည် လေလေး တချွန်ချွန်လုပ်ရင်း ခေါင်း ဖြီးနေရာသို့ မေသန့်ရောက်လာသည်။ မေသန့်၏ မျက်နှာသည် ရွှင်ရွှင်လန်းလန်း မရှိချေ။ တစ်စုံတစ်ခုကို စိုးရိမ်ပူပန်နေသော မျက်နှာပုံစံမျိုးပေါက်နေသည်။

"ဗျာ. . . မမ"

"ဘယ်သွားမလို့လဲ"





"ညစာစားပွဲလေ မမ၊ ဒီနေ့ ဂျပန်က ဧည့်သည်တွေ လာတယ်၊ သူတို့ကို ဧည့်ခံကျွေးမွေးတဲ့ ညစာစားပွဲပါ မမရာ၊ ကျွန်တော်က မမနဲ့ ဒီနေ့ညစာ အတူစားချင်နေတာ"

"တော်စမ်းပါ၊ လျှာအရိုးမရှိတိုင်း လျှောက်ပြောမနေ ပါနဲ့ခန့်ရယ်၊ တစ်လောကလုံးမှာ ငါ့ဘဝအတွက် တွယ်တာစရာ ဆိုလို့ နင်တစ်ယောက်တည်း ရှိတာပါ ခန့်ရယ်၊ နင်ဘယ်လို ခြေလှမ်းလှမ်းရင် ဘယ်လိုဆိုတာ ငါသိပြီးသားပါ"

"ကျွန်တော် ဘာလုပ်နေလို့လဲ"

အောင်ခန့်အတွက် အစ်မကြီးနှင့်တွေ့လျှင် ကလေး တစ်ဦးသဖွယ် မလုံမလဲရှိစမြဲ ဖြစ်သည်။

"ဘာလုပ်နေတယ်ဆိုတာ မမသိတာထက်ကို ခန့်က ပိုသိမှာပါ"

မေသန့်က ဒေါသမျက်နှာနှင့် မဟုတ်ဘဲ မောင်အား သနားကရုဏာဒေါသောဖြစ်သော အကြည့်ဖြင့်ကြည့်ကာ. . .

"ခန့်ဘဝမှာ အရွယ်ရောက်ကတည်းက အလုပ်ရဲ့ ဖိစီး မှုကို ခံခဲ့ရတဲ့အတွက် သာယာမှုပျော်ရွှင်မှုကို အခြားယောကျ်ား တွေလို ရှာဖွေခြင်း မရှိခဲ့တာကို မမ နားလည်ပါတယ်၊ နားလည် လွန်းလို့ ခန့် မကြိုက်ဘဲ သဘောမတူဘဲနဲ့ မမ အင်မတန် သ ဘောကျနှစ်သက်တဲ့ ကုဋ္ဋေနန်းထိုက်နဲ့ ဇွတ်မစီစဉ်ခဲ့ဘူးဆိုတာ ခန့် သဘောပေါက်ပါတယ်နော်"

"မမကလဲဗျာ. . ကျွန်တော် ဘာလုပ်နေလို့ ဒီစကား တွေ ပြောနေရတာလဲ"



www.burmeseclassic.com

အောင်ခန့်သည် ဆင်သေကို ဆိတ်သားရေဖြင့် ဖုံးကွယ်ရန် ကြိုးပမ်းလိုက်သည်။ မေသန့် ဟန်ဆောင်မှုကင်းကာ ရိုးသားသော မောင်ဖြစ်သူ၏ မျက်နှာပြင်ပေါ်မှ မလုံမလဲအရေးအကြောင်းများကို တွေ့မြင်ကာ ကရုဏာသက်ပြင်းကလေး ချလိုက်ပြီး. . .

"အင်းပါလေ. . ခန့်တဘာမှ မလုပ်ပါဘူး၊ မမကပဲ စိုးရိမ်စိတ်ကြီးလွန်တယ် ထားပါတော့၊ ဘာပဲဖြစ်ဖြစ် ခန့်ရယ်၊ ခန့် မကြိုက်တဲ့လူနဲ့ ခန့်ကို မမ ဖွတ်မပေးစားသလို မမ မကြိုက်တဲ့လူနဲ့ ခန့် ဖွတ်မယူရဘူးနော်၊ ဒီကတိကိုတော့ ခန့် မမကို ပေးရမယ်"

အစ်မဖြစ်သူက လေပြေကလေးသွေးကာ ပန်မမနှင့် ကန့်ကွက်နေကြောင်း အောင်ခန့် သဘောပေါက်ပါသည်။ အစ်မအား စိတ်ချမ်းသာစေချင်သော စေတနာဖြင့်. . .

"စိတ်ချပါ မမ၊ ခန့် မမ သဘောမတူတဲ့ သူကို ယူဖို့ ဘယ်တော့မှာ မစဉ်းစားပါဘူးလို့ ကတိပေးပါတယ်၊ မမ မောင် အသည်းက မာပါတယ်"

"အေးပါ. . အေးပါ အဲ့ဒီမာတဲ့အသည်း အက်ကွဲသွားမှ ပျော့တဲ့အသည်း အက်ကွဲတာထက်ကို ပိုပြီး အထိနာတယ်ဆိုတာ မှတ်ထားဦး"

"မာတဲ့အသည်းက မကွဲနိုင်ပါဘူး မမရာ၊ သွားမယ်နော်. . . ညဘက်မစောင့်နဲ့ အိပ်နှင့်တော့"

အစ်မဖြစ်သူ၏ပါးကို ချစ်စနိုးဆွဲပြီး သုတ်ခြေတင် ထွက်





ခွာခဲ့သည်။ ပန်မမရှိရာ ရုပ်ရှင်ရိုက်ကွင်းသို့ ရောက်သောအခါ ရှုတင်ပြီးနေပြီ၊ ပန်မမက သူ့ကားကို မြင်သည်နှင့် တန်းလာပြီး. .

"ဆရာ နောက်ကျတယ်"

"ငါးမိနစ်လောက်ထင်တယ်၊ ဆောရီးနော် ပန်မမ"

အောင်ခန့်က တံခါးကိုတွန်းဖွင့်ပေးလိုက်သည်။ ပန်မမက အောင်ခန့်ဘေး၌ ဝင်ထိုင်လိုက်သည်နှင့် အောင်ခန့်က မည်သူ့ကိုမှ ဂရုစိုက်မနေတော့ဘဲ ကားကို မောင်းထွက်ခဲ့လေသည်။

ထိုမြင်ကွင်းကို အစအဆုံး မျက်တောင်မခတ်တမ်း ခမိုတ်မသုန် ကြည့်နေခဲ့သော မိုးဟိန်းကျော်သည် အောင်ခန့်ကား မြင်ကွင်းမှ ပျောက်ကွယ်သွားသောအခါ လေးသွဲ့သော သက်ပြင်းတစ်ချက် ချလိုက်လေတော့သည်။



www.burmeseclassic.com








# အခန်း (၁၅)

တစ်နေ့ည အောင်ခန့် ပန်မမနှင့်အတူ ညစာစားပြီး ပြန်လာသောအခါ အစ်မဖြစ်သူ၏ အိပ်ခန်းသို့ ဝင်ကြည့်သည်။ မတွေ့ရသောအခါ အောင်ခန့် စိုးထိတ်သွားသည်။ ဝရန်တာသို့ ထွက်ကြည့်သည် မတွေ့။

အိမ်ရှေ့လသာဆောင်သို့ ထွက်ကြည့်သောအခါလည်း မတွေ့ရသဖြင့် အောက်ထပ်သို့ ပြေးဆင်းခဲ့ပြီး အိမ်၏ဘဏ္ဍာစိုး အဒေါ်ကြီးအား မေးရလေသည်။

"မောင်ခန့် မေးရင် ဆရာဝန်မလေးနဲ့ ပြင်ဦးလွင်ကို သွားတယ်လို့ ပြောလိုက်လို့ပဲ ဒေါ်ဒေါ်ကို မှာသွားတယ်"

"ဟောဗျာ. . မပြောမဆိုနဲ့"

အောင်ခန့် အံ့အားသင့်သွားသည်။

"ဘယ်တုန်းကသွားတာလဲ ဒေါ်ဒေါ်"

"ဒီညရထားနဲ့လေ၊ ညနေကပဲ ကိုလေးမောင် ဘူတာကို လိုက်ပို့ပေးလိုက်တယ်"

"မမတို့ ဇွတ်ကြီးပဲဗျာ"

အောင်ခန့် စိတ်မသက်သာစွာဖြင့် အိမ်အပေါ်ထပ်သို့ ပြန်တက်ခဲ့လေသည်။ မိမိဘက်က အစ်မအပေါ်၌ ဘာများ တာဝန်မကျေ ချွတ်ယွင်းနေခဲ့သနည်း ဆိုသည်ကို နဖူးပေါ် လက်တင်ကာ စဉ်းစားလိုက်သည်။

ပန်မမနှင့်မိမိ လက်ထပ်သွားမှာကို မမ စိုးရိမ်နေလား။ သို့တည်းမဟုတ် သူက သတိပေးထားလျက်နှင့် မိမိ ပန်မမနှင့် တွဲသွားတွဲလာ ရှိနေခြင်းကို သူ သဘောမကျကာ မိမိအား စိတ်ကောက်၍ ထွက်သွားခြင်းလား။

ဒါပဲဖြစ်ဖို့များသည်။

အောင်ခန့် သက်ပြင်းချလိုက်သည်။ ထို့နောက် ဆယ်လူလာဖုန်းကို လှမ်းယူလိုက်ပြီး ခင်သန္တာမိုးထံသို့ ဖုန်းဆက်လိုက်သည်။

"ခင်သန္တာ. . . ငါ့အတွက် မန္တလေးဖလိုက် လက်မှတ်တစ်စောင် အမြန်ဆုံး စီစဉ်ပေးပါ"





"ဘယ်လောက်အမြန်လဲ"

"မနက်ဖြန်"

"ကောင်းပါပြီ အစ်ကိုကြီး"

"နောက်ပြီး မန္တလေး ရောင်ခြည်ဦးကို ဖုန်းဆက်လိုက်၊ ငါ့အတွက် ကားတစ်စီး စီစဉ်ပေးဖို့နဲ့"

"ဟုတ်ကဲ့ပါ အစ်ကိုကြီး"

"မန္တလေး ရောင်ခြည်ဦးအတွက် လိုအပ်တဲ့ကိစ္စတွေကိုပါ ညည်းအဆင်သင့်လုပ်ထားပြီး ငါနဲ့ပေးလိုက်"

"ဟုတ်ကဲ့ပါ အစ်ကိုကြီး၊ ကျွန်မ အခုပဲ လက်မှတ်ကိစ္စ စီစဉ်လိုက်ပါ့မယ်၊ ပြီးရင် အစ်ကိုကြီးဆီ ပြန်ဆက်မယ်"


"ခုည ငါ့ဆီ ပြန်မဆက်နဲ့တော့၊ မနက် ငါနိုးတဲ့အချိန် ညည်းဆီ ဆက်မယ်၊ ဒါပဲ ဂွတ်နိုက်"

"ဂွတ်နိုက် အစ်ကိုကြီး"

အောင်ခန့် ဘယ်သူနှင့်မှ စကားမပြောချင်တော့။ ပန်မမနှင့် တွေ့ဆုံ၍ ထမင်းလက်ဆုံ စားခဲ့ပုံ၊ ပန်မမ၏ ချိုသာအီဆိမ့်သော စကားသံလေးများက သူ့အား နားဝင်ပီယံရှိစေခဲ့သည်ကို တစိမ့်စိမ့် ပြန်တွေးရင်း အိပ်ပျော်စေရန် ကြိုးစားလိုက်လေသည်။



www.burmeseclassic.com



# အခန်း (၁၆)

ခင်သန္တာမိုး၏ အစွမ်းအစဖြင့် စီစဉ်ပေးမှုကြောင့် နောက်နေ့တွင် သူမန္တလေးသို့ရောက်ခဲ့သည်။

မန္တလေး ရောင်ခြည်ဦး ကုမ္ပဏီခွဲတွင် သူတစ်နာရီမျှ ဝင်ရောက်တွေ့ဆုံပြီး ပြင်ဦးလွင်သို့ ကားကို ကိုယ်တိုင်မောင်းကာ တစ်ဦးတည်း တက်ခဲ့လေသည်။

ပြင်ဦးလွင်သို့ ရောက်သည်နှင့် သူတို့၏ ဘိုးဘွားပိုင် အိမ်ကြီးဆီသို့ တန်းသွားလေသည်။ သူ့အတွက် အံ့ဩစရာ





ကောင်းသော မြင်ကွင်းတစ်ခုကို တွေ့လိုက်ရသည်။

ကုဋ္ဌေနန်းထိုက်သည် လက်ထဲ၌ သိုးမွေးထိုးရင်း မာလီအား ပန်းအိုးများကို ဟိုရွှေ့သည်ရွှေ့ ခိုင်းနေသည်။ ခြံစည်းရိုး၏ ပုဏ္ဏရိက်များကိုလည်း ဟိုဖြတ်သည်ဖြတ်နှင့် အလုပ်သမား သုံးလေးဦးနှင့် တစ်ခြံလုံးကို အလှဆင်နေသည်။

မမ မေသန့်က ဒရင်းဘတ်တစ်လုံး၌ထိုင်ရင်း ကာက်ဆက် နားထောင်နေသည်။ သူမသည် ကုဋ္ဌေနန်းထိုက် စီစဉ်ညွှန်ကြားနေသမျှကို ဘာမှမပြောဘဲ ပြုံးပြုံးကြီးကြည့်ကာ ကျေနပ်နေသည်။

ကားဝင်လာသည်ကို မြင်တွေ့ပြီး သူ့ကို မြင်တွေ့လိုက်သည်နှင့် မျက်နှာထားတည်သွားသည်။ သူ့တွက်ကိန်း မမှားပေ။ မမ သူ့အား စိတ်ကောက်နေလေပြီ။

ကားကို ပေါ်တီကိုအောက်၌ ရပ်လိုက်သည်။ ကုဋ္ဌေနန်းထိုက်က သူ့အားမြင်လျက်နှင့် မိမိနှင့် ဘာမှမဆိုင်သည့်အလား လုပ်စရာရှိသည်တို့ကို ဆက်လက်လုပ်ကိုင်နေလေသည်။

သူ အစ်မထိုင်နေရာသို့ လျှောက်ခဲ့သည်။ အစ်မအား ဘာပြောရမည်ကို စဉ်းစားလိုက်သည်။ အနားရောက်တော့. . .

"မမကလဲဗျာ. . . သွားချင်တယ်ဆိုရင်လဲ ကျွန်တော့်ကို ပြောရောပေါ့၊ ကျွန်တော် လိုက်ပို့မှာပေါ့ဗျာ၊ ခုတော့ စိတ်ပူသွားတာပဲ"

"တော်စမ်း ခန့်၊ မင်းကို လိုက်ပို့ဖို့ ပြောထားတာ ဘယ်လောက်ကြာပြီလဲ"



www.burmeseclassic.com

"ကျွန်တော် မအားလို့ပါ မမရာ"

"ခုကော အားလို့လိုက်လာတာလား"

"ဟင့်အင်း . မမကို စိတ်မချလို့ လိုက်လာတာ"

"ဒါဖြင့် . မင်းပြန်တော့၊ ငါ့ကို စိတ်မချစရာ ဘာမှ မရှိဘူး၊ ငါနေကောင်းတယ်၊ ငါဒီမှာ နေဦးမယ်"

"မဟုတ်သေးပါဘူး မမရာ၊ ကျွန်တော်လဲ သုံးလေးရက်လောက် နေဦးမှာပါ"

မေသန့်စိတ်ထဲ ကျိတ်၍ ဝမ်းသာသွားသည်။ ဘာပဲပြောပြော သူ့နောက်သို့ မောင်ငယ် ချက်ချင်းလိုက်လာခြင်းသည် သူ့အတွက် ဖော်မပြနိုင်သော ရလဒ်တစ်ခုပင်။ သို့သော် မိမိ အကြံအစည်နှင့် မိမိဖြစ်ခြင်းကြောင့် သူ အောင်ခန့်အား မကျေနပ်ဟန်ပြု၍ . . .

"ကိုင်း . ကိုင်း . သွား၊ ရေမိုးချိုးပြီး ခဏနားလိုက်ဦး၊ ပြီးရင် ညနေစာစားပြီး လမ်းလျှောက်မယ်"

အောင်ခန့်က သက်ပြင်းချကာ ထိုင်ရာမှထ,လိုက်သည်။ အစ်မဖြစ်သူကို သူလက်မြှောက်အရှုံးပေးနေကျ ဖြစ်သည်။

"ဪ . . . ခန့်၊ မင်းအခန်းကို ကုဋေ့ကို ပေးထားတယ်၊ မင်းက ခေါင်းရင်းဘက်အခန်းကိုပဲ ယူလိုက်"

အောင်ခန့် စိတ်ထဲ မကျေမနပ် ဖြစ်သွားသော်လည်း ဘာမှ မပြောသာဘဲ အိမ်ဘက်ဆီသို့ ပြန်လျှောက်ခဲ့သည်။

ထိုအချိန်အထိ ကုဋေနန်းထိုက်ထံမှ မိမိအား အသိ





အမှတ်ပြုသောအသံ ထွက်ပေါ်လာဖို့ ဝေလာဝေးစွ။ အသိအမှတ်ပြုသောအကြည့် (သို့မဟုတ်) အပြုံးမျှပင်မရ။

တော်တော်နေနိုင်သည့် မိန်းမ။ မိမိနှင့် သူသည် ငယ်သူငယ်ချင်းများ ဖြစ်ခဲ့ကြသည်ကို သူ တမင် မေ့ထားလေရော့လား။ သို့တည်းမဟုတ် ပညာဂုဏ်မောက်ကာ ယောကျ်ားတစ်ဦးအား အောက်ကျခံ၍ ယူစရာမလိုဟု ဆုံးဖြတ်ထားလေရော့သလား။

မိမိကယောကျ်ားပဲ အနေသာကြီးပါဟု တွေးကာ . အောင်ခန့်ကလည်း နှုတ်မဆက်ဘဲ အိမ်ထဲသို့ တောက်လျှောက်ပင် ဝင်သွားသည်။

မေသန့်က အောင်ခန့်နှင့် ကုဋေနန်းထိုက်တို့ နှစ်ဦး၏ မျက်နှာရိပ်မျက်နှာကဲကို အကဲခတ်ပြီး မသိမသာ ပြုံးမိလေသည်။ သူတို့နှစ်ဦးတွင် တစ်စုံတစ်ခုတော့ လိုအပ်နေသည်။ ထိုလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်မှာ မိမိ၏တာဝန်သာဖြစ်သည်ဟု မေသန့်က နားလည်ထားလေသည်။



www.burmeseclassic.com



# အခန်း (၁၈)

အောင်ခန့်အတွက် နေ့ဘက်၌ ကျောဆန့်၍နေခြင်းသည်အလေ့အကျင့်တစ်ခု မဟုတ်သကဲ့သို့ ဖြစ်နေရာ ရေချိုးပြီးသည်နှင့် အောက်ထပ်သို့ ဆင်းခဲ့သည်။ ထိုအခါ သူ့အတွက် ထူးဆန်းသော မြင်ကွင်းတစ်ခုကို ထပ်မံ တွေ့ရှိရလေသည်။

မီးဖိုချောင်ထဲ၌ တကုပ်ကုပ်နှင့် အလုပ်ရှုပ်နေသော ကုမ္ဘေနန်းထိုက်ကို တွေ့ရသဖြင့် သူအံ့အားသင့်ခဲ့ရသည်။ ရေခဲသေတ္တာထဲ၌ ရေကိုယူသောက်မလိုလို ဘာလိုလိုလုပ်ရင်းမှ သူ





ရေခဲရေ မသောက်တတ်။ ရေနွေးသာ သောက်တတ်သည်ကို သတိရပြီး ရေခဲသေတ္တာကို ပြန်ပိတ်လိုက်သည်။

ကုမ္ဘေနန်းထိုက်ကလည်း အစိမ်းကြော်ကြော်ရန် လှီးချတ်နေရာမှ အောင်ခန့် ရောက်လာကြောင်းကို သိရှိသည်။ သို့သော် အောင်ခန့်ထံမှ စကားသံ စတင်မထွက်လာသဖြင့် သူမက စပြောရန် ခက်ခဲသွားသည်။

စီးပွားရေးပြေလည်သော လူချမ်းသာတစ်ဦးကို အရေးပေးဆက်ဆံတတ်သော မိန်းမစားထဲတွင် မိမိပါဝင်လိမ့်မည်မဟုတ်ဟု ကုမ္ဘေနန်းထိုက်က မိမိကိုယ်မိမိ ဆုံးမလိုက်သည်။

အမှန်တကယ်ဆိုရလျှင် ကုမ္ဘေနန်းထိုက်သည် မိမိမီးဖိုချောင် လာရပ်သည်နှင့် ဆာနေပြီလား ခန့်၊ ခဏနော်. . . ဘာလေးညာလေးလုပ်ပြီးရင် ပြီးပါပြီဟု စတင်ပြောသင့်သည် ထင်ပါသည်။

ယခုတော့. . .

အောင်ခန့်က ယောင်ချာချာဖြင့် ပြန်ထွက်လာခဲ့သည်။ မေသန့်က ပန်းများကို တစ်ပွေ့တစ်ပိုက်ကြီးနှင့်ပြီး အိမ်ထဲဝင်လာရာမှ. . .

"ဆာပြီလား ခန့်"

"အင်း. . . ကျွန်တော် မနက်စာ မစားခဲ့ရသေးဘူး မမ"

"အို. . . ဟုတ်လား"

"သုံးလေးရက်စာ အလုပ်တွေကို စီစဉ်နေတာနဲ့"

"မင်းရဲ့ ရုပ်ရှင်ကိစ္စကော စီစဉ်ခဲ့ရဲ့လား"



www.burmeseclassic.com

"ဟုတ်ပါရဲ့ မမပြောမှ သတိရတယ်၊ အဲဒီကစ္စ ကျွန်တော်ဘာမှ မစီစဉ်ခဲ့ဖြစ်ဘူး၊ ညရောက်မှ မိုးဟိန်းကျော်ဆီ ဖုန်းဆက်လိုက်ဦးမယ်"

မေသန့်က မိမိ၏ အငေါ်အတူးမေးခွန်းထုတ်လိုက်မိခြင်းအတွက် နောင်တရသွားသည်။ ခန့်တစ်ယောက် ရုပ်ရှင်ကိစ္စ ဆက်သွယ်ရင်း ပန်မမနှင့်ပါ ဆက်သွယ်လျှင် မေသန့်စဉ်းစားလိုက်သည်။ တစ်စုံတစ်ခုတော့လုပ်မှ။

"ပန်းတွေက ဘာလုပ်မလို့လဲ မမ"

မေသန့်က မီးဖိုဘက်သို့ ဝင်လိုက်သည်။ အောင်ခန့်က လိုက်ဝင်ရင်း မေးလိုက်ရာ . . .

"ဘုရားတင်ဖို့ပေါ့ ခန့်ရယ်၊ အတော်ပဲ မမကိုရေပုံး ယူပေးစမ်း၊ ပြီးရင် ရေတစ်ဝက်ဖြည့်ခဲ့"

"အိုကေ"

မီးဖိုချောင်ကလေး စည်ကားနေသည်။

"မမ . . . နေလေ၊ ကျွန်မလုပ်မယ်"

"ရပါတယ် ကုမ္ဘေ၊ မမ ရွက်သင်ထားရုံပါ။ ကုမ္ဘေကိုယ်တိုင်ပဲတင်၊ ကုမ္ဘေက အနုပညာမျက်စိရှိတဲ့လူပဲ"

အောင်ခန့် စိတ်ထဲကျိတ်၍ ဩဘာပေးလိုက်သည်။ သည်ပုံစံကြီးများ အနုပညာမျက်စိရှိသည်တဲ့။

"သွား . . . ခန့်၊ တစ်လက်စတည်း ဘုရားပန်းအိုးတွေ ထုတ်ပေးပါဦး"

"ဟင် . . . ဘုရားစင်မှာ ဘုရားပန်းအိုး မရှိဘူးလား"





"ဟဲ့ . . . အိမ်အသစ် ပြင်ဆင်ပြီး လူမှမရှိတာ ဘယ်က ဘုရားပန်းအိုး ရှိရမှာလဲ၊ ငါတို့လဲ ဒီမနက်မှရောက်တော့ ဘုရားစင်ပဲ ရှင်းလင်းပြီး ဘုရားကို ရေသပ္ပာယ်ထားတယ်"

"ဪ . . . ဒါဖြင့် ဘုရားပန်းအိုးက ဘယ်မှာထုတ်ရမှာလဲ"

အောင်ခန့်က အိမ်မှာဆိုလျှင် တကယ့်ကလေးတစ်ဦးသဖွယ် ဖြစ်နေသည်။ ကုမ္ဘေနှန်းထိုက်စိတ်ထဲ ကျိတ်ပြုံးလိုက်သည်။

"ဘုရားစင်အောက်က ဗီရိုမှာလေ၊ သော့လဲ အဲဒီနားကနံရံမှာ ချိတ်ထားတယ်"

"ဟုတ်ကဲ့"

"ဪ . . . ခန့်ရေ၊ တစ်လက်စတည်းနဲ့ အလှပန်းအိုးတွေပါ ထုတ်ခဲ့ဦး"

"အိုကေ . . . အိုကေ"

အောင်ခန့်က သွက်လက်ပေါ့ပါးစွာဖြင့် အိမ်ပေါ်ထပ်သို့ တက်ခဲ့လေသည်။ ဘာပဲဖြစ်ဖြစ် အစ်မဖြစ်သူ မေသန့် ရွှင်လန်းနေသည်ကို မြင်ရလျှင် သူကျေနပ်အားရပြီး အလိုလိုစိတ်ပျော်ရွှင်လာသည်။

ဤအစ်မကြီးသည် တစ်သက်လုံး အိမ်ထောင်ပြုတော့မည်မဟုတ်။ အချိန်တန်လျှင် ရိပ်သာသွားလိုက်၊ ဘုရားဖူးသွားလိုက်နှင့် စိတ်အေးချမ်းမှုကို ရှာဖွေပြီး နေထိုင်သွားမည့်သူ ဖြစ်သည်။



www.burmeseclassic.com

မိမိကြောင့် အစ်မဖြစ်သူ စိတ်မဆင်းရဲစေရေးကို အောင်ခန့် အထူးဂရုစိုက်ပါသည်။ ထို့အတူ အစ်မကြီးကလည်း မိမိအလိုကို အတင်းအကျပ် မဆန့်ကျင်ရှာဘဲ ဖျောင်းဖျောင်းဖျ ပြောဆိုနေရှာသည်။

အောင်ခန့်သည် တရုတ်ပန်းအိုးကြီးများကို ခြင်းတစ်ခု ထဲထည့်ပြီး အောက်သို့ သယ်ချလာသည်။

အောက်ထပ်သို့ သူရောက်ချိန်၌ ထမင်းပွဲ အဆင်သင့် ဖြစ်နေလေသည်။ ကင်ပွန်းချဉ်ရွက်နုလေးများနှင့် ပဒတ်စာ ဟင်းချိုမှာ အငွေ့တထောင်းထောင်းထလျက် သောက်ချင်စဖွယ် ဖြစ်နေလေသည်။

"ဟာ. . တယ်ဟုတ်ပါလား"

"လာ. . . စားစို့ ခန့်၊ နင်ထမင်းဆာနေပြီဆိုလို့ ကုမ္မေ ကအမြန်ဆုံး စီစဉ်လိုက်တာ"

မြန်မာ ထမင်းဟင်းများနှင့် ဖွယ်ဖွယ်ရာရာ ရှိနေသော စားပွဲ၌ အောင်ခန့် ဝင်ထိုင်လိုက်သည်။

"ဒါက ငါးခူစဉ်းကော၊ ဒါက ဝက်သားနီချက်၊ ဒါအစိမ်း ကြော်၊ အသီးအရွက်တွေက သိပ်လတ်ဆတ်တာ၊ ခြံထဲမှာ စိုက် ထားတယ်လေ၊ ကိုယ်တိုင် အခုခူး အခုကြော်ဆိုတော့ အချိုမှုန့် တောင် မလိုဘူး"

"အိုကေ. . . အိမ်ထမင်း ဟင်း မစားရတာ ကြာနေပြီ"

မေသန့်အတွက် စားပွဲထိပ်၌ နေရာပေးလိုက်သဖြင့် သူနှင့် ကုမ္မေနန်းထိုက်သည် မျက်နှာချင်းဆိုင် ဖြစ်သွားသည်။





သူက အစိမ်းကြော်ကို မေသန့်ထဲသို့ ဦးချလိုက်သည်။ ပြီးတော့ ကုမ္မေနန်းထိုက်အား ထည့်ပေးရန် သင့်မသင့် စဉ်းစား လိုက်သည်။ သူမသည် ဧည့်သည်ဖြစ်သည်။ မိမိနှင့် ပန်မမ စားသောက်ကြတိုင်း လေဒီဖတ်စ်ဟူသော အနောက်တိုင်း အ ယူအဆကို လက်ခံထားသည်ဖြစ်စေ၊ အားနွဲ့သူကို ညှာတာပါဟူ သော မြန်မာ့ဓလေ့ကိုလည်း လက်ခံထားသူဖြစ်ရာ သူကပင် စတင်ထည့်ပေးလေ့ရှိသည်။

ယခု. . . .

သူတွေဝေနေစဉ်မှာပင် ကုမ္မေနန်းထိုက်က ငါးခူစဉ်း ကောကို ခပ်ကာ မမပန်းကန်ထဲထည့်ပြီး နောက်တစ်ခါခပ်ကာ သူ၏ပန်းကန်ထဲသို့ ထည့်ပေးလိုက်သည်။

အောင်ခန့်ရင်ထဲ တစ်မျိုးဖြစ်သွားသည်။ ကုမ္မေနန်း ထိုက်သည် မြန်မာအမျိုးသမီးပီသစွာဖြင့် မိမိထက် အသက်ကြီး သော ယောကျ်ားတစ်ဦး သို့တည်းမဟုတ် ရွယ်တူဖြစ်သော ယောကျ်ားတစ်ဦး၏ ဘုန်းကံကို တန်ဖိုးထားတတ်သူ ဖြစ်သည် ဟု။

အောင်ခန့်သည် ပုစွန်ဖြင့်ကြော်ထားသော အစိမ်း ကြော်ကို ခပ်မောက်မောက်ကလေး ခပ်ယူကာ ကုမ္မေနန်းထိုက် ပန်းကန်ထဲသို့ ထည့်ပေးလိုက်သည်။

ကုမ္မေနန်းထိုက်၏ရင်ထဲ နွေးခနဲ ဖြစ်သွားသည်။

ညစာစားပွဲတွင် သူငယ်ချင်း အပေါင်းအသင်းများနှင့် ဆုံမိသည့်အခါဖြစ်စေ၊ နိုင်ငံခြားမှာ ပညာတော်သင်သွားခဲ့စဉ်က



www.burmeseclassic.com

ဖြစ်စေ၊ ဆရာဝန်များညီလာခံ၌ သူငယ်ချင်းဆရာဝန်များနှင့် ဆုံမိကြ၍ အချိန်းအချက်ပြုကာ ဟိုတယ်များ၌ နေ့လယ်စာဖြစ်စေ ညစာဖြစ်စေ စားလေ့စားထတော့ ရှိပါသည်။

သို့သော် ဤအကြိမ်လောက် ရင်ခုန်ဖွေးဖွေးနှင့် ပျော်ရွှင်ကျေနပ်ခြင်းမျိုး မရှိခဲ့ချေ။

"အံ့ရော့ဟယ်. . ဟင်းတွေက သိပ်အစပ်အဟပ် တည့်တာပဲ၊ မမက ညီမကို ဒီလောက် ဟင်းချက်တတ်လိမ့်မယ် လို့ကို မထင်ခဲ့ဘူး"

"မမက ကျွန်မကို အထင်သေးတာလား၊ ကျွန်မအတွက် အချိန် မအားနိုင်လွန်းလို့ပါ မမရာ၊ အားတဲ့အချိန်ဆိုရင် မီးဖိုချောင် ကိုယ်တိုင်ဝင်ပြီး စိတ်တိုင်းကျ ချက်ပြုတ် စားသောက်နေကျပဲ"

မေသန့် အံ့သြသကဲ့သို့ပင် အောင်ခန့်လည်း အံ့သြရပါသည်။ နှလုံးအထူးကု ပါရဂူဘွဲ့ကို ယူထားသော မိန်းမတစ်ယောက်သည် မီးဖိုချောင်ကိစ္စကို နိုင်နင်းလိမ့်မည်ဟု သူလုံးဝ မတွေးခဲ့မိဘူးပါချေ။

ချက်ပြုတ်ပြီးခါစဖြစ်ပေမယ့် မီးဖိုချောင်လည်း သန့်လျက်ရှိသည်။ ငါးပိ အတို့အမြှုပ်ကလေးများဖြင့် မြန်မာပီပီ သိမ်မွေ့စွာ စားသောက်နေသော ဤမိန်းမသည် ပညာတတ်အမျိုးသမီး တစ်ယောက်ဖြစ်သည်။

တူ၊ ဇွန်း၊ ခက်ရင်းဖြင့် စတိုင်လှလှ စားသောက်တတ်သော ပန်မမသည် ကိုးတန်းမျှပင် မအောင်ဘဲ တကယ့်ကျေး





လက်ဒေသမှ မိန်းကလေးဖြစ်သည်။ အသက်မွေးဝမ်းကျောင်းချင်း မတူညီကြ၍လား. . .

ဘာပဲပြောပြော ထိုညနေစာကို အောင်ခန့် သုံးပန်ကန်မောက်မောက် စားလိုက်မိလေသည်။

မေသန့်က မောင်ဖြစ်သူ စားသောက်ပုံကို ကျေနပ်စွာကြည့်လေသည်။ သူမတို့တော့ တစ်ပန်းကန်သာစားပြီး အသီးအရွက်ကြော်ကို စားလိုက် ဟင်းချိုသောက်လိုက်နှင့် အောင်ခန့်စားအပြီးကို စောင့်ဆိုင်းနေခဲ့သည်။

အောင်ခန့်က ပြီးသွားမှ အရှက်ပြေ. .

"မနက်စာ ငတ်ထားလို့လား မသိဘူး၊ ဆာဆာနဲ့ စားလိုက်မိတယ်"

"လက်ရာကောင်း ကောင်းတယ်လို့ ဝန်ခံလိုက်စမ်းပါ ခန့်ရာ"

အစ်မက ကြားဝင်ပြောလိုက်သည်။ ကုမ္မေနန်းထိုက်က ဘာမှမပြောဘဲ ပန်းကန်များကို သိမ်းဆည်းနေလေသည်။

"လက်ရာကောင်း မကောင်းတော့ ကျွန်တော် မသိဘူး၊ ဒါပေမယ့် ခံတွင်းတွေ့တာတော့ သေချာတယ်"

"အဲဒီလို ခံတွင်းတွေ့တဲ့ အစားအစာမျိုး တစ်သက်လုံး မစားချင်ဘူးလား ခန့်"

မေသန့်ကသိသိသာသာကြီးပင် အောင်သွယ်လိုက်သည်။ ကုမ္မေ နန်းထိုက်က ထမင်းစားခန်းကို ကျောခိုင်းပြီး မီးဖိုဘက်သို့ ဦးတည်လိုက်သည်။



www.burmeseclassic.com

အောင်ခန့်က . . .

"မစားချင်ပါဘူး၊ ဗိုက်ရွဲပြီး ဘူစွာပုံ ပေါက်သွားမှာပေါ့"

ဟုပြောလိုက်ပြီး မိမိစားသောက်ပြီးသော ပန်းကန်ကို မ,ကာ ဘေစင်ဘက်သို့ ထွက်ခဲ့လေသည်။

ကုဋ္ဌေနန်းထိုက်က . . .

"ထားခဲ့လေ"

"ရပါတယ်၊ အလုပ်ခွင်က အနားလာယူတဲ့သူ အချင်းချင်း တစ်ယောက်တည်း ဒိုင်ခံလုပ်နေလို့ တရားပါ့မလား"

အောင်ခန့်က အတွန့်တက်လိုက်သည်။ မေသန့်က ကျန်ပန်းကန်များကို ယူလာရင်း. . .

"ဟုတ်တယ် ကုဋ္ဌေ၊ ဝိုင်းလုပ်ပါစေ၊ ခန့်ကို လုပ်ခွင့်မပေးရင် မမကိုယ်တိုင်လုပ်မှာနော်"

"မမက နားနားနေနေ နေပါ၊ လူသုံးယောက်စာ အလုပ်လောက်တော့ ကျွန်မ နိုင်နင်းပါတယ်"

ကုဋ္ဌေနန်းထိုက်မျက်နှာ၌ ပညာမာန်မရှိဘဲ မိန်းမမာနသာယှက်သန်းနေသည်ဟု အောင်ခန့်ထင်သည်။ သနပ်ခါးရေကျဲ ပါးကွက်ကျားလူးထားသော မိန်းမတစ်ယောက်၏ အလှသည် မိတ်ကပ်ရောင်စုံနှင့် ဖောင်းကြွနေသော မိန်းမတစ်ယောက်၏ အလှကိုတော့ မမီနိုင်သည်မှာ သေချာသည်။

ပန်မမအလှနှင့် ယှဉ်လိုက်လျှင် ကုဋ္ဌေနန်းထိုက်အလှက မှေးမှိန်သွားသကဲ့သို့ရှိသည်။

"ကိုင်း . . . ခန့်၊ မင်းက ကုဋ္ဌေ ဆပ်ပြာတိုက်ပြီးသား





ပန်းကန်တွေကို ရေဆေးပေးလိုက်၊ ဆပ်ပြာလဲ စင်အောင် ဆေးဦးနော်၊ ငါခုံသုတ်ထားလိုက်မယ်၊ ပြီးရင် လမ်းလျှောက်ကြရအောင်"

"အိုကေ"

အလုပ်အကိုင်ရှိလျှင် အောင်ခန့်သည် ငယ်ငယ်ကတည်းက အလုပ်မရွေးတတ်။ အမေအတွက် အစ်မအတွက် သနပ်ခါး သွေးချင်သွေးပေးတတ်သူ။ အစ်မစက်ချုပ်နေလျှင်လည်း သူပါစက်လိုက်နင်းတတ်သူ၊ အမေ အစ်မခေါင်းလျှော်နေလျှင်လည်း ခေါင်းကို ရေလောင်းပေးတတ်သူ။ အိမ်ဖော်တွေမရှိသည့်အခါ အမေ အစ်မ မီးဖိုချောင်ဝင်လျှင်လည်း ငရုတ်သီးတစ်ဆုံ လိုက်ထောင်းပေးတတ်သူ၊ ပန်းကန်ဆေးပေးတတ်သူဖြစ်သည်။

"ဆေးတတ်လို့လား၊ ကွဲနေပါဦးမယ်"

ကုဋ္ဌေနန်းထိုက်သူ့အား အထင်သေးစကားပြောသည်ဟု အောင်ခန့်က ယူဆကာ. . .

"မမ. . . ပြောပြလိုက်ပါဦး၊ ခန့်နဲ့မမ မီးဖိုချောင် ဘယ်သူ ကျွမ်းသလဲဆိုတာ"

"ဟုတ်တယ် ညီမရေ. . . ခန့်က ငယ်ငယ်ကတည်းက မီးဖိုချောင် ဝိုင်းဝန်းနေကျ၊ မမက ရောဂါသည်ဆိုတော့ သူပဲဒိုင်ခံလုပ်ပေးရင်း လက်တိုလက်တောင်းလောက်တော့ အကုန်ရတယ်၊ ညီမ လက်တိုလက်တောင်းလိုရင် သူ့ကိုသာခိုင်းပေတော့"



www.burmeseclassic.com

"လုပ်ချလိုက်ပြန်ပြီကွာ၊ ငါ့မမကတော့"

အောင်ခန့်က အစ်မဖြစ်သူအား ပြောလိုက်သည်။

မေသန့်က . . .

"မဟုတ်လို့လား"

အောင်ခန့်က အစ်မအား ခွန်းတုံ့မပြန်တော့ပဲ ကုဋေနန်းထိုက်က အကြမ်းဆေးပြီး ဆပ်ပြာတိုက်ပြီးသမျှ ပန်းကန်များကို ရေဆေးစပ်ထားသောရေဖြင့် စင်ကြယ်အောင်ဆေး ပေးလိုက်ပြီး ရေစစ်စင်၌ လှမ်းတင်လိုက်သည်။

"ဂျပန်မှာနေတုန်းက ကိုယ့်ထမင်းကိုယ် ချက်စားခဲ့ရတာပါ"

"ထမင်းကော ချက်ဖြစ်လို့လား"

"တစ်ခါတစ်ရံမှပါ၊ ပေါင်မုန့်နဲ့ပြီးခဲ့တာ များဝါတယ်"

"အသေအချာပဲ၊ ငါလန်ဒန်မှာ ငါးနှစ်လုံးလုံး ထမင်းတစ်နပ်မှ မစားခဲ့ရဘူး၊ ပေါင်မုန့်နဲ့ဘီစကစ် တစ်ခါတစ်ရံမှ ခေါက်ဆွဲနဲ့ ပြီးခဲ့ရတာ"

အောင်ခန့်ရင်ထဲ သနားသွားသည်။ ပညာတတ်ဖို့ သူမရင်းနှီးမြှုပ်နှံမှုက မလွယ်ကူလှပါလား။

"ဒီလိုဆို နင်ထမင်း မစားချင်ဘူးလား"

"ဘယ့်နှယ့်ပြောပါလိမ့်၊ သိပ်စားချင်တာပေါ့"

"ဒါဖြင့် ဝယ်စားပေါ့"

"သိပ်ရှားပြီး သိပ်ဈေးကြီးတာကို ငါကလျှာအရသာအတွက် အချိန်ကုန်ခံ ငွေကုန်ခံပြီး ကြိုးစားပါ့မလား၊ ဒီလိုပဲ ရောင့်





ရဲတင်းတိမ်ရတာပေါ့၊ လျှာအရသာထက် အာဟာရဖြစ်ဖို့သာ အဓိကဆိုပြီး အမှတ်လေးနဲ့ စားလိုက်တော့ ပြီးသွားတာပဲပေါ့"

အမှတ်မထင် သူတို့နှစ်ဦး စကားလက်ဆုံ ပြောဖြစ်ကြသည်။ ငယ်သူငယ်ချင်းတွေပဲ နင်နှင့်ငါ ပြောဆိုရင်းနှီးနေကြသူတွေအတွက် အထူးတလည် ရင်းနှီးမှုကို ရှာဖွေနေစရာမလိုပေ။

"ဪ . . . နင်က တရားတွေ ဘာတွေ သိလို့ပါလား"

"ဟ . . . ငါလဲ ဗုဒ္ဓဘာသာ မြန်မာမိန်းမ တစ်ယောက်ပဲ ဗုဒ္ဓဘာသာတရားတော်ရဲ့ သဘောတရား အခြေခံအဆင့်လောက်တော့ လေ့လာဆည်းပူးထားတာပေါ့၊ နင်ကော"

"ငါ ကိုရင်နှစ်ခါဝတ်ပြီး ပဉ္စင်းတစ်ခါ တက်ပြီးပြီလေ၊ နင်တောင် ငါ့ကို ကန်တော့သေးတာပဲ"

"သင်္ကန်းကို ကန်တော့တာပါ၊ နင့်ကိုဆို ဝေလာဝေးပဲ"

မေသန့်က သူတို့နှစ်ဦးကြားက လုံးဝဝင်မပြောဘဲ လက်ဖက်အသားလေးများကို နှပ်လျက်ရှိသည်။ သူမစိတ်ထဲ၌ အမည်ဖော်မပြနိုင်အောင် ဝမ်းသာလုံးဆို့လျက်ရှိသည်။

အောင်ခန့်နှင့် ကုဋေနန်းထိုက်တို့ အမြန်ဆုံး လက်ထပ်စေချင်သော ဆန္ဒသည် သူမ၏တစ်ခုတည်းသော ဆန္ဒသာ ဖြစ်သည်။ မည်သည့်အချိန်များမှ ထိုဆန္ဒပြည့်ဝမည်နည်းဟု . .

ကုဋေနန်းထိုက်က ပန်းကန်ဆေးကြောပြီးသောအခါ ကြမ်းပြင်သို့ အနည်းငယ် စင်နေသော ရေစက်များကို အဝတ်နှင့် လိုက်သုတ်သည်။ ထို့နောက် လက်ကို စင်ကြယ်အောင် ဆေးကြောပြီး လက်သုတ်လိုက်သည်။



www.burmeseclassic.com

ပြီးမှ သောက်ရေတစ်ခွက်သောက်ပြီး . . .

"မမတို့ပဲ လျှောက်ကြလေ၊ ကျွန်မ ဘုရားပန်းလဲလိုက်ဦးမယ်"

"လုပ်မနေနဲ့၊ ပြန်လာမှ အတူတူလဲကြမယ်၊ ခန့် . . . တံခါးပိတ်လိုက်တော့"

အောင်ခန့်က နောက်ဖေး တံခါးမကြီးကို ပိတ်လိုက်သည်။ ထို့နောက် အိမ်ရှေ့ထွက်ခဲ့ကြပြီး သံပန်းတံခါးကို ပိတ်လိုက်သည်။

အိမ်ဘေးရှိ ကားဂိုဒေါင် အပေါ်ရှိ အိမ်စောင့်အား အောင်ခန့်က . . .

"ဦးအိုက်စံ . . . ကျွန်တော်တို့ လမ်းလျှောက်ထွက်ဦးမယ်"

ဟု အသိပေးပြီးမှ ထွက်ခဲ့လေသည်။ အလုပ်သမားများ ပြန်သွားပြီဖြစ်၍ မာလီအဖြစ် ခန့်ထားသော ဦးအိုက်စံ၏သား ဘညိုကလွဲ၍ ခြံတွင်း မည်သူမှ ရှိမနေသဖြင့် ရှင်းလင်းကာ ပန်းပင်၏ အလှများမှာ အထူးပေါ်လွင်လျက်ရှိသည်။

ဦးအိုက်စံမိန်းမ ဒေါ်နန်းညိုက အိမ်၏သန့်ရှင်းရေး ဗာဟီရအလုပ်သမား၊ ဦးအိုက်စံက ခြံစောင့်ဒရဝမ်၊ သားက ဥယျာဉ်လုပ်သားအဖြစ် သူတို့မောင်နှမသည် ဤအိမ်ကြီးကို စိတ်ချလက်ချပစ်ထားနိုင်ခဲ့ခြင်း ဖြစ်လေသည်။

ယူကလစ်ပင်ကြီးများကိုသော်လည်းကောင်း၊ ထင်းရှူးပင်ကြီးများကိုသော်လည်းကောင်း၊ ဝက်သစ်ချပင်ကြီးများကို





သော်လည်းကောင်း တောင်ပေါ်လေမင်းသား၏ အားနှင့်အင်နှင့် တိုးဝှေ့မှုဒဏ်ကို ပြန်လည်တုံ့ပြန်လိုက်သော တရှီးရှီး တရှဲရှဲ အသံသည် တောင်ပေါ်ဒေသ၏ တေးသံတစ်ခုအလား ခံစားလိုက်ရသည်။

ကုဋ္ဌေနန်းထိုက်စိတ်ထဲ အေးချမ်းသွားသည်။ ဤကဲ့သို့သော နားနားနေနေနှင့် သဘာဝအလှတရားများကို အချိန်ယူ၍ မခံစားရသည်မှာ ကြာပြီဖြစ်သည်။ လူနာများ၊ ရောဂါများ၊ ဆေးဝါးများ အကြားတွင်သာ နစ်မွန်းနေခဲ့ရသဖြင့် ယခုလို လွတ်လပ်မှုမျိုးကို အပြည့်အဝ ခံစားခွင့်ရသောအခါ ကျေနပ်ကြည်နူးခြင်းကြောင့် သူမ၏မျက်နှာမှာ ဆယ်နှစ်ကျော်လောက် ပြန်လည်နုပျိုလန်းဆန်းလျက်ရှိသည်။

ယောက်ျားသားဖြစ်သော အောင်ခန့်က ရှေ့ဘက်ဆီမှ မားမားလျှောက်သွားသည်။ သူ့နောက်ဆီမှ ကပ်၍လိုက်ပါလာသော မိန်းမသားနှစ်ဦး၏ ရင်ထဲ၌ မည်သို့ရှိမည်ကို အောင်ခန့် မသိနိုင်။ သူကတော့ ပျော်ရွှင်လျက်ရှိသည်။ အလုပ်တွေ၊ ငွေကြေးကိစ္စတို့သည် သူ့ဦးနှောက်၌ကပ်ငြိခြင်း မရှိသော အချိန်သည် ဦးနှောက်ကြည်လင်ကာ စိတ်လက်ပေါ့ပါးဆုံးအချိန် ဖြစ်သည်။

"ကျွန်မ ဒီလိုအနားမယူရတာ နှစ်ပေါင်းဆယ်နှစ်ကျော်သွားပြီမမ၊ အဲဒီအတွက် မမကိုတော်င် ကျေးဇူးတင်ရမလို ဖြစ်နေပြီ"

"ပြောင်းပြန် မပြောပါနဲ့ ညီမရယ်၊ ညီမသာ မမရဲ့ ကျေး



BURMESE CLASSIC
www.burmeseclassic.com

ဖူးရှင်၊ ခုလဲ မမတစ်ယောက်တည်း သွားမှာကို ညီမ စိတ်မချလို့ လိုက်လာတာ မဟုတ်လား၊ ဆေးခန်းကို တစ်ခါမှ မပစ်စဖူး ပစ်ထားတဲ့ ညီမအတွက် မမက ကျေးဇူးတင်ရမှာပါ"

"ကျွန်မ အနားယူချင်နေတာကို အနားယူခွင့်ရအောင် ဆောင်ရွက်ပေးတဲ့ မမကို ကျေးဇူးတင်ခွင့်တောင် မမက မပေးချင်တော့ဘူးလား"

အောင်ခန့် နားကြားပြင်းကတ်လာသည်။

သည်လောက်တောင် မမနဲ့ညီမ အပြန်အလှန် ကျေးဇူးတင်ခြင်းကို လုနေကြတာ။

"မမကိုလဲ ကျေးဇူးမတင်နဲ့၊ ညီမကိုလဲ ကျေးဇူးမတင်ကြနဲ့"

နောက်သို့ လှည့်ကာ ရပ်ပြီးပြောလိုက်သည်။ ကုဋေ နန်းထိုက်နှင့် မေသန့်က သူ့အား လှမ်းကြည့်လိုက်စဉ်. . .

"ကျွန်တော့်ကိုပဲ ကျေးဇူးတင်"

"အလိုတော်. . . ဘာကြောင့်"

"ဘာကြောင့်ရမှာလဲ၊ ကျွန်တော် ရပ်ရှင်ပရိုဂျူဆာလုပ်လို့ မမ စိတ်ညစ်ပြီးထွက်သွားရတာ မဟုတ်လား၊ ဒါကြောင့် ကျွန်တော့်ကို ကျေးဇူးတင်လို့ ပြောတာ"

"ကျေးဇူးမတင်တဲ့အပြင် ငယ်ငယ်ကသာဆို မင်း အရိုက်ခံရပြီသာမှတ်"

"မမရာ မမသာ ကျွန်တော့်နေရာမှာသာဆို ဒီလိုပဲ စိတ်ထွက်ပေါက်တစ်ခုအတွက် အလုပ်အပြောင်းအလဲဆိုတာ



BURMESE CLASSIC



လုပ်မိမှာပါ။ မဟုတ်ဘူးလား ကုဋေ၊ နင်ကော နင့်လုပ်ငန်းအပေါ်မှာ မငြီးငွေ့ဘူးလား"

ကုဋေနန်းထိုက်က စဉ်းစားလိုက်သည်။ မိမိကိုယ်မိမိ တစ်ခါတစ်ရံ၌ ဆရာဝန်ဖြစ်အောင် ကြိုးစားမိခြင်းအတွက် နောင်တရတတ်သည်။ အထူးသဖြင့် လူနာများအုံခဲပြီး အလုအယက်လိုလို ကုပေးနေရသော အခါမျိုးနှင့် မိမိက ပင်ပန်းနွမ်းနယ်နေသောအခါမျိုး ကြုံကြိုက်လာသည့်အခါ၌သာ ဖြစ်သည်။

များသောအားဖြင့် မိမိလုပ်ငန်းအပေါ် အမြဲဂုဏ်ယူနေတတ်ပါသည်။ လူများ၏ အသက်ကို ကယ်တင်ပေးနိုင်သော ဝေဒနာများကို ကုစားပေးနိုင်သော ဆရာဝန်ဘဝမျိုးလောက် မွန်မြတ်သည့်လုပ်ငန်း ရှိပါဦးမလား။

"ငါမေးတာ ဖြေလေ"

"အင်း. . စဉ်းစားနေတာ၊ ငါ့လုပ်ငန်းအပေါ် ငါငြီးငွေ့ခဲ့သလားလို့၊ အဲ. . နင်လောက်တော့ ငြီးငွေ့မှုမျိုးမဖြစ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ငါဝါသနာပါတဲ့ လုပ်ငန်းမျိုး ဖြစ်နေလို့ပဲ၊ ဒါပေမယ့် ငါလဲလူသားတစ်ယောက်ပဲ၊ တစ်ခါတစ်ရံမှာ အထူးသဖြင့် အလုပ်တွေသိပ်များလာတဲ့ အခါမျိုးမှာတော့ ငါ့ကိုငါ ပညာတတ်မိန်းမတစ်ယောက် ဖြစ်ခြင်းအတွက် နောင်တရတတ်ပြီး သာမန်မိန်းမတစ်ယောက်ရဲ့ ပျော်ရွှင်အေးချမ်းမှုမျိုးကို မိုက်မစွာနဲ့ အားကျခဲ့မိတာမျိုးတော့ ရှိတာပေါ့၊ ဒါတွေကလဲ တစ်ရာခိုင်နှုန်း သောက်ပါ"

အောင်ခန့် အမြင်ကတ်သွားသည်။ သူက ရိုးစင်းစွာမေး



www.burmeseclassic.com

လိုက်သောစကားကို သူမက စဉ်းစဉ်းစားစားဖြင့် ရှည်လျားစွာ ဖြေလိုက်သည်။ သူ့အတွက် ရင်ခုန်စရာပါသောစကားများကို သူပြောတတ်ပုံမရချေ။

ကားများရှင်းသော လမ်းဖြစ်၍ သူတို့သုံးဦး ယှဉ်တွဲလျှောက်လာကြသည်။

"ခုလို အနားယူရတာမျိုးကိုတော့ နင်ဘယ်လို ခံစားရသလဲ"

"သိပ်ကို ကျေနပ်တာပေါ့၊ ဒီလိုအခွင့်အရေးမျိုးကိုတော့ ငါလဲ သာမန်လူသားတစ်ယောက်အနေနဲ့ တမ်းတမိခဲ့တာ ကြာပါပြီ"

"ဒါ ငြီးငွေ့မှုကြောင့် တမ်းတတာ မဟုတ်ဘူးလား"

"မဟုတ်ဘူး"

တွေ့လား. . အောင်ခန့်သည် စိတ်ထဲ၌ ခပ်ချဉ်ချဉ်ဖြင့် ကုဋ္ဌေနန်းထိုက်ကို ငဲ့စောင်းကြည့်လိုက်သည်။ မိမိ၏စကားဟူသမျှကို ဆန့်ကျင်ဖို့ သန္နိဋ္ဌာန်များ ချထားလေရော့သလားဟုလည်း သူတွေးမိသည်။

"ဒါဖြင့်ဘာလဲ'

"ပင်ပန်းမှုကြောင့် အပန်းဖြေချင်တာမျိုးရှိတယ်၊ အနားယူချင်တာမျိုးပဲရှိတယ်၊ ဘယ်တော့မှ လုပ်ငန်းအပြောင်းအလဲမျိုး လုပ်မိလိမ့်မှာ မဟုတ်ဘူး"

ဒါ မိမိလုပ်ငန်းအပြောင်းအလဲအပေါ် ရှုတ်ချလိုက်သော စကားဟု အောင်ခန့်က ယူဆလိုက်သည်။





"အေးပေါ့၊ ဒါကလဲ နင်ဟာ မိန်းမဖြစ်နေလို့ပဲဖြစ်မှာ"

"ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့၊ မိန်းမဆိုတာ ယောကျ်ားတွေထက် ပိုစိတ်ရှည်တတ်လို့ ကိုယ့်လုပ်ငန်းအပေါ် ကိုယ်စိတ်ရှည်တယ်ဆိုတာ သဘာဝကျပါတယ်"

"အင်း. . . ဖြစ်နိုင်လောက်ပါတယ်"

သူတို့နှစ်ဦး၏ အနှုအရွမပါသော စကားများကို မေသန့်တာ ဝေဖန်ခြင်း ကြားဝင်ခြင်း လုံးဝမရှိဘဲ နှုတ်ဆိတ်လျက် အေးဆေးစွာ လမ်းလျှောက်လျက်ရှိသည်။ သူတို့ နှစ်ဦး နီးစပ်ဖို့အတွက် မိမိမည်ကဲ့သို့ ကြိုးပမ်းပေးရမှန်း မသိအောင်ဖြစ်နေသည်။

အမှန်တကယ်တော့ သူတို့သည် ရင်းနှီးပြီးသား ဖြစ်သည်။ ရင်းနှီးပြီး မာနကိုယ်စီဖြင့် ဝေးကွာနေကြသော လူများဖြစ်သည်။

မာနတရားများ ပယ်ခွာပြီး တစ်ဦး၏ လုပ်ငန်းအပေါ် တစ်ဦးနားလည်သွားမည်ဆိုပါက. . .

"ဟင်း. . ."

"မမ. . ဘာဖြစ်လို့လဲဟင်၊ မောသွားပြီလား၊ မောရင် ပြန်ကြရအောင်"

မေသန့်၏ သက်ပြင်းချသံကို အနီးကပ်ဆုံးရှိနေသူ [illegible]ဦးအနက် ကုဋ္ဌေနန်းထိုက်သာ ကြားသိပြီး မေးလိုက်သည်။

"မဟုတ်ပါဘူး"

"မဟုတ်ပေမယ့်လဲ ပြန်ကြရအောင်၊ မမအတွက် ဒီ



www.burmeseclassic.com

လောက်ခရီးဆို တော်လောက်ပါပြီ”

“ညီမသဘောပဲ”

အောင်ခန့်က မမနှင့်ညီမ သိပ်အဆင်ပြေနေပုံရသော နှစ်ဦး ပြန်အလှည့်၌ သူပါလှည့်ပြန်ခဲ့ရလေသည်။

ပြင်ဦးလွင်၏အလှတရားက သူတို့သုံးဦးစလုံး၏ ဦးနှောက်များကို ကြည်လင်လန်းဆန်းစေပြီး နှလုံးသားကိုပါ ချမ်းမြေ့စေသည်။

အထူးသဖြင့် အောင်ခန့်ရင်ထဲ ချမ်းမြေ့ပျော်ရွှင်နေမိသည်မှာတော့ အမှန်ပင်။







# အခန်း (၁၈)

အောင်ခန့်အတွက် ညဥ့်ဦးပိုင်းအချိန်များသည် ယောင်နာချာနှင့် ပျင်းရိငြီးငွေ့ဖွယ်ရာ အချိန်များ ဖြစ်နေသည်။ ယခင်ရက်များက သူ့အတွက် စားသောက်ဆိုင်များ၌ အချိန်ကုန်ဆုံးစေခဲ့သည်။

ယခုလမ်းလျှောက်ပြန်လာပြီး ဘာလုပ်ရမှန်းမသိ ဖြစ်နေစဉ်၌ အစ်မဖြစ်သူ မေသန့်က ဗီဒီယိုအခွေကြည့်ရန် အခွေတောင်ရစ်နေလေပြီ။



www.burmeseclassic.com

ကုဋ္ဌေနန်းထိုက်ကာ ရေဋ္ဌေးကြမ်းနှင့် ကရားအိုး၊ လက်ဖက်အစ်၊ ခရမ်းချဉ်သီးယိုပန်းကန် အပါအဝင် ဗန်းကိုကိုင်ကာ ညှော်ခန်းစားပွဲပေါ်သို့ လာရောက်ဟင်လိုက်သည်။

"အခွေကြည့်မယ်လေ ကုဋ္ဌေ"

မေသန့်က မီးဖိုဘက်သို့ ခြေလှမ်းပြင်လိုက်သော ကုဋ္ဌေနန်းထိုက်အား တားဆီးလိုက်သောသဘောဖြင့် ပြောလိုက်သည်။

ကုဋ္ဌေနန်းထိုက်က. . .

"ကြည့်ပါ. . မမ ကြည့်နှင့်၊ ကျွန်မ ဘုရားပန်းလဲလိုက်ဦးမယ်"

"ဘယ်ဟုတ်ပ့ါမလဲ၊ တို့မှားလဲ ဝိုင်းလဲပေးမှာပေ့ါ"

"ရပါတယ် မမရာ၊ ကုဋ္ဌေက သိပ်လဲဝါသနာမပါဘူး မမက စောစောအိပ်သင့်တာဆိုတော့ အခွေအပြီးအထိဆို အိပ်ချိန်နဲ့အတော်ပဲ"

"ဒီလိုဆိုရင်. . ခန့် ကုဋ္ဌေကို ဝိုင်းကူလိုက်"

အောင်ခန့် မငြင်းဆန်ဘဲ ကုဋ္ဌေနန်းထိုက်အား လှမ်းကြည့်လိုက်သည်။ ကုဋ္ဌေနန်းထိုက်ဆီက ကျေနပ်လက်ခံသော တုံ့ပြန်မှုတစ်ခုခုတော့ ရချင်သည်။

သို့သော် ကုဋ္ဌေနန်းထိုက်က မီးဖိုဘက်ဆီကို ဣန္ဒြေရစွာ ကျောခိုင်းသွားလေသည်။

အောင်ခန့်က အစ်မဖြစ်သူအား ပခုံးတွန့်ပြလိုက်ရာ မေသန့်က ပြုံးစစနှင့် လိုက်သွားလေဟူသော မျက်စကို ထပ်ချက်ပစ်လိုက်လေသည်။





အောင်ခန့်လည်း မနေသာဘဲ ကုဋ္ဌေနန်းထိုက်နောက်သို့ လိုက်ခဲ့လေသည်။

အောင်ခန့်ဝင်လာသည်ကို မြင်ရ၍ ကုဋ္ဌေနန်းထိုက်က အားနာစွာဖြင့်. . .

"ရပါတယ် ခန့်. . နင်ဘာမှလုပ်တတ်မှာ မဟုတ်ဘဲ၊ ဒီဒီယို သွားကြည့်လေ"

"ငါ ဘာမှမလုပ်တတ်ဘူးတော့ မဟုတ်ပါဘူး၊ နင် ထိုးပြီးသား ဘုရားပန်းအိုးတွေကို သယ်ယူပေးတဲ့ အလုပ်မျိုးတော့ အကူအညီပေးနိုင်ပါတယ်"

"ဒီလိုဆိုရင်လဲ ငါက ကျေးဇူးတင်ရမှာပေ့ါ"

"ဘာမှမဆိုင်ဘူး ထင်တယ်၊ နင် လုပ်ပေးနေတဲ့ အလုပ်တွေဟာ ဆရာဝန်တစ်ယောက်ရဲ့အလုပ် မဟုတ်ဘူးလေ၊ ငါတို့ကို နင်ဝိုင်းလုပ်ပေးနေတာ မဟုတ်လား"

ကုဋ္ဌေနန်းထိုက်က ပန်းခက်၏ အရွက်အချို့ကို ခြွေရင်း. .

"ဒါကတော့ မိသားစုစိတ်ဓာတ်မျိုးနဲ့ မိန်းမတစ်ယောက် လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်ကိုလုပ်ရင်း အပန်းဖြေတဲ့သဘောမျိုးနဲ့ ငါလုပ်တာပဲ၊ ဒီအတွက် နင် ကျေးဇူးတင်စရာ မလိုဘူးထင်တယ်"

အောင်ခန့်စိတ်ထဲ စကားအကျောမခံသော ကုဋ္ဌေနန်းထိုက်ကို စိတ်ထဲ သည်းမခံချင်တော့။ ကုဋ္ဌေနန်းထိုက်ကို စိတ်ထဲ၌ "ကြီးကျယ်လိုက်တာ၊ မတင်နဲ့ဆို မတင်ဘူးကွာ" ဟု ပြော



www.burmeseclassic.com

လိုက်ချင်သော်လည်း သူမြင်တွေ့နေရသော ရုပ်ရှင်ရိုက်ကွင်းထဲက မင်းသားကဲ့သို့ ခပ်ပြုံးပြုံးလေး လုပ်ကာ. . .

"ကျေးဇူးတင်ထိုက်သူကို ကျေးဇူးတင်တာ မင်္ဂလာရှိတယ် မဟုတ်လား၊ ငါ မင်္ဂလာရှိချင်လို့ပါ"

ကုဋ္ဌေနန်းထိုက် စိတ်ထဲ အတွေးရိပ်များနှင့် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ အောင်ခန့်နှင့် မိမိအနေအထားသည် ငယ်သူငယ်ချင်းဘဝကဲ့သို့ တရင်းတနှီး ပြန်ဖြစ်သွားသည်။ အောင်ခန့်၏စိတ်ထဲ မည်သို့ရှိမည်ကို မိမိ မခန့်မှန်းတတ်သော်လည်း မိမိရင်ထဲတော့ ဆယ်ကျော်သက်အရွယ်က မခုန်ခဲ့ဘူးသော ပုစွန်ဆိတ်ကလေးသည် ယခုမှ ခုန်ပေါက်နေလေပြီ။

"ကဲပါ. . . ခန့်ရယ်၊ နင်နဲ့ အအပ်စပ်ဆုံးဖြစ်တဲ့ အလုပ်ကိုသာ သွားလုပ်စမ်းပါ"

"ဘာအလုပ်က ငါနဲ့ အအပ်စပ်ဆုံးလဲ"

"မမနဲ့အတူ ဗီဒီယို သွားကြည့်လေ၊ ဒါမှ နင့်ရဲ့ ပရိုဂျူဆာလုပ်ငန်းအတွက် လိုအပ်တဲ့ ပြင်ဆင်မှုတွေဘာတွေ ရရှိလာနိုင်မှာပေါ့"

"ဟင့်အင်း. . . ဒါတွေ ငါ နားမလည်ချင်ဘူး၊ ဝါသနာလဲ မပါဘူး"

ကုဋ္ဌေနန်းထိုက်သည် အရွက်ခြွေလက်စလက်ကို ရပ်တန့်လိုက်ပြီး အောင်ခန့်မျက်နှာကို အထူးအဆန်းသဖွယ် လှမ်းကြည့်လိုက်ပြီး တအံ့တသြ လေသံဖြင့်. . .

"ဗုဒ္ဓေါ. . . နင် ရူးနေသလား ခန့်၊ ရုပ်ရှင်ဗီဒီယို ဝါသနာ





မပါတဲ့လူတစ်ယောက် ရုပ်ရှင်ပရိုဂျူဆာ ဖြစ်လာတယ်လို့"

"ဒါကတော့ နင့်ကိုငါပြောပြီးပြီလေ၊ လုပ်ငန်း Changes သဘောမျိုးပါလို့"

"ရှူးပါပေ့ဟာ၊ လုပ်ငန်း Changes သဘောမျိုးလုပ်ချင်ရင် အခြားအလုပ်တွေ ပြောင်းလဲလုပ်လို့ ရပါတယ်ဟာ"

"ဘယ်လိုအလုပ်မျိုးလဲ"

"ဥပမာ ပန်းစိုက်တာတို့ ခရီးထွက်တာတို့ဆိုရင် ဦးနှောက်ကိုလဲ ကြည်လင်လန်းဆန်းစေတယ်လေ"

"ဟုတ်မယ်ထင်တယ်၊ ငါ ခုလို ခရီးထွက်ရတာ စိတ်ထဲ ပေါ့ပါးသွားသလိုပဲ"

အောင်ခန့်က ပြောရင်းနှင့် ကုဋ္ဌေနန်းထိုက်၏ လှုပ်ရှားမှုကို ငေးကြည့်လိုက်သည်။

ကုဋ္ဌေနန်းထိုက်၏ လက်ချောင်းကလေးများသည် ပျော့ပျောင်း သွက်လက်စွာဖြင့် လှုပ်ရှားနေလေသည်။

သူမသည် ဘာလုပ်လုပ် ဖျတ်ဖျတ်လတ်လတ် လျင်လျင်မြန်မြန်ရှိသည်။

လုပ်ပုံကိုင်ပုံမှာလည်း စေ့စပ်သေချာလှသည်။ ထိုအချိန် ထိုကာလအတွင်း ဘုရားပန်းအိုးနှင့် အလှပန်းအိုးများကို ထိုးပြီးသားဖြစ်သွားသည်။

သူမ၏ လုပ်ရည်ကိုင်ရည်ကြောင့် ထင်ပါသည်။ အထက်တန်း ကျောင်းသူဘဝက သူမသည် အတန်းတိုင်းလိုလို၌ မိန်းကလေး အခန်းခေါင်းဆောင်အဖြစ် ခန့်အပ်ခြင်းခံရသည်ကို



www.burmeseclassic.com

ယခုတွေးမိကာ သဘောပေါက်မိသည်။

"ခန့်. . . ပြီးပြီလေ၊ သွားထားတော့"

"သြော်. . . အင်း. . . အင်း"

အောင်ခန့်သည် အတွေးစအမျှင်နှင့် ကုမ္ပဏီနန်းထိုက်ကို ငေးကြည့်နေမိရာမှ ကယောင်ကတမ်းဖြင့် ပန်းအိုးများကို ကောက်ယူကာ အပေါ်ထပ်သို့ တက်ခဲ့လေသည်။

သူ့ဘုရားပန်းအိုးများကို အပေါ်ထပ်သို့ နှစ်ခေါက်တိတိ တက်၍ တင်ပြီးချိန်တွင် ရေစက်တစ်စက်မကျန် အရွက်တစ်ရွက်မရှိ ရှင်းသန့်ကင်းစင်လျက်ရှိသည်။

အိမ်ရှေ့ဧည့်ခန်းရှိ အလှပြင်ဗီရိုပေါ်၌သော်လည်းကောင်း၊ ဆိုဖာဆက်တီရှိ ကျွန်းစားပွဲပေါ်၌သော်လည်းကောင်း ရှုချင်စဖွယ် အလှပန်းအိုးများကို တွေ့မြင်လိုက်ရသည်။ တစ်ဆက်တည်း ဆိုသကဲ့သို့ အပေါ်ထပ်မှ ဆင်းလာသော ကုမ္ပဏီနန်းထိုက်ကို တွေ့လိုက်ရသည်။

ဘယ်အချိန်ကများ အပေါ်တက်သွားပါလိမ့်ဟု တွေးမိသော်လည်း မမေးမိချေ။

"လာ. . . ကောင်းတယ်"

မမမေသန့်ကတော့ သူကြိုက်နှစ်သက်သော နေတိုးပါလျှင်ကို ကောင်းနေတတ်သည်ဖြစ်ရာ သူတို့နှစ်ဦးအား လှမ်းခေါ်လိုက်သည်။

ကုမ္ပဏီနန်းထိုက်က မငြင်းမဆန်နှင့် မေသန့်အနီး ဆိုဖာဆက်တီ၌ ဝင်ထိုင်လုက်သော်လည်း သူမလက်ထဲ၌ သိုးမွေး





ပါလာသည်။

"ညီမကလဲကွယ်. . . လွတ်လွတ်ကင်းကင်း ကြည့်စမ်းပါ"

"ရပါတယ် မမ၊ ကျွန်မ ဒီလိုပဲကြည့်နေကျပဲ၊ သိုးမွေးကြည့်ထိုးစရာမှ မလိုဘဲ ကျွမ်းကျင်လို့ရှိရင် ရတယ်၊ အချို့ မျက်မမြင်တွေဆိုရင် လက်မှုပညာနဲ့ အသက်မွေးဝမ်းကျောင်း ပြုနေကြရတာပဲ၊ ကျွမ်းကျင်ရာလိမ္မာ ဆိုသလိုပေါ့"

"အင်း. . ဟုတ်မယ်၊ ကိုယ့်မောင်ကတော့ မကျွမ်းကျင်တဲ့အလုပ်ကိုလုပ်လို့ မလိမ္မာဘဲ လူပါလိမ့်မယ် ထင်တယ်"

အောင်ခန့်ဘက်သို့ မြားဦးလှည့်လာသည်ဖြစ်ရာ အောင်ခန့်က. . .

"ဘာမှလည်း မဆိုင်ပါလား မမရာ"

"ဆိုင်တာပေါ့၊ နေ့မအား ညမအားနဲ့ လူတောင် လုံးပါးပါးသွားနိုင်သေးတယ်"

ကုမ္ပဏီနန်းထိုက်က မောင်နှမနှစ်ဦးကြားထဲ တစ်ခွန်းမှ ဝင်မပြောဘဲ သူမအလုပ်ကိုလုပ်ရင်း ဗီဒီယိုကြည့်နေသည်။

အောင်ခန့်က အစ်မကို ပြန်မပြောတော့ဘဲ နေလိုက်သောအခါ မေသန့် ပါးစပ်ပိတ်သွားလေသည်။

ဗီဒီယိုခွေဆုံးသွားသောအခါ ကုမ္ပဏီနန်းထိုက်က နွားနို့ကျိုကာ တစ်ခွက်စီတိုက်ပြီး မေသန့်ကိုပါ ဆေးတိုက်ပြီး အိပ်ရာဝင်စေသည်။

အောင်ခန့်အတွက် အိပ်ရာဝင်နေကျအချိန် မဟုတ်



www.burmeseclassic.com

သေးသဖြင့် မအိပ်ချင်သေး၊ အပေါ်ထပ်ဧည့်ခန်း၌ ကုဋ္ဌေနန်းထိုက်သည် ဆေးပညာစာအုပ်တစ်အုပ်ယူကာ ဖတ်နေလေတော့သည်။

အောင်ခန့်က လသာဆောင်သို့ ထွက်ခဲ့သည်။ လပြည့်ညပါလားဟု ကောင်းကင်ထက်၌ ရွှန်းရွှန်းမြမြသာနေသော လပြည့်ဝန်း၏ အလှတရားကို တွေ့မြင်ရသောအခါမှ သိရှိလိုက်သည်။

ကုဋ္ဌေနန်းထိုက်အတွက် တစ်နေ့တာအိပ်ချိန်မှာ စောနေသေးသည်။ သူမအတွက် အိပ်ချိန်မှာ ငါးနာရီခန့်သာ ရှိသည်။ ငယ်စဉ်ကတည်းက အလေ့အကျင့်တစ်ခုလိုဖြစ်နေသဖြင့် စောစောအိပ်မရသေးပေ။

တစ်နေ့တာ ကြုံတွေ့နေရသော လူနာများ၏ ရောဂါလက္ခဏာ အထွေထွေအပေါ်မူတည်ပြီး နိုင်ငံတကာ ဆေးပညာရှင်များ၏ ဆေးကျမ်းကို ဖတ်ရှုကာ အမြဲမပြတ်လေ့လာနေကျဖြစ်သည်။

ဆယ့်နှစ်နာရီမှာ အိပ်စက်ပြီး နံနက်ငါးနာရီ ပုံမှန်ထနေကျဖြစ်သည်။

အောင်ခန့် စကားပြောချင်လာသည်။ လသာဆောင်မှနေ၍ ဧည့်ခန်းဘက် တံခါးဝသို့ လျှောက်လာပြီး . . .

"ကုဋ္ဌေ"

"ဘာလဲ အောင်ခန့်"

"နင့်မှာလဲ စာအုပ်နဲ့မျက်နှာနဲ့ကို ခွာတယ်မရှိဘူး။





အနားယူတဲ့အခါ ဒီရောဂါတွေအကြောင်း မေ့ထားလိုက်စမ်းပါဟာ"

"မေ့ထားလို့ဖြစ်မလား၊ ပညာဆိုတာ ကုန်ဆုံးသွားတယ်လို့မှ မရှိတာ"

"ထားစမ်းပါဟာ . . . နင်နဲ့ငါ စကားပြောချင်တယ်၊ လာစမ်းပါ"

ကုဋ္ဌေနန်းထိုက်အတွက် ထူးဆန်းအံ့သြဖွယ်ရာကောင်းသော စကားဖြစ်သည်။

ရင်ထဲ၌ အမည်မသိသော ဝေဒနာရပ်ဖြင့် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

အောင်ခန့်ထံမှ စကားအတွက် ဖြေစရာစကား မိမိထံ၌ အဆင်သင့် ရှိမနေခြင်းအတွက် ငြင်းပယ်လိုက်ရင် ကောင်းမလားဟု စဉ်းစားလိုက်မိပြီး . . .

"ငါ့မှာတော့ နင့်ကို ပြောစရာစကား မရှိဘူး"

အောင်ခန့်အတော် စိတ်ပျက်သွားသည်။ ပညာတတ်မိန်းမတစ်ယောက်၊ အထူးသဖြင့် ပညာဂုဏ်မောက်သော မိန်းမတစ်ယောက်။

ဒါ့အပြင် ကျောင်းနေဖက် သူငယ်ချင်းတစ်ယောက်၊ ထိုမျှမကသေး မိမိအပေါ်၌ အထင်ကြီးခြင်းမရှိသော မိန်းမတစ်ယောက်ကို ဇနီးမယားအဖြစ် စဉ်းစားရာ၌ ရင်ခုန်သံစဉ်ထွက်မလာခြင်းသည် အချစ်ကို မွေးဖွားနိုင်ပါ့မလားဟု အောင်ခန့် စိတ်ပျက်စွာ တွေးလိုက်မိပြီး . . .



www.burmeseclassic.com

"အေးလေ. . . ပြောစရာမရှိရင်လဲ ရပါတယ်၊ ငါက ပျင်းလို့ နင်နဲ့စကားပြောမလို့လား"

"ဝမ်းနည်းပါတယ် ခန့်၊ ငါ့မှာ နင်အပျင်းဖြေဖို့အတွက် အချိန်မပေးနိုင်တာ ဝမ်းနည်းပါတယ်"

ကိုင်း. . . အောင်ခန့်၊ မင်း ဘာတတ်နိုင်သေးသလဲဟု သာ မိမိကိုယ်မိမိသာ အပြစ်တင်လိုက်မိလေတော့သည်။







# အခန်း (၁၉)

အောင်ခန့် အိပ်ရာထ အတော်နောက်ကျသွားသည်။

ပန်းခင်းများအကြားဝယ် ရိုးစင်းသော ပန်းတစ်ပွင့် သက်ဝင်လှုပ်ရှားနေသည်ဟု အောင်ခန့်မြင်တွေ့လိုက်ရသည်။

ဘယ်အချိန်အိပ်ပြီး ဘယ်အချိန်ကများ ထလိုက်သည် မသိ သနပ်ခါးနှင့် ရိုးစင်းလှပနေသော ကုဋ္ဌေနန်းထိုက်၏အလှ ကို သူငေးစိုက်ကြည့်မိသည်။

လှတာထက် ချောသည် ယဉ်သည် ကျက်သရေရှိသည်



www.burmeseclassic.com

ဟုဆိုလျှင် မှန်သည်ဟု အောင်ခန့်တွေးမိစဉ်. . .

"နိုးပြီလား ခန့်"

"နိုးပြီ"

"နိုးရင် မျက်နှာသစ်ပြီး . . ခေါပြင်နဲ့ လက်ဖက်ရည် သောက်လိုက်ဦး၊ ငါတို့တော့ စားပြီးပြီ"

"ဟုတ်ကဲ့"

"ငါ ထမင်းစားခန်းမှာ စောင့်နေတယ်၊ နင့်ကိုပြောစရာတွေ ရှိသေးတယ်"

အောင်ခန့် ရင်တုန်သွားချင်သည်။ မမ၏ ပြောစရာစကားသည် သူ့အတွက် ကောင်းသောစကားတော့ မဖြစ်နိုင်ဟု သုံးသပ်ကြည့်သည်။

ထင်သည့်အတိုင်း ထမင်းစားစားပွဲသို့ ရောက်သောအခါ မမက. . .

"ဘယ့်နှယ်လဲ အဆင်ပြေရဲ့လား၊ ညက တော်တော်နဲ့ မအိပ်ကြဘူး မဟုတ်လား"

"ပြေပါလိမ့်မယ်. . စာကြမ်းပိုး စာအုပ်တစ်အုပ်နဲ့ ဘယ်အချိန်အိပ်မှန်း မသိလိုက်ပါဘူး၊ ကျွန်တော်က မမအိပ်ပြီး မကြာခင် ဝင်အိပ်တာပဲ"

"ခန့်ရယ်. . . မင်းက ယောက်ျားပဲ၊ စ,စရာရှိ မင်းကဝဲ အရင်စရမှာပေါ့၊ မိန်းကလေးက စ,ရမှာလားရှင်လို့ မင်းကိုမေးရမလို ဖြစ်နေပါလား"

"မဖြစ်ပါဘူး မမရာ၊ မမလူက အိမ်ထောင်ရေး စိတ်ဝင်စားမယ့်ပုံလဲ မရှိပါဘူး၊ သူ့လူနာနဲ့ ရောဂါတွေလောက်ပဲ သူ့ခေါင်းထဲရှိပုံရတယ်၊ ကျွန်တော်နဲ့တော့ မဖြစ်ပါဘူး"

"မဖြစ်လို့မရဘူး ခန့်"

မေသန့်က စိတ်တိုလာသော မျက်နှာဖြင့် သူ့အားလှမ်းကြည့်လိုက်ပြီး ခပ်မာမာလေသံဖြင့် ကန့်ကွက်လိုက်သည်။

အောင်ခန့်က ခေါပြင်တုံးကလေးကို ခက်ရင်းဖြင့် ထိုးလိုက်ပြီး နှမ်းထောင်းလေးနှင့်တို့ကာ စားလိုက်၊ လက်ဖက်ရည်သောက်လိုက် လုပ်နေသည်။

မေသန့်က ဤအပြုအမူသည် သူ့အား ပမာမခန့်ပြုသော အမူအရာဖြစ်သည်ဟု ယူဆသည်။ ထို့ကြောင့် မောင်ဖြစ်သူအား ဒေါကန်ကာ. . .

"ခန့်. . ."

အောင်ခန့်က မျက်စဖြင့် အစ်မအား လှမ်းကြည့်လိုက်သည်။

"မင်း ကုဋေကို ယူမလား၊ မယူဘူးလားဆိုတာ ငါ့ကိုပြော"

အောင်ခန့်က အစ်မကို ကြည့်ကာ. . .

"ဘာဖြစ်ရပြန်ပြီလဲ မမရာ၊ အိမ်ထောင်မှု ဘုရားတည် ဆေးမင်ရည် စုတ်ထိုး. . ."

"တော်စမ်း နင့်ပါးစပ် ပိတ်ထား၊ ငါမေးတာကိုပဲ မင်းဖြေ"

"ကျွန်တော်မှ. . ."







www.burmeseclassic.com

"တော်ပြီခန့်၊ မင်း ကုဋ္ဌေနဲ့ လက်မထပ်နိုင်ဘူးဆိုရင် မင်းပြန်တော့၊ ငါ ဒီမှာပဲ နေခဲ့တော့မယ်၊ ဘယ်တော့မှ ရန်ကုန်အိမ်ကို ပြန်မလာတော့ဘူးလို့ ဆုံးဖြတ်လိုက်ပြီ၊ မင်း ငါ့မျက်ကွယ်မှာ ကြိုက်သလိုနေ၊ ကြိုက်တဲ့မိန်းမကိုသာ ယူပေတော့"

မေသန့်က စကားဆုံးသည်နှင့် ချာခနဲ လှည့်ထွက်သွားလေသည်။

အောင်ခန့် ပုခုံးတွန့်ပြီး ကျန်ရစ်ခဲ့လေသည်။

ခက်ရင်းဖြင့် ခေါပြင်တုံးကလေးကို ထိုးဆွယူကာ နှမ်းထောင်းဖြင့် တို့စားရင်း တစ်စုံတစ်ခုကို သူစဉ်းစားနေမိသည်။

စဉ်းစားမိတိုင်း ပန်မမ၏ ချစ်စဖွယ် အမူအရာလေးများသည် သူ့အာရုံကို စိုးမိုးလာသည်။

သို့သော် အစ်မဖြစ်သူကို လွန်ဆန်နိုင်သော အင်အားသူ့မှာမရှိသဖြင့် အစ်မရှိရာ ပန်းခြံထဲသို့ လိုက်သွားပြီး . . .

"မမ"

"ဘာလဲ"

"ကျွန်တော် ကတိပေးတယ်"

"ဘာကတိလဲ"

"ကျွန်တော် မိန်းမယူမယ်လို့ ဆုံးဖြတ်တဲ့အချိန်မှာ ကျွန်တော်လက်ထပ်ယူမယ့် မိန်းမဟာ ကုဋ္ဌေနန်းထိုက်ကလွဲပြီး ဘယ်သူမှ မဖြစ်စေရဘူးဆိုတဲ့ ကတိ"

"အချိန်အတွက်လဲ ငါ ထပ်ကန့်သတ်ရလိမ့်မယ်"

"ဟောဗျာ မကျေနပ်နိုင်သေးဘူးလား"





"နင်စဉ်းစားကြည့်လေ ခန့်၊ ယောကျ်ားတစ်ယောက်အတွက် သုံးဆယ့်ငါးနှစ်ဆိုတာ ဘာမှမဖြစ်ပေမယ့် မိန်းမတစ်ယောက်အတွက် သုံးဆယ့်လေးနှစ်ဆိုတဲ့အချိန်ဟာ အိမ်ထောင်ပြုဖို့ အရွယ်လွန်နေပြီ၊ သားသမီး သုံးလေးယောက်ယူနိုင်ဖို့ အချိန်ကာလကိုလဲ ထည့်တွက်ရဦးမယ်"

အောင်ခန့်က သက်ပြင်းကို ကျယ်လောင်စွာ ချပြလိုက်သည်။ ထိုအခါ မေသန့်၏ မျက်စောင်းတစ်ခုကို သူရလိုက်သည်။

"ဘာလဲ မင်းကမကျေနပ်ဘူးလား၊ မကျေနပ်ရင် မနက်ဖြန်တွေဘာတွေ လုပ်မနေနဲ့၊ အခုပဲနင်ပြန်တော့၊ ငါ ဘယ်တော့မှ နင်ရှိတဲ့နေရာကို ခြေချလိမ့်မယ်မထင်နဲ့"

"မမကလဲဗျာ၊ ကျွန်တော်က ဘာပြောနေလို့လဲ"

"ပြောနေတာပဲ"

"ဟင် . . . တစ်ခွန်းမှလဲ မထွက်ဘဲနဲ့"

"ဘာမထွက်ရမှာလဲ၊ အခွန်းပေါင်း တစ်သောင်းမကဘူးလေ၊ နင့်မျက်လုံးတွေက စကားပြောနေတာ"

အောင်ခန့်က ရယ်လိုက်သည်။ အပျိုကြီးများသည် များသောအားဖြင့် ကလေးဆန်တတ်ကြသည် ထင်ပါသည်။ သူ့အစ်မ၏ ကလေးဆန်မှု တစ်ဖွတ်ထိုးနိုင်မှုကို ခွင့်လွှတ်ပါသည်။

"ဘာရယ်တာလဲ"

"မဟုတ်ပါဘူး၊ မမကို ကျွန်တော် ကတိပေးပြီးပြီပဲ၊ မမစိတ်တိုင်းကျ ဖြစ်စေရမှာပေါ့၊ ကိုင်း . . လုပ်လုပ်၊ မမ ယောင်မ



www.burmeseclassic.com

လောင်းကိုခေါ် ဘီအီးဖောနဲ့ ပိတ်ချင်းမြောင်ကို လိုက်ပို့ပေးမယ်”

အောင်ခန့်၏ လိုက်လျောမှုကို ရရှိသွားသဖြင့် မေသန်းမျက်နှာတစ်ပြင်လုံး ဝင်းပကြည်လင်သွားပြီး. .

“နင် တကယ်ပြောတာနော် ခန့်”

“တကယ်ပေါ့ မမရယ်၊ မမစိတ်ချမ်းသာရင် ကျွန်တော်လဲ စိတ်ချမ်းသာမှာပါ”

“ဒီလိုဆို ကုရွေ့ကို မင်းပဲသွားခေါ် လိုက်တော့၊ ငါယူစရာရှိတာလေး ယူလိုက်ဦးမယ်”

“ဟောဗျာ”

အောင်ခန့်မှာ အစ်မဖြစ်သူကို မလွန်ဆန်နိုင်တော့ဘဲ လက်လျှော့ကာ ကုရွေ့နန်းထိုက်ရှိရာ ပန်းခင်းဆီသို့ လျှောက်ခဲ့ရလေတော့သည်။







# အခန်း ( ၂၀ )

အစ်မဖြစ်သူက ကုရွေ့နန်းထိုက် ခွင့်တစ်ပတ် ယူထားသဖြင့် ပြင်ဦးလွင်၌ အချိန်ရတုန်း နေချင်သေးသည်ဖြစ်ရာ အောင်ခန့်လည်း စိတ်ချလက်ချထားခဲ့ပြီး ရန်ကုန်သို့ပြန်ခဲ့လေသည်။

ပြန်ရောက်ရောက်ချင်း. . .

“ပန်မမဆိုတဲ့ မိန်းကလေးဆီက ဖုန်းခဏခဏလာတယ်ခန့်”



www.burmeseclassic.com

ဦးလေးမောင် ဆီးကြိုပြောလိုက်ရာ အောင်ခန့်၏ ရင်လှုပ်ခတ်မှုများ စတင်ဖြစ်ပေါ်လာသည်။

"ဟုတ်လား ဦးလေးမောင်၊ ကျွန်တော် ပြင်ဦးလွင်သွားတယ်လို့ မပြောလိုက်ဘူးလား"

"ပြောပါတယ်၊ ပြင်ဦးလွင်ဖုန်းနံပါတ်လဲ တောင်းတယ်၊ ဦးလေးလဲ မသန့်မှာထားတဲ့အတိုင်း ပြင်ဦးလွင်မှာ ဖုန်းမရှိဘူးလို့ပဲ ပြောလိုက်တာပေါ့ကွယ်၊ ခန့်ကလည်း ဖုန်းမှုယူမသွားတာကိုး"

အောင်ခန့်က အစ်မဖြစ်သူ၏ သဘောထားကိုလည်း သိရှိပြီးဖြစ်သဖြင့် အပြစ်မတင်တော့ဘဲ. . .

"နောက် ဘာမေးသလဲ ဦးလေးမောင်"

"မှာပါတယ်၊ မင်းပြန်ရောက်ရောက်ချင်း ဖုန်းပြန်ဆက်ဖို့ ငါ့ကိုအတန်တန်မှာတယ်၊ အရေးကြီးလို့ပါလို့လဲ ပြောတယ်"

"ဟုတ်လား၊ နောက် ဘယ်သူ့ဆီက လာသေးသလဲ"

"ခင်သန္တာမိုးဆီက"

"သူကကော"

"သူကလဲ သူ့ဆီကို ပန်မမ ခဏခဏဖုန်းဆက်လို့ မင်းပြန်ရောက်မယ့်အချိန်ကို သိချင်ပါတယ်တဲ့၊ အခြားအလုပ်ကိစ္စတွေ အားလုံးကတော့ သူနဲ့မန်နေဂျင်းဒါရိုက်တာနဲ့ ဆောင်ရွက်ထားလို့ ကိစ္စမရှိပါဘူးတဲ့"

"ဟုတ်ကဲ့ ဦးလေးမောင်၊ ကျေးဇူးတင်ပါတယ်၊ ကျွန်တော်နားလိုက်ဦးမယ်"





အောင်ခန့်က နားလိုက်ဦးမယ်ဟု ပြောသော်လည်း တကယ်တမ်းတော့ မနားဘဲ ဖုန်းကိုကိုင်ကာ ခုတင်ပေါ်၌ ပစ်လှဲချလိုက်သည်။

ပန်မမပေးထားသော ဖုန်းနံပါတ်ကို နှိပ်လိုက်သည်။

"အမိန့်ရှိပါရှင်"

ပန်မမ၏ ကြည်သာချိုလွင်သော အသံကလေးပေါ်လာသည်။

"ပန်မမ"

"ဟာ. . . ဆရာ. . . ဆရာပြန်ရောက်လာပြီလား၊ ဝမ်းဝမ်းသာလိုက်တာ ဆရာရယ်"

"ဘာ. . . ဘာဖြစ်လို့လဲ ပန်မမ"

"ဟင့်. . ဟင့်. . ဆရာ သိပ်ရက်စက်တာပဲ၊ ပန်မမကိုဝစ်ထားရက်တယ်"

"ပန်မမကလဲကွယ် ကိုယ်က ပန်မမအလုပ်ပျက်မှာစိုးလို့ပါ"

"ဆရာမရှိတော့ ပန်မမဘယ်လောက် စိတ်ဆင်းရဲနေသလဲဆိုတာ ဆရာသိရဲ့လား"

"ဆရာဘယ်သိမှာလဲ ပြောပြပါဦး"

"ဆရာ ဦးမိုးဟိန်းကျော်ပေါ့၊ လူကိုဟိန်းလိုက် ဟောက်လိုက်နဲ့ အချစ်ခန်းရိုက်တာ စက်ရုပ်လောက်တောင်အသက်မဝင်ဘူး ဘာဘူးနဲ့၊ မင်းသားမလာသေးလဲ ပန်မမပဲ အဆူခံရတာ၊ နင့်ကြောင့် ခဏခဏပြန်ရိုက်ရလို့ မင်းသားပိတ်ကုန်



www.burmeseclassic.com

သွားပြီ ဘာညာနဲ့”

အောင်ခန့်သည် ပန်မမဘက်မှ ခံပြင်းသွားသည်။ ခေတ်ကိုကလည်း မင်းသားခေတ် ဖြစ်နေ၍လည်း ဒါရိုက်တာတွေကလည်း မင်းသားမှမင်းသား၊ ခုမင်းသားကလည်း သိန်းရာကျော် မင်းသားဆိုတော့ ပို၍ပင် ဦးစားပေးရပေမည်။

“ဆရာ. . ဆရာနဲ့ တွေ့ချင်တယ် ဆရာရယ်၊ ဒီနေ့လဲ ပန်မမ ငိုပြီးပြန်လာရတယ်ဆရာရယ်၊ ပန်မမကိုလာတွေ့ပါ ဆရာရယ်၊ ပန်မမခံစားနေရတာတွေ ဆရာ့ကို ရင်ဖွင့်ပြလိုက်ရင် ပေါ့သွားမယ်ထင်တာပဲ၊ ဒီကားလဲ ဆက်မရိုက်ချင်တော့ပါဘူး”

“ဟာ. . . ဒီလိုတော့ မလုပ်ပါနဲ့”

“အင်းလေ. . . ဆရာ့မျက်နှာကြောင့်ပေါ့၊ ဒီကားရဲ့ ပရိုဂျူဆာက ဆရာဖြစ်နေလို့သာ ဒီပြင်လူသာဆိုရင် ပန်မမ ဆက်မရိုက်တော့ဘူး”

“ကဲပါ ဆရာလာခဲ့ပါ့မယ်”

“လာခဲ့ပါ့မယ် မလုပ်ပါနဲ့ဆရာ၊ ခုပဲ လာခဲ့ပါ”

“အိုကေ. . . ချက်ချင်းလာခဲ့မယ်”

“ဟာ. . . ဝမ်းသာလိုက်တာ ဆရာရယ် ဒါကြောင့် ဆရာကို. . .”

တယ်လီဖုန်းသံ ပြတ်တောက်သွားလေသည်။

အောင်ခန့်ရင်ထဲ ဆန့်တငံ့ငံ့ဖြစ်သွားသည်။

ဆရာ့ကိုတဲ့. . . ဆရာ့ကို ဘာဖြစ်သလဲဟူသော မေး





ခွန်းကို သူထုတ်ခွင့်မသာတော့။

သို့သော် ကိစ္စမရှိ။ သူလဲလျောင်းနေရာမှ ဝုန်းခနဲထကာ အောက်ထပ်သို့ ဆင်းခဲ့လေသည်။

“ဟင်. . . ဘယ်သွားမလို့လဲ ခန့်”

ဦးလေးမောင်က လှမ်းမေးလိုက်သည်။

“ကိစ္စတွေရှိနေတယ်”

“ဩော်. . . မသန့်ဖုန်းဆက်ရင်”

“ကြည့်သာပြောလိုက်ပါ ဦးလေးမောင်”

ပန်မမနှင့် တွေ့ဆုံဖို့ကိစ္စကလွဲ၍ သူ့ခေါင်းထဲတွင် မည်သည့် အာရုံမှ မရှိချေ။

ယခု လောလောဆယ်တွင် ပန်မမသည် သူ့အတွက် အရေးကြီးနေသည်ဖြစ်ရာ အစ်မအားပေးထားသော ကတိကို သတိမရတော့ချေ။

ပန်မမ နှစ်ချိုပ်ဖြင့် ငှားရမ်းနေထိုင်ရာ တိုက်ခန်းရှိရာသို့ ကားကို ဦးတည်လိုက်လေသည်။



www.burmeseclassic.com








# အခန်း (၂)

ပန်မမ မျက်ရည်ခံထိုးမှုကြောင့် အောင်ခန့်၏ သံမဏိအသည်းသည် သူမ၏မျက်ရည်ပင်လယ်ထဲ မျောပါသွားသည်။

"ကျွန်မ စိတ်ဆင်းရဲလွန်းလို့ပါ ဆရာရယ်၊ တစ်နေ့ရာရာမှာ သုံးလေးရက်လောက် အပန်းဖြေလိုက်ချင်တယ်၊ ဒါမှ ဆရာ့ကားကို ကျွန်မ အကောင်းဆုံးရိုက်ပေးနိုင်လိမ့်မယ် ထင်တယ်၊ ဆရာ့အတွက်ပါ ဆရာ"

သူမ၏ အပြောချိုချိုကလေးများသည် အောင်ခန့်၏



www.burmeseclassic.com

ခေါင်းကို အလိုအလျောက် ပုတ်သင်ညို့ ဖြစ်သွားတော့သည်။

ထို့ကြောင့် မည်သူ့ကိုမှ အကြောင်းမကြားဘဲ အထူးသဖြင့် သူ့ဘက်မှ သူ၏ အတွင်းရေးမှူးမလေး ခင်သန္တာမိုးကို သော်လည်းကောင်း၊ ပန်မမဘက်မှ သူမ၏ ဆရာသမား ဒါရိုက်တာ မိုးဟိန်းကျော်ကိုသော်လည်းကောင်း အသိမပေးဘဲ နှစ်ဦးသား ချောင်းသာကမ်းခြေသို့ အပန်းဖြေရန် တိတ်တဆိတ် ထွက်ခွာလာခဲ့သည်။

"ဆရာပဲ စဉ်းစားကြည့်ပါဦး၊ ချစ်သူကို ချော့ရတဲ့ အခန်းမှာ အသက်မဝင်ဘူး၊ တဆတ်ဆတ် ဖြစ်နေတယ်ဆိုပြီး ဆူလိုက်ပူလိုက်တာ ကျွန်မမျက်ရည်မရပ်ဘူး၊ ဆရာမိုးဟိန်းဟာ ဘယ်လိုလူစားလဲ မသိပါဘူး၊ ခုလဲ ညည်းဘာသာ ညည်းနားချင်နား၊ သုံးလေးရက်ကြာမှ ပြန်ရိုက်ဖို့ မရိုက်ဖို့ စဉ်းစားမယ်တဲ့လေ၊ နေရာတကာ သူ့သြဇာချည်းပဲ"

ပန်မမ၏ စကားများသည် ဒါရိုက်တာ မိုးဟိန်းကျော်အပေါ် မကျေနပ်မှုများက များနေသည်။

"ဘာပဲဖြစ်ဖြစ် ခုလို ဆရာ လိုက်ပို့ပေးတာကို ကျွန်မ ကျေနပ်တယ်၊ ဆရာနဲ့ ခုလို ခရီးသွားခွင့်ရတာကိုပဲ ကျွန်မအတွက် အိပ်မက်လိုပဲ သိပ်ပျော်တာပဲ ဆရာရယ်"

ပန်မမ၏ အပြောလေးများ၌ အောင်ခန့် အရည်ပျော်သွားရသည်။

ရုပ်ရှင်လောကကိုလည်း နားမလည်၊ သူ မကျွမ်းကျင်သောလုပ်ငန်းဖြစ်မည်။ ထို့ကြောင့် မင်းတို့လောက တတစ်မျိုး





ပါလားဟူသော သူ၏လက်သုံးစကားကိုသာ သုံးလိုက်လေတော့သည်။

ချောင်းသာသို့ ရောက်သောအခါ လုံးချင်း ဘန်ဂလိုတစ်လုံး ငှားရမ်းလိုက်သည်။

အိပ်ခန်းနှစ်ခန်း ပါသဖြင့် တစ်ယောက်တစ်ခန်း နေရာယူလိုက်ကြပြီး ပင်လယ်ကမ်းစပ်သို့ ရေချိုးဆင်းခဲ့ကြသည်။

ပန်မမက ရေကူးဝတ်စုံကို ဝတ်ထားပြီး ဆင်းမည်လုပ်ရာ. . .

"နေဦး. . . ပန်မမ၊ မျက်နှာသုတ်ပဝါ မပါဘူးလား"

"ဟင့်အင်း. . . ဘာဖြစ်လို့လဲ ဆရာ"

ပန်မမ၏ အမူအရာကို ရိုးသားခြင်းဟု အောင်ခန့်ကောက်ချက်ချရမလို ဖြစ်နေသည်။

"ဘာမှ မဖြစ်ပါဘူး၊ ခဏနေ၊"

အောင်ခန့်က သူ့အိပ်ခန်းအတွင်း ပြန်ဝင်ကာ သူ၏ မျက်နှာသုတ်ပဝါကြီးကိုယူကာ ပြန်ထွက်ခဲ့ရသည်။

သူမကတော့ ရုပ်ရှင်မင်းသမီးကိုး. . . ရေကူးဝတ်စုံလောက်ကတော့ မှုလိမ့်မည်မဟုတ်။

သို့သော် သူမနှင့် တွဲ၍ ဆင်းရမည့် သူ့အတွက်တော့ ရှိန်းတိန်းဖိန်းတိန်း ဖြစ်နေမိသည်။

သူမအပေါ် ကျရောက်လာမည့် ပုရိသယောက်ျားတို့၏ မျက်လုံးပေါင်း သောင်းခြောက်ထောင်ကို ခံနိုင်ရည် သူ၌ ရှိမည်မထင်။



www.burmeseclassic.com

"ရော့"

"ဟင်. . . ဘာလုပ်ဖို့လဲ ဆရာ"

"မင်းခန္ဓာကိုယ်ကို လုံလုံခြုံခြုံ ပတ်ခဲ့ဖို့ပေါ့ ပန်မမ"

"ဩော်"

ပန်မမက အောင်ခန့်အား တုံးလိုက်တာဟူသော အကြည့်မျိုး မကြည့်မိစေရန် သတိထားလိုက်သည်။

အောင်ခန့်အလိုကျ မျက်နှာသုတ်ပဝါကြီးကို ပတ်ကာ စည်းနှောင်လိုက်သည်။

အောင်ခန့်ကတော့ ဒူးဆစ်အထိရှည်သော ယခုခေတ်ပေါ် တရုတ်ဘောင်းဘီတို့ဖြင့်သာ ဆင်းခဲ့သည်။

"ဆရာ"

"ဘာလဲ ပန်မမ"

"ဆရာက နိုင်ငံခြားမှာ အကြာကြီး အလုပ်သွားလုပ်ခဲ့တာဆို"

"အင်း. . . ဟုတ်တယ်လေ၊ အဲဒါ ဘာဖြစ်သလဲ"

ပန်မမက အောင်ခန့်၏ လက်မောင်းကို ချိတ်တွဲခိုကာ လိုက်ပါရင်း တွတ်တီးတွတ်တာ စကားဆိုလေသည်။

"ဘာမှ မဖြစ်ပါဘူး၊ ဆရာဟာ အနောက်တိုင်းမဆန်ဘဲ မြန်မာမှုကို မြတ်နိုးတာကို ပန်မမ သဘောကျလို့"

အောင်ခန့်ရင်ထဲ ကျေနပ်သွားသည်။

ပန်မမ မိမိအပေါ် လေးစားခြင်း အပြည့်ရှိနေခြင်းသည် အောင်ခန့်အတွက် ရင်ခုန်မှုသံစဉ်ကို ဖြစ်ထွန်းစေသည်။





မိမိအိမ်ထောင်ဖက်သည် မိမိအား လေးစားအားထားရမည်ဟူသော အောင်ခန့်၏ ဆုံးဖြတ်ချက်၊ စိတ်ကူးယဉ်ချက်တို့ကို အကောင်အထည်ဖော်ပေးနိုင်သူမှာ ပန်မမမှလွဲ၍ အခြားမည်သူ ဖြစ်နိုင်မည်နည်း။

"ဩော်. . . ကိုယ်အများဆုံး အလုပ်သွားလုပ်ခဲ့တာက ဂျပန်လေ၊ ဂျပန်ဆိုတာ အရှေ့တိုင်းနိုင်ငံတစ်ခုပဲ၊ အဲ. . . အနောက်တိုင်း သွားလုပ်လဲ ကိုယ်ပြောင်းလဲမှာ မဟုတ်ဘူး၊ ဘာဖြစ်လို့လဲလို့ ပန်မမ ထင်သလဲ"

"မသိလို့ ဆရာ့ကိုမေးတာပေါ့၊ ပြောပြပါ ဆရာ၊ ပန်မမ ဆရာနဲ့ ပတ်သက်လာရင် အားလုံးကို စိတ်ဝင်စားပါတယ်"

"ကိုယ်ကအလုပ်သွားလုပ်ရင်း တိုးတက်နေတဲ့ နည်းပညာတွေကို အတုခိုးခဲ့တာ၊ ရိုးရာယဉ်ကျေးမှုကို တုဖို့သွားတာမဟုတ်ဘဲ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုး တိုးတက်ရာ တိုးတက်ကြောင်းအတွက် နည်းပညာတွေ ပုံစံတွေယူပြီး ကိုယ့်နိုင်ငံ ထူထောင်ရေးမှာ တစ်တပ်တစ်အား ပါဝင်ဖို့သာ အဓိကပဲ၊ ကိုယ့်ရိုးရာယဉ်ကျေးမှု အကျင့်စရိုက်တွေတော့ ဘယ်တော့မှ ပပျောက်ခံနိုင်ဘူး၊ ကိုယ် မြတ်နိုးတယ်၊ လေးစားတယ်၊ တန်ဖိုးထားတယ်"

"ဟုတ်ပါတယ် ဆရာ၊ ဆရာ့စကား ကြားရတာ ပန်မမမှာ ကြက်သီးလေးတွေတောင် ထသွားတယ်. . သိလား၊ ကြည့်ပါလား ဆရာ"

ပန်မမက သူမ၏ ဖော့ဖယောင်းသဏ္ဍာန် [illegible]က



www.burmeseclassic.com

လေးတစ်ဖက်ကို သူ့ရှေ့သို့ ဆန့်ပြသည်။

အောင်ခန့်က ပြုံးကာ ခေါင်းညိတ်အသိအမှတ်ပြုလိုက်သည်။ ပန်မမ၏ အလှတရား၌ သူ ယစ်မူးချင်နေပြီ။

"ပန်မမ ရေကူးဝတ်စုံဝတ်တာ ဆရာ မကြိုက်ဘူးလားဟင်"

"ကြိုက်ပါတယ်၊ ဟင်း. . မဟုတ်ဘူး၊ သူ့ နေရာနဲ့သူပေါ့၊ ပန်မမ လှိုင်းစီးတာ လုံချည်နဲ့ဆို ဘယ်ဖြစ်မလဲ၊ ကိုယ်နားလည်ပါတယ်"

"ဝမ်းသာပါတယ် ဆရာ၊ ပန်မမမှာ မှားယွင်းမှုတွေရှိရင် သွန်သင်ပါ ဆရာ၊ ဆရာ့ကျေးဇူးကြောင့် ပန်မမ ဖြစ်ချင်တဲ့ ရုပ်ရှင်သရုပ်ဆောင် မင်းသမီးဘဝကို ရောက်ခဲ့ရတာ ပန်မမ မမေ့ပါဘူး၊ ကျေးဇူးဆပ်ဖို့လဲ အမြဲစဉ်းစားထားပါတယ်"

"မလိုပါဘူး ပန်မမရယ်၊ ကိုယ့်မှာ ဘာမျှော်လင့်ချက်မှ မရှိပါဘူး"

"မရှိပေမယ့်လဲ ပန်မမက အလိုက်တသိကို ဖြည့်ဆည်းမှာပါ ဆရာရယ်"

ပန်မမ ဘာကိုဆိုလိုသည်ကို အောင်ခန့် နားမလည်ချေ။

ကမ်းစပ်အရောက် ပန်မမက ပင်လယ်ရေ မရောက်နိုင်သောနေရာ၌ မျက်နှာသုတ်ပဝါကိုပုံချထားခဲ့ပြီး အောင်ခန့်လက်ကိုဆွဲကာ လှိုင်းလုံးလေးများအကြားသို့ ပြေးဆင်းကာ တိုးဝင်လိုက်သည်။

အောင်ခန့်လည်း အလိုက်သင့်လိုက်ပါသွားသည်။





သူ တဒင်္ဂ၌ ကုဋေနန်းထိုက်ကို သတိရလိုက်၏။

သူမနှင့်သာဆိုပါက သူမ၏ကြီးမားသော ဆံထုံးကြီးနှင့် ရေကူးဝတ်စုံနှင့် လိုက်ဖက်ပါ့မလား။

ရေကူးဝတ်စုံကော ဝတ်ပါ့မလား။

မိမိလက်ကို ခိုတွဲဖို့ ဝေးစွာ။ မိမိလက်တွဲခေါ်ခြင်းကိုပင် ပုတ်ထုတ်လိုက်လျှင်. . .

"ဟော့. . ဆရာ၊ ဘာပြုံးနေတာလဲ"

ပန်မမက ရေနှင့်လှမ်းအပက်၌ သူ၏အတွေးနှင့် ပြုံးရိပ်တို့သည် ကွယ်ပျောက်သွားပြီး ရယ်မောကာ ပန်မမအား ရေများဖြင့် တရစပ် ပက်လိုက်လေတော့သည်။

ပင်လယ်လှိုင်းလုံးက တလိမ့်လိမ့်. . .

လေပြည်လေညင်းက တအေးအေး. . . .

သူတို့ရင်ထဲမှာလည်း တနွေးနွေးနှင့် အောင်ခန့် အတွက် လောကကြီး၌ သူနှင့်ပန်မမ နှစ်ယောက်တည်းသာ။



www.burmeseclassic.com



# အခန်း (၂၂)

ချောင်းသာကမ်းခြေရောက်ပြီး ပထမတစ်ရက်ကို အနှောင့်အယှက်ကင်းဝေးစွာဖြင့် ဖြတ်ကျော်နိုင်ခဲ့သည်။

ဒုတိယတစ်ရက်. . .

ဒုတိယနေ့ ညနေခင်းတွင် စပီဘုတ်စီးပြီး ပြန်အလာ၌ ဟိုတယ်ရုံးခန်းမှ ရုံးလုလင်တစ်ယောက်က ရောက်လာပြီး. . .

"ဆရာဦးအောင်ခန့် ပါလား"

"ဟုတ်ပါတယ်"





"ရန်ကုန်က တယ်လီဖုန်းလာပါတယ်"

အောင်ခန့် မျက်မှောင်ကြုတ်သွားရသည်။ ပန်မမကို လှမ်းအကြည့်၌ ပန်မမ၏ သမင်မျက်လုံးလေးမှာ ဝိုင်းဝိုင်းလည်ပြီး ဘယ်သူများပါလိမ့်ဟုလည်း နှုတ်မှအသံထွက် ရွတ်ဆိုလိုက်သေးသည်။

အောင်ခန့် ပန်မမကို. . .

"ကိုယ်လိုက်သွားလိုက်ဦးမယ်"

ဟုပြောပြီး ရုံးခန်းဘက်သို့ ထွက်ခဲ့လေသည်။

ရုံးခန်းသို့ ရောက်သောအခါ မန်နေဂျာက. . .

"ရန်ကုန်က တယ်လီဖုန်းပါ ဦးအောင်ခန့်" ဟုထပ်ပြောသဖြင့် အောင်ခန့်စိတ်ထဲ ပူပန်သွားသည်။ အစ်မဖြစ်သူ မေသန့် ပြန်ရောက်လာပြီးဟု။

"ဟဲလို"

"ဟဲလို. . . ဦးအောင်ခန့် ကျွန်တော် မိုးဟိန်းကျော်ပါ"

"ပြော ဦးမိုးဟိန်း"

မိုးဟိန်းကျော်ကို ပန်မမနှင့် ပတ်သက်ပြီး အောင်ခန့် စိတ်ထဲ မကြည်လင့်သဖြင့် ခတ်ပြတ်ပြတ်လေသံနှင့်ပင် ပြောလိုက်သည်။

"မင်းသမီး ပျောက်နေတယ်"

"ပျောက်နေရင် ရှာပေါ့ဗျာ"

ထိုအခါ မိုးဟိန်းကျော်ဘက်မှ ခနိုးခနဲ့ရယ်သံထွက်ပေါ်လာပြီး. . .



www.burmeseclassic.com

“ပျောက်နေတဲ့ မင်းသမီးက ပရိုဂျူဆာနဲ့အတူ ချောင်းသာကို အပန်းဖြေခရီးထွက်သွားတယ်ဆိုတဲ့သတင်းကို အခိုင်အမာရပြီးပါပြီ ဦးအောင်ခန့်”

အောင်ခန့် ပါးစပ်ပိတ်သွားလေသည်။ စိတ်တွင်းကတော့ ခင်ဗျားတို့ တယ်အနံ့ခံကောင်းပါလားဟုသာ ရေရွတ်လိုက်သည်။

“ခင်ဗျား ဘာငြင်းဦးမလဲ”

“မငြင်းပါဘူး၊ ခင်ဗျားသိရင်လဲ ပြီးတာပါပဲ”

“မပြီးဘူး၊ ဒီမင်းသမီးကို စင်တင်မိကာမှ ရုပ်ရှင်ရိုက်ဖို့တောင် စိတ်ပျက်လာပြီ”

“မင်းသမီးမှာ ဘာအပြစ်ရှိလို့လဲဗျာ”

အောင်ခန့်သည်ပင် ပန်မမဘက်မှ မခံနိုင်အောင် ဖြစ်သွားသည်။

“သရုပ်ဆောင် တစ်ယောက်ဟာ သူ့အခန်းကဏ္ဍကို ပိုင်ပိုင်နိုင်နိုင် သရုပ်မဆောင်နိုင်တာဟာ အပြစ်တစ်ခုပဲပေါ့ ဦးအောင်ခန့်၊ တော်ပြီဗျာ ကျွန်တော်တော့ ဒီမင်းသမီးကို ဖြုတ်ပြီး အစားထိုးလိုက်ချင်ပြီဗျာ”

“ဒီကိစ္စတွေ အသာထား ထားစမ်းပါဦးဗျာ၊ ကျွန်တော် ပြန်လာမှ စကားဆက်ပြောကြတာပေါ့”

ဟုပြောပြီး အောင်ခန့်က တယ်လီဖုန်းကို ချလိုက်သည်။

“ကျေးဇူးပါပဲဗျာ”

ဟိုတယ်မန်နေဂျာကို ကျေးဇူးတင်စကားပြောပြီး တည်း





ခိုဆောင်သို့ ပြန်လာခဲ့လေသည်။

အခန်းသို့ရောက်သောအခါ ပန်မမက ဧည့်ခန်း၌ထိုင်ပြီး ဆံပင်သုတ်နေရာမှ . . .

“ဘယ်ကတယ်လီဖုန်းလဲဟင်”

ဟု လှမ်းမေးလိုက်သည်။

အောင်ခန့် ကလည်း နောက်သိရမည်တူတူဟုဆိုကာ အမှန်အတိုင်းပင် မိုးဟိန်းကျော်ပြောသမျှကို မခြွင်းမချန် ပြောပြလိုက်သည်။

ထိုအခါ ပန်မမ၏မျက်နှာကလေးသည် ထိန်းမရအောင်ပင် ပျက်ယွင်းသွားပြီး သူမ၏အိပ်ခန်းအတွင်း ပြေးဝင်သွားလေသည်။

မျက်ရည်စက်တို့က ခုန်ဆင်း၍ ကျန်ရစ်ခဲ့လေသည်။ ပြုံးမယောင် မိုးကဲ့သို့ ညှိုးရိပ်ဆင်သွားရာမှ အုန်းခနဲရွာချလိုက်သော ထစ်ချုန်းမိုးနှယ် သူမထံမှ ရှိုက်ငင်သံသည် အောင်ခန့်၏ အသည်းနှလုံးကို မိုးကြိုးထိမှန်သွားသည့်အလား ခံစားလိုက်ရလေသည်။

ထိုအခါ အောင်ခန့်သည် သူမ၏ ခုတင်ပေါ်သို့ ရောက်ရှိသွားပြီး ခေါင်းနှင့်အပ်ထားသော သူမ၏မျက်နှာလေးကို ဖော်ယူကာ ချော့ရင်း . . .

“မငိုပါနဲ့ ပန်မမရယ်”

“ဆရာတစ်ယောက်လုံး ရှိပါသေးတယ်”

“သူလုပ်ချင်တိုင်း လုပ်လို့မရပါဘူး၊ ဆရာ ပန်မမဘက်



www.burmeseclassic.com

က ရှိပါတယ်၊ ပန်မမ ဘာဖြစ်ချင်သလဲပြော၊ အားလုံး ဖြစ်စေမယ်”

သူ၏အချော့၌ ပန်မမ ပျော့သွားသည်။ သူ၏ရင်ခွင်ထဲသို့ ပန်မမ ရောက်ရှိလာပြီး. . .

“ဆရာရယ်. . ပန်မမလေ စူပါစတား ရုပ်ရှင်မင်းသမီး သိပ်ဖြစ်ချင်တာပဲ”

“မပူပါနဲ့ ဖြစ်ရမှာပေါ့၊ ကိုယ်တစ်ယောက်လုံး ရှိပါတယ်”

“တကယ်လား ဆရာ”

“တကယ်ပေါ့ကွာ”

“ဝမ်းသာလိုက်တာ ဆရာရယ်၊ ပန်မမလေ ဆရာ့ကို ဘယ်လို ကျေးဇူးဆပ်ရမှန်းတောင် မသိတော့ဘူး”

“မသိရင်လဲ မဆပ်နဲ့တော့”

ဟု အောင်ခန့်က ပြောလိုက်ရာ. . .

“ဟင်. . . ဆရာကလဲ ဘာမှန်းလဲမသိဘူး၊ ဒီက. . . အကောင်းပြောတာကို”

ဟု ကနွဲ့ကလျပြောရင်း အောင်ခန့်၏ ရင်ဘတ်ကို လက်သီးဆုပ်ကလေးဖြင့် ဖွဖွထုလိုက်လေသည်။

အောင်ခန့်က ထိုလက်သီးဆုပ်ကလေးများကို ဖမ်းဆုပ်ရင်း. . .

ပတ်ဝန်းကျင်တစ်ခုလုံးကို တိတ်ဆိတ်မှုက လွှမ်းမိုးအုပ်ချုပ်သွားလေသည်။ သို့သော် ပြင်ပတွင်တော့ ပင်လယ်လှိုင်း





လုံးကြီးများက တဝုန်းဝုန်းဖြင့် ကမ်းခြေဆီသို့ တက်လာပြီး ပြေးလွှားဆော့ကစားနေကြလေသည်။



www.burmeseclassic.com



# အခန်း ( ၂၂ )

ဦးအောင်ခန့်နှင့် ပန်မမတို့ ချောင်းသာတွင် ပျော်ရွှင်စွာဖြင့် သုံးရက်အပန်းဖြေပြီး ရန်ကုန်သို့ ပြန်လာကြသည်။

ရန်ကုန်ရောက်ပြီး နောက်နေ့တွင် ပန်မမထံမှ ဖုန်းလာလေသည်။

“ဟဲလို. . . ကိုကိုလား”

ချောင်းသာ ဒုတိယနေ့မှစ၍ ပန်မမ သူ့အားခေါ်သော အခေါ်အဝေါ်သည် ပြောင်းလဲသွားခဲ့လေသည်။





“ဩော်. . . ပန်မမ”

“ကိုကို အလုပ်ပြန်ဝင်နေပြီလား”

“ဝင်ရပြီလေ၊ ပစ်ထားတာ ကြာပြီမဟုတ်လား”

“ဟင်. . . ဒီလိုဆိုရင် ကိုကို မအားဘူးပေါ့”

“ဘာကိစ္စရှိလို့လဲ ပန်မမ”

“ရှိတာပေါ့ကိုကိုရယ်၊ ဆရာမိုးဟိန်းကလေ ဘာစိတ်ကူးပေါက်သလဲ မသိဘူး၊ ခုလာခဲ့. . . ဟိုနေ့က မပြီးပြတ်သေးတဲ့ အခန်းကို ဆက်ရိုက်မယ်တဲ့လေ”

“ဟုတ်လား”

“အဲဒါ ကိုကိုလာခဲ့ပါလား၊ ဒါမှ ပန်မမလဲ အားရှိမှာနော်ကိုကို၊ ကိုကို့အားပေးမှုဟာ ပန်မမအတွက် အားဆေးတစ်ခွက်ပါ ကိုကို၊ လာခဲ့နော် ကိုကို”

“ကောင်းပြီလေ. . ကိုကိုခုပဲလာခဲ့မယ်၊ ရှူတင်ကို ကိုယ်ပဲလိုက်ပို့ပေးမယ်”

“ဟာ. . . တကယ်နော်၊ ဝမ်းသာလိုက်တာ ကိုကိုရယ်၊ ဒါကြောင့် ကိုကို့ကို ပန်မမချစ်တာ”

အောင်ခန့် မနော်ခွေ့သွားရလေသည်။ ထို့ကြောင့် အပျာကသီ ရေချိုးပြီး ကုမ္ပဏီသို့ ပို့စရာရှိသော စာများကို ဦးလေးမောင်အား ပို့ခိုင်းပြီး ပန်မမရှိရာ တိုက်ခန်းသို့ ထွက်ခဲ့လေသည်။

အဆင်သင့်ပြင်ဆင်ပြီး ဖြစ်နေသော ပန်မမကိုခေါ်ကာ ရှူတင်သို့ ပို့ပေးလိုက်သည်။



www.burmeseclassic.com

"လာ. . . ပန်မမ၊ အားလုံး အဆင်သင့်ပဲ၊ မင်းဒီအဝတ် အစားလဲဖို့ မလိုတော့ဘူး၊ ဒီဇာတ်ဝင်ခန်းနဲ့ အဆင်ပြေတယ်၊ စမယ်နော်၊ မင်းသားအပေါ်မှာ စိတ်ရော ကိုယ်ပါနှစ်မြှုပ်ပြီး အချစ်ဦးမို့ အရှူးအမူးချစ်တတ်တဲ့ မာလာရဲ့စရိုက် ပေါ်ပါစေနော်"

မိုးဟိန်းကျော်က အောင်ခန့် ပါလာသည်ကိုပင် အရေး မစိုက်အားဘဲ ပန်မမကိုသာ တရစပ် သွန်သင်လိုက်သည်။

ပန်မမသည် အသင့်စောင့်နေသော မင်းသားထံသို့ ရင် ခုန်သံစည်းချက်နှင့် ကိုက်ညီသော ခြေလှမ်းများဖြင့် လျှောက် လှမ်းလာသည်။

အောင်ခန့်သည် ကင်မရာနှင့် လွတ်ကင်းသောနေရာ၌ ရပ်၍ ကြည့်လိုက်သည်။

ပန်မမ၏ မျက်လုံးကလေးသည် ကြည်လင်ဝင်းပနေ သည်။ ချစ်သူအား မျက်စိအောက်မှ ပျောက်သွားမှာကို စိုးရိမ် သည့်အလား မျက်တောင်ပင် မခတ်ဝံ့သည့် သဏ္ဍာန်မျိုး ပေါ် လွင်နေသည်။

ပန်မမသည် မင်းသားနေရာ၌ မည်သူ့အား အစားထိုး ကြည့်သည်ကိုတောင် မခန့်မှန်းနိုင်သော်လည်း အောင်ခန့်က တော့ မင်းသားနေရာသို့ ရောက်ရှိသွားသည်။

ပန်မမ ချောင်းသာဟိုတယ်၌ မိမိနှင့်အတူတကွ ကြည် နူးရိပ် အချစ်ရိပ်တို့ကို ပြန်လည် မြင်ယောင်လာသည်။

ပန်မမ၏ အမူအရာကို မိုးဟိန်းကျော်မှာ မှင်တက်ပြီး





ငေးကြည့်နေမိသည်။ အသက်ရှူရန်ပင် မေ့လျော့သွားသည်။

ပန်မမ ဈာန်ဝင်နေသည်။ မင်းသား၏ နေရာ၌ သူမ မည်သူ့ကို အစားထိုးကာ ဈာန်ဝင်စားသည်ကို သူ့တွေးတော မနေချင်။

ပန်မမ၏ အမူအရာသည် လိုချင်သော အနေအထား ထက်ပင် ကောင်းမွန်နေသည်။

"ဆရာ"

"ဩော်. . . အေး. . . ကတ်"

မှင်တက်နေသော သူ့အား ရှုတင်မန်နေဂျာက လက် တို့ကာ သတိပေးလိုက်မှ ဇာတ်ဝင်ခန်းကို ရပ်လိုက်ရန် သတိရ လိုက်သည်။

ပန်မမရှိရာသို့ သူပြေးသွားပြီး သူမ၏ပခုံးကို ဆုပ်ကိုင် လှုပ်ယမ်းရင်း. . .

"ကောင်းတယ်ကွာ. . . ကောင်းတယ်. . . ကောင်း တယ်၊ အကယ်ဒမီရှော့ကွ. . . အကယ်ဒမီရှော့"

ဟုမိုးဟိန်းကျော်က အားပါးတရ ချီးကျူးလေသည်။

ပန်မမသည် မိုးဟိန်းကျော်၏ ချီးကျူးမှုကို မမျှော်လင့် ဘဲ ရရှိလိုက်သောအခါ မျက်ရည်ကလေးများ တလည်လည် ဖြင့် ဝမ်းသာအားရ ခံယူလိုက်ပြီး အောင်ခန့်အား လှမ်းကြည့် လိုက်သည်။

ထိုအခါ မိုးဟိန်းကျော်သည် အောင်ခန့်ကို မြင်တွေ့ သွားပြီး အောင်ခန့်ရှိရာသို့ လျှောက်လာပြီး နှောပေးလေ



www.burmeseclassic.com

သည်။

"ကိစ္စမရှိပါဘူး၊ ကျွန်တော်ပြန်တော့မှာပါ၊ အလုပ်တွေ ရှိသေးတယ်"

ဟုအောင်ခန့်က ကြည့်ကောင်းအောင် ပြောလိုက် သည်။

မိုးဟိန်းကျော်သည် အောင်ခန့်အား ချောင်းသာသို့ ဖုန်း ဆက်စဉ်ကအကြောင်းကို ဆက်၍မပြောတော့။

အောင်ခန့်က မိုးဟိန်းကျော်ကို . . .

"ခင်ဗျား ဒီမင်းသမီးကိုဖြုတ်ပြီး အစားထိုးချင်တယ်ဆို"

ဟုပြောလိုက်ချင်သော်လည်း မပြောဖြစ်တော့။ သို့ သော် စိတ်ထဲတွင်တော့ သူတို့လောကက တစ်မျိုးပါပဲလားဟု တွေးကာ မိုးဟိန်းကျော်နှင့် မင်းသားမင်းသမီးကို နှုတ်ဆက်ပြီး သူ၏ကုမ္ပဏီရုံးခန်းရှိရာသို့ ပြန်ခဲ့လေသည်။

ရုံးခန်းသို့ရောက်သည်နှင့် ခင်သန္တာမိုးက ဝမ်းသာအားရ ပင် . . .

"အတော်ပဲ အစ်ကိုကြီး၊ ဂျပန်က မစ္စတာယိုကိုချိန့်အဖွဲ့ ဒီညနေရောက်လာမှာ၊ ကုမ္ပဏီခွဲ ဖွင့်ဖို့အတွက်တဲ့"

"ဟုတ်လား"

အောင်ခန့်အတွက် မင်္ဂလာသတင်းတစ်ခုပင်ဖြစ်ရာ ဝမ်းသာသွားလေသည်။

သူ့အတွက် အမြတ်ငွေသန်းနှင့်ချီကာရတော့မည့် လုပ် ငန်းကိုမှ အားတက်သရော စိတ်မဝင်စားပါလျှင် သူ့လောက်





မိုက်မဲသည့်လူ ဤကမ္ဘာ၌ ရှိနိုင်ပါ့မလား။

အောင်ခန့်၏ အာရုံသည် လုပ်ငန်းထဲ၌ နစ်မြုပ်သွား လေတော့သည်။




www.burmeseclassic.com



# အပိုင်း (၄)





## အခန်း (၂၄)

ချောင်းသာမှ ပြန်ရောက်ပြီး အောင်ခန့်သည် ဂျပန်မှ ကုမ္ပဏီသစ်များ ဖွင့်လှစ်နိုင်ရေးကိစ္စအတွက် နေ့မအား ညမ အား အလုပ်ရှုပ်နေသကဲ့သို့ . .

ပန်မမမှာလည်း ကန္တာရနှင်းဆီအတွက် အထူးကြိုးပမ်း တာ အလုပ်များနေလေသည်ဖြစ်ရာ သူတို့နှစ်ဦး မတွေ့နိုင်ကြ သေးပေ။

အုံ့ညြဖွယ်ကောင်းသူက မေသန့်ဖြစ်သည်။ သူ့အစ်မ



www.burmeseclassic.com

ကြီးမေသန့်သည် ကုဋေနန်းထိုက်နှင့်အတူ ပြင်ဦးလွင်မှ ပြန်ရောက်ပြီးနောက် သူ့အား ပန်မမနှင့်ပတ်သက်၍ အဆိုးအကောင်း လုံးဝမပြောတော့ပဲ ဥပေက္ခာပြုထားလေတော့သည်။

ကုဋေနန်းထိုက်က ဘာတွေ အကြံဉာဏ်ပေးလိုက်သည် မသိ။ သစ်ခွများ ဝယ်ယူစိုက်ပျိုးလိုက်၊ သဇင်ဥများ မှာယူပြီးပျိုးလိုက်၊ ရွက်လှများ မှာယူပျိုးလိုက်၊ ဂမုန်းများ အစုံအလင်နှင့် မေပျိုဥယျာဉ်ဟု ဆိုင်းဘုတ်ပင်တင်ကာ အလုပ်များနေလေတော့သည်။

သည်ကိစ္စနှင့်ပတ်သက်၍လည်း အောင်ခန့်သည် အဆိုးအကောင်းလုံးဝ ဝင်မပြောဘဲ ကြုံကြိုက်လျှင်တောင် သစ်ခွမျိုးကောင်းမျိုးသန့် ပန်းအိုးလေးများကို ဝယ်ယူပေးခဲ့သည်။

ပန်မမနှင့် ပတ်သက်၍ ဘဝင်မကျနိုင်သူမှာ အောင်ခန့်ကိုယ်တိုင်ပင် ဖြစ်နေသည်။

ပန်မမထံ ဖုန်းဆက်တိုင်း ပန်မမ မရှိချေ။ အချိန်ရသည်နှင့် ပန်မမ ငှားရမ်းနေထိုင်ရာသို့ သွားသောအခါ၌လည်း ပန်မမ ပြောင်းရွှေ့သွားသည်ဟုသာ သိလိုက်ရသည်။

ထို့ကြောင့် ခင်သန္တာမိုးမှတစ်ဆင့် လုပ်ငန်းနှင့်ပတ်သက်၍တာဝန်ပေးနေကျ ပုဂ္ဂလိက သတင်းထောက် ဦးကြည်ကို ခေါ်ယူတွေ့ဆုံပြီး ပန်မမ၏ဓာတ်ပုံနှင့် သူမ၏လုပ်ငန်း၊ ယခင်နေခဲ့သော တိုက်ခန်းလိပ်စာတို့ကိုပေးပြီး သူမ၏သွားလာလှုပ်ရှားမှုများကို အမြဲထောက်လှမ်း စုံစမ်းပေးရန် တာဝန်ပေးလိုက်သည်။ ကုန်ကျစရိတ်ကိုလည်း ခန့်မှန်းပြီး ကြိုတင်ထုတ်ပေးလိုက်





လေသည်။

ဦးကြည်၏ စိတ်ထဲတွင်တော့ . . .

"အင်း . . သံမဏိအသည်းကြီး အရည်ပျော်ပြီ ထင်တယ်"

ဟု တွေးကာ ကျေနပ်နေမိလေသည်။



www.burmeseclassic.com



# အခန်း (၂၉)

ကန္တာရနှင်းဆီရုပ်ရှင်ကားကြီးကို ရိုက်ကူးပြီးစီးသွားလေသည်။ တည်းဖြတ်ပြီး ရုပ်ရှင်ဆင်ဆာအဖွဲ့သို့ တင်ထားလေသည်။

သို့သော် ကန္တာရနှင်းဆီ ပြီးသွားပြီမှန်သော်လည်း ပန်မမအတွက် အားလပ်ချိန် မရှိတော့ပါချေ။

ပန်မမသည် ဒါရိုက်တာမိုးဟိန်းကျော်နှင့်သော်လည်းကောင်း၊ မင်းသားနိုင်အောင်နှင့်သော်လည်းကောင်းတစ်လှည့်





စီတွဲ၍ သွားလာနေသည်ဟူသောသတင်းကို ဦးကြည်မှတစ်ဆင့် အောင်ခန့်ကြားသိလိုက်ရသောအခါ သူခံပြင်းသွားသည်။ ပန်မမပြောင်းရွှေ့နေထိုင်ရာ တိုက်ခန်းအသစ်သို့ အချိန်ရလျှင်ရသလို သွားရောက်သော်လည်း ပန်မမကို တစ်ခါမျှ မတွေ့ရချေ။ အပြင်သွားသည်ဟူသော အဖြေကိုသာ ရှိခဲ့လေသည်။

ကန္တာရနှင်းဆီနှင့် ပက်သက်၍ ကုန်ကျစရိတ်များကို စာရင်းဇယား၊ ဖြတ်ပိုင်းများနှင့်တကွ ခင်သန္တာမိုးက ဖိုင်တွဲကာ သူ့အားလာ၍ပေးသည်ကို သူစိတ်မဝင်းစားဘဲ ဘေးဖယ်ထားလိုက်ရာ. . .

"အစ်ကိုကြီး ခန့်မှန်းခြေထက် ပိုကုန်သွားတယ်ဆိုတာ သိအောင် ကြည့်လိုက်သင့်တယ်"

"ထားလိုက်စမ်းပါ."

ခင်သန္တာမိုးက သူ့ဆရာ ဦးအောင်ခန့်၏ သုန်မှုန်နေသော မျက်နှာကိုကြည့်ကာ . . .

"အစ်ကိုကြီး စိတ်ဝင်စားမယ်ဆိုရင် ကျွန်မစကားနည်းနည်းတော့ ပြောချင်ပါတယ်"

အောင်ခန့်က မျက်လွှာပင့်၍ ခင်သန္တာမိုးကိုကြည့်လိုက်သည်။

ခင်သန္တာမိုးသည် ပါးနပ်သောမိန်းကလေးဖြစ်သည့်အားလျော်စွာ သူ့ရင်ထဲ လိပ်ခဲတည်းလည်းဖြစ်နေသော အစိုင်အခဲကို ခြေဖျက်ပေးနိုင်သည့် စွမ်းအားရှိသည်ကို သူသိမြင်ပြီးဖြစ်ရာ . . .



www.burmeseclassic.com

"အင်း. . . ပြော၊ ဘာပြောစရာရှိသလဲ"

"ကန္တာရနှင်းဆီနဲ့ ဆက်နွယ်ပြီး နောက်ဆက်တွဲဖြစ်ပေါ်လာတဲ့အကျိုးအကြောင်းပါ"

"နောက်ဆက်တွဲ"

"ဟုတ်ကဲ့ ဦးကြည်ပြောသလိုပါပဲ၊ ပန်မမဟာ မိုးဟိန်းကျော်နဲ့တလဲ နိုင်အောင်နဲ့တလဲ တွဲနေတယ် ဆိုတာကလဲ အကြောင်းရှိလို့ပါ"

"ကိုင်း. . . . ထိုင်စမ်းပါဦး၊ ညည်းက သတင်းထောက်ထက်တောင် ပိုစုံအောင် ပြောနိုင်မယ်ဆိုပါတော့"

"ဟုတ်ကဲ့၊ ကျွန်မဟာ ထွက်သမျှ ဂျာနယ်၊ မဂ္ဂဇင်း သတင်းလွှာတွေကို အလွတ်မပေးတတ်တဲ့သူဆိုတော့ ဦးကြည်ထက်ပိုစုံလင်အောင် ပြောနိုင်ပါတယ် အစ်ကိုကြီး"

"တယ်ဆိုတဲ့စာပါလား၊ ကိုင်း. . . ပြော"

ခင်သန္တာမိုးက . . .

ကန္တာရနှင်းဆီရိုက်ရင်း ပန်မမ၏ အရည်အသွေးကို မိုးဟိန်းကျော်သည်လည်းကောင်း၊ မင်းသားနိုင်အောင်သည်လည်းကောင်း သိမြင်သွားပြီးနောက် ကန္တာရနှင်းဆီမပြီးခင် မင်းသားနိုင်အောင်က သူကိုယ်တိုင် သရုပ်ဆောင်ဒါရိုက်တာအဖြစ် ရိုက်ကူးမည့်ကားအတွက် မင်းသမီးအဖြစ်လည်းကောင်း မိုးဟိန်းကျော်ကလည်း သူလက်ခံထားသော ဗီဒီယိုသုံးလေးကားအတွက်လည်းကောင်း တစ်ခါတည်း စာချုပ်ချုပ်ကာ "ကန္တာရနှင်းဆီ" ပြီးသည်နှင့် အချိန်များကို ဇယားချကာ ရိုက်ကူးနေခြင်းကြောင့် မိုးဟိန်းကျော်နှင့်လည်းကောင်း၊ နိုင်အောင်နှင့်လည်းကောင်း တွဲသွားတွဲလာတွေ့ရခြင်း ဖြစ်ကြောင်း။





ထို့အပြင် ပန်မမကို အခြားရုပ်ရှင်၊ ဗီဒီယိုကုမ္ပဏီများကလည်း ရိုက်ကူးရန်ကမ်းလှမ်းနေပြီဖြစ်ကြောင်း ရှင်းပြလိုက်သည်။

ခင်သန္တာမိုး စကားဆုံးသွားကာမှ အောင်ခန့်က သက်ပြင်းချလိုက်ပြီး. . .

သူ့စိတ်ထဲ၌ ကိန်းဝပ်နေသော အစိုင်အခဲသည် အတန်ငယ် ကြေပျက်သွားသော်လည်း မိမိသွားတိုင်း မတွေ့ခြင်းထက် မိမိထံသို့ ဖုန်းမျှပင်မဆက်ခြင်းကိုတော့ ဘဝင်မကျနိုင်အောင် ဖြစ်နေသေးသည်။

"အေးလေ. . . သူ့ဘာသာသူ ဘာပဲဖြစ်ဖြစ် ငါနဲ့မဆိုင်ပါဘူး၊ သူ့လမ်းသူလျှောက်၊ ငါ့လမ်းငါလျှောက်ရုံပဲရှိတာပဲ၊ အဲ. . ရုံတင်တဲ့အခါသာ အရင်းကြေပြီး အမြတ်အစွန်းရဖို့သာ အရေးကြီးတာ"

ခင်သန္တာမိုးသည် မိမိနှင့် ပန်မမအကြောင်းများ ရိပ်မိနေပြီလားဟု တွေးမိပြီး အရှက်ပြေ သိက္ခာဆည်စကားပြောလိုက်သည်။

"မြတ်မှာပါ အစ်ကိုကြီး၊ မင်းသားကလဲစူပါ၊ မင်းသမီးကလဲ အများစိတ်ဝင်စားခြင်း ခံနေရတဲ့ တက်သစ်စဆိုတော့. . ."

"အေး. . . ဘာပဲဖြစ်ဖြစ် ငါစမ်းသပ်လုပ်တဲ့ လုပ်ငန်း အရှုံးမရှိရင် ပြီးတာပဲ၊ ဖိုင်တွဲလဲ ညည်းပဲ သိမ်းထားလိုက်တော့၊



www.burmeseclassic.com

ကိုင်း . . . ငါစောစောပြန်မယ်၊ ကိစ္စရှိရင် အိမ်မှာပဲရှိမယ်လို့ ပြောလိုက်”

“ဟုတ်ကဲ့ အစ်ကိုကြီး”

အောင်ခန့် အိမ်သို့ တန်းပြန်ခဲ့လေသည်။

အိမ်သို့ရောက်သောအခါ မေသန့်နှင့်အတူ ကုဋ္ဌေနန်းထိုက်ကို တွေ့လိုက်ရသည်။

“အလိုတော် . . . အနောက်အရပ်က နေတွေဘာတွေ ထွက်ကုန်ပါဦးမယ်၊ အစောကြီးပါလား ဘာဖြစ်လို့လဲ၊ နေမကောင်းဘူးလား”

“ကောင်းပါတယ် နားချင်လို့”

အောင်ခန့်က ပြောပြောဆိုဆိုနှင့် အိမ်ထဲသို့ဝင်ခဲ့လေသည်။

ကုဋ္ဌေနန်းထိုက်လည်း ဘာသိဘာသာပင်။

မေသန့်က မောင်ဖြစ်သူကို မကျေမနပ် ဖြစ်သွားသည်။ အမှန်ဆိုလျှင် ကုဋ္ဌေနန်းထိုက်အား ဘယ်တုန်းကရောက်တာလဲ ဘာလဲဟု မေးသင့်သည်ဟု ထင်သည်။

“ဟဲ့ . . . ခန့်၊ ထမင်းစားမှာလား”

“ရေချိုးပြီးရင် စားမယ်လေ”

“အတော်ပဲ ကုဋ္ဌေက ငါးရံ့အူဟင်းချက်လို့ လာပို့တယ်”

“ကျေးဇူးတင်ပါတယ်”

အောင်ခန့်က ကုဋ္ဌေနန်းထိုက်အား လှမ်းကြည့်ကာ ပြောလိုက်ရာ ကုဋ္ဌေနန်းထိုက်က . . .





“မလိုပါဘူး၊ ငါက နင်ပြန်လာမယ်ဆိုတာ သိတာမှ မဟုတ်တာ မမအတွက်ပဲလာပို့တာ”

“ဘာပဲဖြစ်ဖြစ် စားရကံကြုံလို့ မှတ်ဆိတ်ပျားလာစွဲတာပဲ၊ ငါကတော့ စားရမှာပဲ”

ကဗျာမဆန် အဆင်မချောသော သူတို့နှစ်ယောက်၏ စကားများသည် မေသန့်၏နားထဲသို့ ခါးသီးစွာဝင်ရောက်လာသဖြင့် ခေါင်းကိုသာ ခါယမ်းလိုက်မိလေတော့သည်။

သူတို့နှစ်ဦးအား အမြန်ဆုံး လက်ထပ်စေချင်သော ဆန္ဒ ဘယ်အခါမှ ပြည့်မည်ကိုဖြင့် မျှော်လင့်ချက်မထားတော့ပါ။

မျှော်လင့်ခြင်းကြောင့် သူမစိတ်တွေလည်း ပင်ပန်းလွန်းလှပြီ။



www.burmeseclassic.com



# အခန်း (၂၆)

ညနေထမင်းစားဝိုင်း၌ အောင်ခန့်အတွက် အထူးအ ဆန်းစကားများကို ကြားရသည်။

ကရုဏာဖောင်ဒေးရှင်း၌ ကုဋ္ဌေနန်းထိုက်သည် အခ ပိုင်းအားဖြင့် ဆေးခန်းထိုင်ပေးသည်တဲ့။

ထိုမျှမကသေး မနက်ဖြန် နယ်လှည့်အဖွဲ့နှင့်လိုက်ပါပြီး တောင်တန်းဒေသများကို ဆေးကုသရေးနှင့် ဆေးပညာပ သုတများ ဖြန့်ချိပေးရန် လိုက်ပါသွားဦးမည်တဲ့။





"ဘယ်လောက်ကြာမှာလဲ"

"တစ်လကတော့ အနည်းဆုံးလို့ ခန့်မှန်းတာပဲ"

"ဘယ်ဒေသဘက်လဲ"

"ချင်းပြည်နယ်ဘက်နဲ့ စစ်ကိုင်းတိုင်း ကလေး၊ ခန္တီး၊ ယော၊ ဆော၊ ဟုမ္မလင်းတို့ ဘာတို့ပေါ့"

"ဩော်"

အောင်ခန့်အတွက် ကုဋ္ဌေနန်းထိုက်သည်လည်း ထူးဆန်းသော မိန်းမတစ်ယောက်ဖြစ်သွားသည်။

မေသန့်က. . .

"အစားအသောက် အနေအထိုင် ဆင်းရဲမှာပေါ့"

"အစားအသောက်အတွက် ကျွန်မဇီဇာမကြောင်တတ်ပါဘူး၊ စေတနာကရုဏာနဲ့ အမိကဆောင်ရွက်တဲ့လုပ်ငန်းမှာ အုတ်တစ်ချပ် သဲတစ်ပွင့်အနေနဲ့ ပါဝင်ခွင့်ရတာကိုပဲ ကျွန်မ ကျေနပ်ပါတယ်"

အောင်ခန့်မှာ သူမနှင့်ယှဉ်ပြိုင်၍ ပြောစရာစကား မရှိ အောင်ပင်ဖြစ်သွားသည်။

သူမချက်ခဲ့သော ငါးရံ့အူဟင်းကလေးမှာ အရသာရှိလွန်းလှသည်။

ကုဋ္ဌေနန်းထိုက်၌ ဟင်းချက်ချိန် ရှိသေးသည်ကိုပင် သူအံ့အားသင့်ရသည်။

"ကုဋ္ဌေ"

"ပြော. . ခန့်"



www.burmeseclassic.com

"နင့်မှာ ဟင်းချက်ချိန်ရှိသေးတယ်နော်"

"အချိန်ဆိုတာ ယူတတ်ရင် ယူတတ်သလို ရပါတယ် ခန့်၊ ငါ့မှာ မအားတဲ့ကြားက ဟင်းတစ်ခွက်ကို ဖြစ်အောင် ချက်တယ်"

"ဘယ်လိုချက်သလဲ"

"အဲ့ . . . ရေချိုးခါနီး ငါးမိနစ်လောက် အချိန်ယူပြီး အိမ်ဖော်မိန်းကလေး ထောင်းထုပြီးသား အစာပလာနဲ့ ငါးရံ့အူဟင်းကို ငါကိုယ်တိုင်လုံးပြီး မီးဖိုပေါ်မှာ ရေအနေတော်နဲ့ တင်ခဲ့တယ်၊ ရေချိုးသနပ်ခါးလိမ်းပြီးတဲ့အချိန်မှာ ဟင်းအိုးကို ပြေးကြည့်လိုက်တော့ လိုချင်တဲ့ အနူးအအိနဲ့ ဆီပြန်အနေအထား အသင့်ဖြစ်နေပြီ၊ မီးပိတ်လိုက်ရုံပဲပေါ့။ အဲ့ . . ခူးခပ်ပြီး ထည့်လာတယ်၊ မမနဲ့ ထမင်းစားတယ်၊ ပြီးတာနဲ့ ဆေးခန်းတွေကို တန်းသွားရုံပဲပေါ့၊ ဒါကြောင့် ငါ့ရှေ့မှာ အချိန်မရဘူး၊ မအားဘူးလို့ လာပြောတဲ့သူတွေကို ငါသိပ်ရယ်ချင်တာပဲ၊ အချိန်ဆိုတာ ဖန်တီးယူလို့ ရပါတယ်၊ အဲ့ . . . အချိန်ကို အကျိုးရှိရှိ သုံးတတ်ဖို့သာ လိုတာပါ"

"ဒါ အိမ်ထောင်မကျသေးလို့ နင်ပြောတာ ဖြစ်လိမ့်မယ်ထင်တယ်"

အောင်ခန့်က တမင်ပင် အိမ်ထောင်ရေးစကားကို ထည့်သွင်းပြောလိုက်သည်။

ကုမ္မေနန်းထိုက်က အောင်ခန့်အား စူးစမ်းသော အကြည့်ဖြင့် ကြည့်ပြီး . . .

"ငါက ဆရာဝန်ဆိုတာ နင့်မေ့ပြီး ဒီစကားပြောတာ





လား၊ မီခင်နဲ့ ကလေးတာဝန် ဘယ်လိုယူရတယ်၊ ဘယ်လို ပြုစုစောင့်ရှောက်ရတယ်ဆိုတာ ပညာပေးနေတဲ့ မိန်းမတစ်ယောက်ပါ။ မိခင်ဘဝ ရောက်ရှိလာရုံနဲ့ ငါ့မှာ အချိန်မရှိဘူး၊ မအားဘူးဆိုတာ ဖြစ်လာမှာမဟုတ်ဘူးလို့ ငါပြောရဲပါတယ်"

အောင်ခန့်က ပခုံးတွန့်ကာ ကုမ္မေနန်းထိုက်အား အရှုံးပေးလိုက်သည်။

မေသန့်က အားရကျေနပ်သွားသော အမူအရာဖြင့် အောင်ခန့်အား မေးငေါ့ပြလိုက်ပြီး . . .

"ကိုင်း . . . ဘယ့်နှယ်ရှိစ ခန့်၊ အိမ်ရဲ့ ဝေယျာဝစ္စကို တာဝန်မယူရတဲ့ မင်းဆီက နောက်ကို မအားဘူးဆိုတဲ့ဆင်ခြေမပေးနဲ့၊ မနက်ဖြန် မမ မင်္ဂလာဒုံကကား ကြည့်ချင်တယ်၊ အဲဒါလိုက်ပြ၊ ကုမ္မေကလဲ ခရီးထွက်တော့မှာဆိုတော့ ငါ့မှာအဖော်မရှိဘူး"

"ကျွန်တော် ပို့ပေးပါမယ်၊ စိတ်ချပါ"

အောင်ခန့် ကတိပေးပြီး ထမင်းစားခြင်းကို လက်စသတ်လိုက်လေသည်။ တစ်ခါက မမအား ရုပ်ရှင်ရုံသို့ လိုက်အပို့နှင့် မိုးဟိန်းကျော်နှင့် ဆုံးဆည်းဖြစ်ပြီး ရုပ်ရှင်ပရိုဂျူဆာ ဖြစ်ခဲ့ပုံ၊ ခန့်မမနှင့် ဆုံစည်းခဲ့ပုံတို့ကို သတိရမိကာ တွေဝေငေးငိုင်သွားရလေတော့သည်။

ဤသည်ကို ကုမ္မေနန်းထိုက်က ရိပ်မိပြီး . . .

"ဩော် . . . ဒါထက် စကားမစပ် ခန့်ကို တစ်ခုမေးရဦးမယ်"



www.burmeseclassic.com

"ဘာလဲ"

"နင် ရုပ်ရှင်ပရိုဂျူဆာ ဆက်မလုပ်တော့ဘူးလား"

"မလုပ်တော့ပါဘူးဟာ၊ ငါနဲ့ ကီးကိုက်တဲ့လုပ်ငန်း မဟုတ်ဘူး"

"ဘာဖြစ်လို့လဲ"

"သူတို့လောကက တစ်မျိုးပါပဲ"

"အင်းလေ. . . အနုပညာလောကဆိုတာ တစ်မျိုးပဲ၊ နင်အခုလုပ်နေတဲ့ လုပ်ငန်းကမှ အမြတ်အစွန်းကို တွက်ချက်ပြီးလုပ်လို့ရနိုင်ပေမယ့် အနုပညာကိုတော့ ထွက်ကုန်တစ်ရပ်လို လုပ်ဆောင်တဲ့နေရာမှာ နင် တွက်ချက်လို့မရဘူး၊ ပရိသတ်ကသာ အဆုံးအဖြတ်ပေး တွက်ချက်သွားလိမ့်မယ်"

"ဒါထက် နင့်ကားက ဘယ်တော့ ရုံတင်မှာလဲ"


"မသိသေးပါဘူး မမရာ၊ သူတို့နဲ့ ကျွန်တော်နဲ့လဲ မတွေ့ဘူး"

အောင်ခန့်သည် ပြောပြောဆိုဆိုဖြင့် ထမင်းဝိုင်းမှ ထခဲ့လေသည်။

စကားပြောရင်း သူ့ရင်ထဲတစ်နေရာ၌ ပန်မမကို တွေ့ချင်မြင်ချင်သော ဝေဒနာရပ်က အုံထလာလေတော့သည်။







# အခန်း (၂၅)

အကြောင်းတိုက်ဆိုင်သည်ပဲလား၊ သူ၏ စိတ်စွမ်းအား၏ရိုက်ခတ်မှုကြောင့် တစ်ဖက်မှ တန်ပြန်သက်ရောက်လာလေသလားကို အောင်ခန့် ဝေဖန်ပိုင်းခြားနေချိန် မရလိုက်။

ညကြီးသန်းခေါင် သူ၏ဖုန်း မြည်လာသည်။

ဖုန်းဆက်သူမှာ သူအင်မတန် တွေ့ချင်လွန်းသော ပန်မမ ဖြစ်နေသည်။

"ကိုကို"



www.burmeseclassic.com

"ပန်မမ. . မင်း. . မင်း ကိုယ့်ဆီကို ဖုန်းဆက်တယ်"

"ဟုတ်ပါတယ် ကိုကို၊ ပန်မမအတွက် ဒီနေ့အိမ်ပြန်ရောက်တာ အစောဆုံးအချိန်ဖြစ်နေလို့ ကိုကို့ဆီကို ဖုန်းဆက်နိုင်တာ"

"ကိုယ် မင်းတိုက်ခန်းအသစ်ကိုလဲ ရောက်တယ်"

"ဟုတ်ကဲ့. . ဒေါ်လေး ပြောပါတယ်၊ ပန်မမပြန်ရောက်တဲ့အချိန်မှာ ကိုကို နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေလောက်ပြီထင်ပြီး ဖုန်းမဆက်ဖြစ်တာပါ"

"ဘာပဲဖြစ်ဖြစ်ကွာ. . . မင်းကို ကိုယ်တွေ့ချင်တယ် ပန်မမ"

အောင်ခန့်က ကလေးဆိုးကြီးသဖွယ် ပူဆာလိုက်သည်။

"ခက်လိုက်တာ ကိုကိုရယ်၊ ပန်မမတို့အနုပညာရှင်တွေကို ကိုကိုနားလည်အောင် ကြိုးစားပါဦး၊ မနက်ဖြန် မနက်လေးနာရီ ပန်မမ မော်လမြိုင်ဘက်ထွက်ပြီး အောက်ဒိုးသွားရိုက်ရဦးမယ် ကိုကို"

"ဟာကွာ. . . မင်းကို ကိုကိုတွေ့ချင်တယ်၊ အခုလာခဲ့ရမလား"

"အခုတော့ မလုပ်ပါနဲ့ကိုကို၊ ပန်မမရဲ့ ဂုဏ်သိက္ခာကိုလဲငဲ့ညှာပါဦး၊ ပန်မမလဲ ကိုကို့ကို တွေ့ချင်တာမှ တစ်ပိုင်းကိုသေနေတာပဲ၊ ဒါပေမယ့် မိုးရွာတုန်း ရေခံထားမှ ကိုကို၊ ဒီလိုလုပ်ပါလား ကိုကို"

အောင်ခန့် မကျေမနပ်ဖြစ်မှုက လျော့ပါးမသွားပါချေ။





"ဘယ်လိုလုပ်ရမှာလဲ"

"ပန်မမ မော်လမြိုင်က ပြန်ရောက်ရောက်ချင်း ဖုန်းဆက်မယ်၊ အဲဒီအခါမှ အေးအေးဆေးဆေး ကိုကိုပြောချင်တာတွေပြော၊ ပန်မမ နားထောင်မယ်"

"ဟင်. . . ငါပြောချင်တာ ဟုတ်လား၊ မင်းမှာကော ငါနဲ့ဒီလောက် ခွဲခွာနေရတဲ့ ကာလတွေအတွက် ငါ့ကိုပြောစရာစကားတွေ ရှိမနေဘူးလား ပန်မမ"

အောင်ခန့် ကျွမ်းမြီးတိုလေပြီ၊ စိတ်ထဲ၌ မထားတတ်သောသူ၏ဗီဇအတိုင်း ဖွင့်ဟမေးလိုက်သည်။

ပန်မမထံမှ ခိုးခစ်ခစ် ရယ်သံလေး ထွက်ပေါ်လာသဖြင့်

"ဘာရယ်တာလဲကွ၊ မင်းကိုရယ်ခိုင်းနေတာမဟုတ်ဘူး၊ မေးနေတာ"

"အဟင်းဟင်း. . . ကိုကိုက သိပ်ကလေးဆန်တာပဲ၊ ပန်မမလဲ လွမ်းလွန်းလို့ ဘယ်. . ဘယ်လိုပြောရမလဲ မသိပါဘူး၊ အခုတလော ဆရာမိုးကလဲ အလွမ်းချည်း ရိုက်နေတာ၊ ပန်မမလဲ ကိုကို့ကို လွမ်းတာရော၊ ရောရောပြီး မျက်ရည်ကျပြလိုက်တယ်လေ၊ ကဲပါကိုကိုရယ် ပန်မမမှာလဲ ကိုကို့ကို ပြောစရာစကားတွေ ရင်ထဲမဆံ့အောင် ရှိနေတယ်ဆိုတာ ယုံပါနော်"

"ကဲပါလေ. . မော်လမြိုင်မှာ ဘယ်လောက်ကြာမှာလဲ"

"အလွန်ဆုံး သုံးလေးရက်ပါ ကိုကို၊ ပြီးတာနဲ့တစ်ရက်ခွင့်တောင်းပြီး ကိုကိုနဲ့တစ်နေ့လုံး နေပစ်လိုက်မယ်၊ ကိုကိုသာအလုပ်များမနေပါစေနဲ့နော်"



www.burmeseclassic.com

"ကောင်းပြီလေ. . . ကိုယ်မင်းဆီက ဖုန်းဆက်တာကို စောင့်နေမယ်၊ မင်းကတိသာ တည်ပါစေ"

"စိတ်ချ ပန်မမက ပေးပြီးတဲ့ကတိကို တည်အောင် ထိန်းတတ်ပါတယ်"

"အေးပါ ပန်မမရယ် အပြောနဲ့အဟော ညီမညီ ကိုကို စောင့်နေရတာပေါ့"

"ကဲပါ ကိုကိုရယ် အိပ်တော့နော်၊ ပန်မမလဲ ပင်ပန်းလွန်းလို့ အိပ်ချင်ပြီ၊ မနက်လဲ ခရီးထွက်ရဦးမှာဆိုတော့"

"ကိုယ်နားလည်ပါတယ်၊ ဂွတ်နိုက် ပန်မမ"


"ဂွတ်နိုက် ကိုကို"

ပန်မမထံမှ ဖုန်းချသွားပြီး အတန်ကြာအောင် ငေးငိုင်နေမိပြီးမှ ဖုန်းကို စားပွဲပေါ်သို့ လှမ်းတင်လိုက်ပြီး အိပ်စက်ရန် လဲလျောင်းလိုက်သော်လည်း အိပ်ပျော်ခြင်းကို သူ မရရှိနိုင်တော့ချေ။

သူ၏အတွေးမျက်ဝန်းထဲ၌ ပန်မမကို မင်းသမီးရွေးပွဲတွင် စတင်တွေ့ရှိခဲ့ပုံ၊ နောက် ပန်မမနှင့် ညစာစားကြပုံ၊ နောက်ဆုံးချောင်းသာခရီးစဉ်၌ ပျော်ရွှင်ကြည်နူးခဲ့ပုံများကိုသာ မြင်ယောင်ရင်း သက်ပြင်းတချချနှင့် အိပ်ပျော်ခြင်းကို သူလက်လွှတ်အရှုံးပေးလိုက်ရလေတော့သည်။







# အခန်း ( ၂၈ )

ကုမ္ပဏီနှန်းထိုက် နယ်လှည့်ဆေးကုသရေးအဖွဲ့နှင့် လိုက်ပါသွားသည်ဖြစ်၍ အောင်ခန့်သည် အစ်မဖြစ်သူကို စိတ်ချခြင်းကြောင့် အိမ်သို့စောစီးစွာ ပြန်လေသည်။

မေသန့်သည် မောင်ဖြစ်သူ၏ ပြောင်းလဲလာသော အခြေအနေအရပ်ရပ်ကို ရိပ်စားမိလေသည်။ သို့သော် အဆိုးအကောင်း တစ်ခွန်းမှ ဝင်မပြောတော့။ သူ့အရှိန်နှင့်သူ ရပ်သွား



www.burmeseclassic.com

လိမ့်မည်ဟု ခံယူထားလေသည်။

အစ်မဖြစ်သူကို ရုပ်ရှင်လိုက်ပြပေးပြန်တော့လည်း ရုပ်ရှင်ပိတ်ကားကို ငေးကြည့်ရင်း သူ၏အာရုံများသည် ပန်မမ ထံသို့သာ ပျံ့လွင့်လာသည်။

ပန်မမ၏ထံမှ ပြန်ရောက်လာမည်ဆိုသော သုံးလေး ရက်သည်လည်း လွန်မြောက်သွားလေပြီဖြစ်ရာ အောင်ခန့်မှာ မျှော်မီးခဲကိုင်မိသလို ဂနာမငြိမ်ဘဲ ဖြစ်နေလေသည်။

"မမပန်းတွေက တော်တော်ဖြစ်နေပြီပဲ"

"ဖြစ်ဆို သူ့အညွှန်းအတိုင်း လုပ်ပေးတာကိုး၊ ခုဆိုရင် ပန်းတောင် လာဝယ်နေကြပြီ"

"ဟုတ်လား"

"ဘွဲ့ယူတဲ့အခါတို့ မင်္ဂလာဆောင် ရှင်ပြု နားသ အစုံ အလင်ပေါ့၊ ဒီထက်မက တိုးချဲ့ပြီးရင် တီဗွီမှာ ကြော်ငြာထည့် ဦးမလားလို့တောင် စိတ်ကူးတယ်၊ ခန့်ရဲ့ မင်းသမီးနဲ့လေ"

အောင်ခန့်က အစ်မဖြစ်သူအား စွေကြည့်ပြီး . .

"ကျွန်တော့်မင်းသမီး မဟုတ်ပါဘူး"

"အေးလေ ဘယ်သူ့မင်းသမီးလဲဆိုတာ အချိန်ကစကား ပြောမှာပေါ့၊ ရုပ်ရှင်၊ ဗီဒီယိုဆိုတာ လွယ်ကူတဲ့ကိစ္စတစ်ခု မဟုတ် ဘူးလို့တော့ ငါထင်တာပဲ ခန့်ရေ"

မေသန့်က မိမိ၏စကားများသည် အောင်ခန့်၏မြူနေ သော အနာကိုဆွပေးမိသလိုများ ဖြစ်နေပြီလားဟု တွေးမိပြီး စကားကို အဆုံးသတ်ဖြစ်လိုက်သည်။





အောင်ခန့်က အစ်မမေသန့်သည် သူနှင့် ပန်မမအ ကြောင်း ရိပ်မိနေပြီလားဟု တွေးတောမိကာ မလုံမလဲ ဖြစ်သွား သည်။

ထိုအချိန်တွင် အိမ်ထဲမှ ဖုန်းကိုကိုင်ပြီး ထွက်လာသော အိမ်ဖော်အမျိုးသမီးကို မြင်လိုက်သည်နှင့် အောင်ခန့်သည် အစ်မဖြစ်သူနားမှ လှစ်ခနဲခွာခဲ့လေသည်။

မေသန့်ကလည်း အောင်ခန့်၏ ပျာယာခတ်သွားသော အမူအရာကို သတိပြုမိလျက်နှင့် မသိကျိုးကျွန် ပြုထားလေ သည်။

သူ့အရှိန်ဖြင့်သူ လိမ့်နေပါစေ အရှိန်ကုန်သွားလျှင် ဖြစ် စေ၊ ထိခိုက်မှုတစ်ခုခုနှင့် ကြုံတွေ့လျှင်ဖြစ်စေ ရပ်တန့်သွားလိမ့် မယ်ဟု မေသန့်က ယုံကြည်ထားလိုက်သည်။ ထိုသို့ ယုံကြည်ခြင်း ကြောင့် မိမိစိတ်ချမ်းသာနေခြင်း ဖြစ်သည်။

အောင်ခန့်သည် အစ်မဖြစ်သူမြင်မှာစိုးသဖြင့် ဖုန်းကို ယူကာ အိမ်ထဲသို့ ကမန်းကတန်း ဝင်ခဲ့လိုက်သည်။

ထင်ထား မျှော်လင့်ထားသည့်အတိုင်းပင် ပန်မမထံမှ ဖြစ်နေသဖြင့် သူဝမ်းသာသွားသည်။

"ကိုကိုလား"

"အင်း . . ပန်မမ၊ ကိုယ် မင်းကိုမျှော်နေတာ"

"ပန်မမ အခုပဲရောက်တယ် ကိုကို၊ မနက်ဖြန် ကန် တော့ပွဲ ပေးစရာရှိနေတာရယ်၊ ကြော်ငြာတစ်ခု ရိုက်ဖို့ကမ်းလှမ်း သာတာကို စကားပြောဖို့ရယ် ရှိနေလို့"



www.burmeseclassic.com

"ပန်မမ. . . ကိုယ်ဒါတွေ မသိချင်ဘူး၊ ကိုယ်သိချင်တာ မင်းကို ဘယ်အချိန်တွေ့ခွင့်ရမလဲဆိုတာကိုပဲ"

"အဲ. . . ဟင်းဟင်း. . . ကိုကိုကလဲ ဒေါသကြီးပဲ၊ အခု ပန်မမအဆင်သင့်ဖြစ်ပြီး စောင့်နေမယ်၊ ကိုကိုနဲ့အတူ ပန်မမတို့ စားနေကျ ဟောဝန်နန်းမှာ ညစာစားရင်း စကားပြောမယ်လေ၊ လာခေါ်"

"အိုကေ"

"ဒါပဲနော် ကိုကို၊ ကျေနပ်ပြီလား"

"အင်း"

"ဒီလိုဆိုရင် မျက်နှာကြီး ရှစ်ခေါက်ချိုးနဲ့ မလာနဲ့၊ ပြုံး ပြုံးလေးနဲ့ လာခဲ့ရမယ်နော်"

အောင်ခန့် အလိုအလျောက် ပြုံးမိလျက်သား ဖြစ်သွား ပြီး . . .

"အင်း"

"ဒီလိုဆို ဒါပဲနော် ကိုကို၊ ပန်မမ ချလိုက်တော့မယ်"

"အင်း"

ပန်မမဘက်က တယ်လီဖုန်းချသွားမှ . . မမကို ဘယ်လို ပြောပြီး ထွက်ရမည်ကို အဖြေရှာလိုက် သည်။

ပြီးမှ ခြံထဲသို့ပြန်ဆင်းလာပြီး. . .

"ခင်သန္တာမိုးဆီက မမ၊ ဂျပန်ဧည့်သည်တွေ ရောက်လာ လို့ ညစာစားပွဲမှာ တွေ့ဆုံဖို့စီစဉ်ထားတယ်တဲ့၊ အဲဒါ ကျွန်တော် အခုပဲ ရေမိုးချိုးပြီးသွားရမယ်"





"အေး. . . အေး"

မေသန့်က မယုံသင်္ကာမျက်နှာမျိုး မပြတော့ပဲ လွယ် လင့်တကူပင် ခေါင်းညိတ်လိုက်သဖြင့် အောင်ခန့်အိမ်ထဲသို့ ပြန်ဝင်ပြီး ရေမိုးချိုး၊ အဝတ်အစားသစ်များလဲကာ ဖုန်းနှင့် ယောက်ျားကိုင်ပိုက်ဆံအိတ်ကိုယူကာ ထွက်လာခဲ့လေသည်။

"မမ စောစောအိပ်နော်၊ နောက်ကျရင် မစောင့်နဲ့"

"နင်လဲသိပ်နောက်မကျစေနဲ့ ခန့်၊ စားပြီးတာနဲ့ ပြန်လာ ခဲ့"

"ဟုတ်ကဲ့"

အောင်ခန့်၏ မျက်နှာသည် အစောစောကနှင့် မတူဘဲ ဝင်းပသွားသည်ကို မေသန့် သတိပြုမိသည်။

ထို့ကြောင့် အိမ်ထဲပြန်ဝင်ကာ ခင်သန္တာမိုးဆီ ဖုန်းဆက် လိုက်သည်။

"ဟဲလို. . . ရောင်ခြည်ဦးကုမ္ပဏီလီမိတက်ကပါရှင့်"

"ခင်သန္တာမိုး. . . မမကြီးပါ"

"သြော်. . . မမကြီး၊ ဟုတ်ကဲ့ အမိန့်ရှိပါ"

"စောစောက ညီမများ ဖုန်းဆက်ထားသလားလို့"

"ရှင်. . . မမကြီးဆီကိုလား၊ မဆက်မိပါဘူး"

"ဟုတ်လား၊ ဒါဖြင့် မင်းဆရာဆီကိုများ. . ."

"အစ်ကိုကြီးဆီကိုလဲ မဆက်မိပါဘူး၊ အစ်ကိုကြီး ငါး နာရီလောက်ကတည်းက ပြန်သွားပါတယ်"

"သြော်. . . ဒါဖြင့် အခြားတစ်ယောက်နဲ့ တွေ့ပါတယ်၊



www.burmeseclassic.com

မမကြီးမှားတာ ထင်တယ်”

“အကြောင်းထူး ရှိပါသလား မမကြီး၊ ကျွန်မ ဘာများ အကူအညီပေးရမလဲ”

“ရပါတယ်၊ မမကြီးလဲ မအားလိုက်လို့ ဖုန်းကို ဒေါ်ညို ကိုင်ပြီး သေသေချာချာ မှတ်မထားလို့ ညီမများ ဆက်သလား လို့ ပြန်မေးကြည့်တာပါပါ၊ ဒါပါပဲ ညီမရယ်”

“ဟုတ်ကဲ့ပါ”

မေသန့် တယ်လီဖုန်းချလိုက်သည်။

မောင်ဖြစ်သူ၏ ဂုဏ်သိက္ခာကိုလည်း မထိခိုက်စေရန် ဉာဏ်သုံးပြီး စုံစမ်းလိုက်ရခြင်းဖြစ်သည်။

သေချာပါသည်။ ပန်မမထံသို့ သွားခြင်းကလွဲ၍ အခြား မည်သူ့ထံသို့ကိုမှ မဖြစ်နိုင်ပါချေ။

မေသန့်ရင်ထဲ မွန်းကျပ်သွားသည်။

ကုဋ္ဌေနန်းထိုက် သတိပေးထားသည်များကို ပြန်လည် စဉ်းစားလိုက်သည်။

“မမရယ်. . . လောကကြီးမှာ ကိုယ်ဖြစ်ချင်ရာလဲ ဖြစ် ချင်မှဖြစ်မယ်၊ မဖြစ်ချင်တာတွေ ဖြစ်လာတဲ့အခါလဲရှိမယ်၊ အဲဒီ အခါ ခံနိုင်ရည်ရှိအောင် လေ့ကျင့်ထားရမယ်၊ ဒါမှ အေးချမ်း နိုင်မယ်. . .”

“မမက တစ်ဦးတည်းသော မောင်ဖြစ်လို့ အကောင်း ဆုံးဖြစ်အောင် ပုံသွင်းချင်ပေမယ့် သူက ပုံသွင်းလို့ရတဲ့ အရွယ် မဟုတ်တော့ဘူး၊ နုနယ်တဲ့ မရင့်ကျက်သေးတဲ့ အရွယ်ကို လွန်





နေတဲ့ လူတစ်ယောက်ပါ၊ စီးပွားရေးလုပ်ငန်းကြီးတစ်ခုလုံးကို ဦးဆောင်ဦးရွက်လုပ်နေတဲ့ လူတစ်ယောက်ရဲ့ ဦးနှောက် ဘယ် လောက် ကောင်းတယ်ဆိုတာ အခြေအနေနဲ့ အချိန်အခါက အဆုံးအဖြတ်ပေးသွားပါလိမ့်မယ်. . .”


“မမ သူ့ကို ကလေးတစ်ယောက်လို လိုက်ကြည့်မနေ ဘဲနဲ့ လူကြီးတစ်ယောက်လိုသာ လွှတ်ထားပေးလိုက်ပါ၊ သူ့ နှလုံး သား ပြဿနာကို သူ့ဘာသာသူ စီစဉ်သွားပါလိမ့်မယ်”

ဟု ကုဋ္ဌေနန်းထိုက် တရားအပြကောင်းသဖြင့် မေသန့် မောင်ဖြစ်သူ မသင့်တော်သောသူနှင့် အိမ်ထောင်ကျသွားမှာ စိုးရိမ်သည့်ဝေဒနာ လျော့ပါးသွားခဲ့သည်ဆိုသော်လည်း. . .

ယခုလို ပန်မမနှင့် တွဲသွားခြင်းကို သိနေရပြန်တော့ လည်း ရင်ထဲ၌ ဒေါသစိတ်တို့ဖြင့် မွန်းကျပ်လျက်ရှိသည်။



www.burmeseclassic.com



# အခန်း (၂၉)

ဟောဝန်နန်း၏ သီးသန့်စားသောက်ခန်း၌ အောင်ခန့်နှင့် ပန်မမ နေရာယူထားကြသည်။

အောင်ခန့်သည် ရိုက်ကွင်းမှာကဲ့သို့ မိတ်ကပ်ထူလဖျော်ကြီးနှင့် မဟုတ်ဘဲ ခပ်ပြေပြေနှင့် အလှပေါ် လွင်ရုံသာ လိမ်းကျံထားသော ပန်မမ၏ မျက်နှာကို ခပ်စူးစူးရဲရဲ ကြည့်လိုက်သည်။

ပန်မမက လှပသော မျက်စောင်းကလေး ဝင့်ကာ. . .

"ကိုကိုနော်, . . ဘာကြည့်တာလဲ၊ လူကို မမြင်ဖူးတာ





ကျနေတာပဲ"

"ဟုတ်တယ်လေ၊ မမြင်ရ မဖူးရတာ ဘယ်နှလ ရှိနေပြီလဲဆိုတာ မေ့ပါဦး"

"ဒါကတော့ ကိုကိုရယ်၊ ပန်မမတို့ သရုပ်ဆောင်ဆိုတာ အရွယ်ရှိတုန်း အခြေအနေကလဲပေးတုန်းကလေးမှာ ကြိုးစားထားနိုင်ကာမှ တန်ကာကျမှာ ကိုကိုရဲ့၊ နော်ကိုကို ပန်မမကို နားလည်ပေးထားစမ်းပါ ကိုကိုရယ်နော်"

ပန်မမ၏ အညုအပြောကလေးများ၌ အောင်ခန့် အရည်ပျော်ကျမသွားစေရေးကို တင်းခံလိုက်လေသည်။

"ပန်မမ. . ကိုယ်တို့လက်ထပ်ကြစို့လား"

"ဟင်. . ."

ပန်မမက အောင်ခန့်အား အံ့အားသင့်သွားသော မျက်လုံးဝိုင်းကြီးဖြင့် ကြည့်လေသည်။

"ဘာလဲ ပန်မမ၊ မင်းက ကိုယ့်ကို မယုံလို့လား"

"မဟုတ်ပါဘူး၊ မစောလွန်းဘူးလား ကိုကိုရယ်"

"ကိုကို့အသက်ကိုလဲ မင်းထည့်တွက်ဦးမှပေါ့"

"ယောကျ်ားပဲ ကိုကိုရယ်၊ အသက်ကြီးလဲ ဘာဖြစ်သလဲ၊ လူ့ဘဝဆိုတာ လေးဆယ်မှ စ,တာလို့ အနောက်တိုင်း အယူအဆတောင် ရှိသေးတာပဲ"

"ဆင်ခြေပေးဖို့ မကြိုးစားပါနဲ့ ပန်မမ၊ မင်း ကိုကို့ကို အမြန်ဆုံး လက်ထပ်မလား၊ လက်မထပ်ဘူးလား ဆိုတာသာ ပြော'



www.burmeseclassic.com

ပန်းမမက သက်ပြင်းချလိုက်ပြီး. . .

"ကိုကိုရယ် ကန္တာရနှင်းဆီတောင် ရှိမတင်ရသေးဘူး၊ ပြီးတော့ ပရိသတ်က လက်ခံစပဲ ရှိသေးတယ်၊ ပန်းမမတို့ အနုပညာသမားဆိုတာ ပရိသတ်လက်ခံတုန်းမှာ အရမ်းကြိုးစားပြီး အဆက်မပြတ် ကားကောင်းကောင်းလေးတွေ ထုတ်လုပ်လိုက်ရင် ပန်းမမဟာ ပြည်သူချစ်တဲ့ အနုပညာရှင်တစ်ယောက် ဖြစ်သွားမှာ"

"ပန်းမမ"

အောင်ခန့် ကျွဲပြီးတိုသွားသည်။ မိမိဘက်မှ အစ်မကြီးတစ်ယောက်လုံးကို အဆုံးအရှုံးခံပြီး စွန့်စားရမည်ကို သူမဘက်က မိမိထက် သူမအောင်မြင်မှုက အရေးကြီးနေသည်ဆိုတော့

"ရှင် ကိုကို"

မျက်နှာကလေးကတော့ တကယ့်ကို ရှင်းသန့်အပြစ်ကင်းစင်သည့် ပုံသဏ္ဍာန်မျိုးပေါက်နေသည်။

"မင်း. . ကိုကိုနဲ့ မင်းအလုပ် ဘယ်ဟာကို ပိုချစ်သလဲ"

"ကိုကိုကလဲ မဆိုင်တာတွေ မေးမနေပါနဲ့ တခြားစီပဲ၊ လုပ်ငန်းကလုပ်ငန်း ကိုကို့ကိုချစ်တာက ဟောဒီနှလုံးသားကလာတာ၊ ရင်ထဲမှာ နင့်နေအောင် နာနေအောင်ကို ချစ်ရတာ"

"ဒါဖြင့် မင်း ကိုယ်နဲ့လက်ထပ်ပြီးရင် မင်းရုပ်ရှင်လဲမရိုက်နဲ့၊ ဇီဒီယိုလဲ မရိုက်နဲ့တော့၊ ကိုကို့ရဲ့အိမ်ရှင်မကောင်း တစ်ဦးအဖြစ်သာ စည်းစိမ်ချမ်းသာ အပြည့်အစုံနဲ့ စံစားနေပါလား ကွာ"





ပန်းမမ သိပ်တော့မအံ့သြတော့ပါချေ။

အမှန်တော့ အောင်ခန့်သည် အနုပညာကို ချစ်မြတ်နိုးၡ်ဝါသနာပါ၍ ရုပ်ရှင်ပရိုဂျူဆာ လုပ်သည်မဟုတ်။

သူ၏ လက်ရှိလုပ်ငန်းအပေါ် ငြီးငွေ့သကဲ့သို့ဖြစ်ပြီး အာရုံအပြောင်းအလဲ သဘောမျိုးဖြင့် ငွေပေါ်တိုင်း ထင်ရာလျှောက်လုပ်သည့် သဘောသာဖြစ်သည်ဟု ပန်းမမ နားလည်ထားသည်ဖြစ်ရာ အောင်ခန့် ပြောလာသော စကားများအပေါ် သိပ်တော့ အံ့သြခြင်း မဖြစ်တော့ပါချေ။

"ဒါကတော့ကိုကိုရယ် ပန်းမမရဲ့ ဝါသနာပါ၊ ဒီဝါသနာရဲ့ ကြိုးစားချက်က ပန်းမမ မူကြိုကျောင်းသူဘဝကတည်းကပါ၊ ပွဲလမ်းသဘင် ဇာတ်ထိဆိုတာနဲ့ စင်ပေါ်တက်ချင်တဲ့ မိန်းမပါ ကိုကို"

"ဘာလဲ ပန်းမမ၊ မင်းက ကိုကို့အလိုကို မလိုက်လျောနိုင်ဘူးဆိုတဲ့ သဘောလား"

"ဒီလိုလဲ မဟုတ်ပါဘူး ကိုကိုရာ၊ ပန်းမမဆိုလိုတာက ပန်းမမကို အချိန်ပေးပါဦးလို့ ဆိုလိုတာပါ"

အောင်ခန့် ပန်းမမကို မယုံကြည်ချင်တော့။ မိမိအပေါ်၌ မင်းသမီးပီပီ မူရာမာယာသုံးကာ အပျော့ဆွဲနှင့် အချိုသတ်နေခြင်းလားဟု သံသယဝင်လာသည်။

"အချိန်က ဘယ်လောက်ပေးရမှာလဲ"

"သုံးနှစ်"

"သုံးနှစ်ပြည့်ရင် မင်းကိုယ့်ကို တကယ်လက်ထပ်မှာ

www.burmeseclassic.com

လား"

"အင်း"

ပန်မမ မျက်လုံးကလေး ဖျတ်ခနဲမှိတ် ခေါင်းကလေးလည်း ဆတ်ခနဲညိတ်ပြလိုက်သည်။

အပြုံးကလေးကလည်း နှုတ်ခမ်းနှစ်လွှာ၌ ခိုတွဲလျက် အင်မတန် ချစ်စရာကောင်းအောင်လှသော မိန်းကလေးသည် သူ့အား လှည့်စားနေတာလားဟု အောင်ခန့် သံသယဝင်ကာ . .

"အဲ လက်ထပ်ရင် မင်းကိုယ့်ဆန္ဒ လိုက်လျောမှာလား"

"ဘာ ဆန္ဒလဲ"

"မင်း ရုပ်ရှင်လောကက အပြီးအပိုင် ထွက်ခဲ့ဖို့ပေါ့ကွာ"

ပန်မမမျက်နှာပြင်၌ အပြုံးများ လွင့်စဉ်ပျောက်ကွယ်သွားလေသည်။

သူမ အနှစ်နှစ်အလလက ကြိုးစားခဲ့ရသော ဤအနုပညာလမ်းစကို နင်းမိရုံသာရှိသေးသည်။ ဒါကလည်း ဦးအောင်ခန့်၏ ကျေးဇူးက အများဆုံးပါသည်။ နောက် မိုးဟိန်းကျော်၊ မိုးဟိန်းကျော်၏ သွန်သင်မှုက သူမအတွက် အကောင်းဆုံးသော ဆုလာဘ်များ ဖြစ်သည်ဟု ပန်မမသဘောပေါက်ခဲ့လေသည်။

အနုပညာဉာဉ်မရှိသော သူတစ်ဦးနှင့် အနုပညာကို မြတ်နိုးကာ အနုပညာဖြင့် ဘဝကို တည်ဆောက်ချင်သော သူမ မည်ကဲ့သို့ ရှေ့ခရီးလမ်းကို ဆက်ကြရမည်နည်း။

"စဉ်းစားပါရစေဦးလား ကိုကို"

ပန်မမက စဉ်းစဉ်းစားစား ပြောလိုက်သည်။





အောင်ခန့်က ဒါကိုပင် မကျေနပ်နိုင်ဘဲ. . .

"မင်း ဘာစဉ်းစားစရာလိုသလဲ၊ မင်း ကိုယ့်ကိုမချစ်ဘူးလား"

ပန်မမ ပြုံးယောင်သမ်းသွားပြီး. . .

"ကိုကိုက သိပ်ကလေးဆန်တာပဲ၊ ပန်မမ ကိုကို့ကို သိပ်ချစ်ပါတယ်၊ ဒါပေမယ့် ချစ်တာတခြား၊ ဝါသနာက တခြားပဲ"

"ဝါသနာ ဘာလဲ မင်းက ဝါသနာကို ကိုယ့်ထက် ပိုချစ်၊ ပိုတန်ဖိုးထားတယ်ဆိုတဲ့ သဘောလား"

"ကိုကိုကလဲ ပန်မမက တခြားစီပါလို့ ပြောပြီးပြီပဲ၊ ကိုကို့ကို ပန်မမလက်ထပ်မယ်၊ ဒါပေမယ့် ပန်မမဝါသနာပါတဲ့အလုပ်ကိုလဲ ဆက်လုပ်ခွင့်ပေးပါ"

"ဒါတော့ မဖြစ်နိုင်ဘူး ပန်မမ"

ယောကျ်ားများသည် တစ်ကိုယ်ကောင်းဆန်သည်။ အတ္တကြီးသည်ဟု ပန်မမ အောင်ခန့်အပေါ် မစွပ်စွဲရက်သော်လည်း စွပ်စွဲချင်လာသည်။

မိန်းမသားတစ်ယောက်၏ဘဝသည် ယောကျ်ားတစ်ယောက်၏ အဖြည့်ခံသက်သက်ဖြင့် ကုန်ဆုံးရတော့မည်ဆိုခြင်းကို ပန်မမ လက်မခံနိုင်ပါ။

"ဘာဖြစ်လို့လဲ ကိုကို"

ပန်မမက မသိဟန်ပြု၍ ပြန်မေးလိုက်လေသည်။

"ဘာဖြစ်ရမှာလဲကွ၊ မင်းအိမ်ထောင်အတွက် ငွေရှာစရာ မလိုဘူး"



www.burmeseclassic.com

ပန်မမ၏ နှလုံးသားကို ထိမှန်သွားသဖြင့် ရင်ခုန်သံနှုန်း မြင့်မားလာလေသည်။

"မင်းကိုငါ မင်းရှာတဲ့ငွေထက် အဆပေါင်းများစွာပုံပေးပြီး ရွှေစံအိမ်၊ စိန်စံအိမ်မှာ ဇိမ်နဲ့ထိုင်စားနိုင်အောင် ထားနိုင်တယ်ဆိုတာ မင်းသိမှာပါ"

"ဒီမှာကိုကို ပန်မမ ရုပ်ရှင်ဗီဒီယိုရိုက်တယ်ဆိုတာ ငွေရေးကြေးရေး သက်သက်မဟုတ်ဘူး ကိုကို၊ ငယ်စဉ်ကတည်းက နှလုံးသားထဲ၊ အသည်းထဲ၊ အရိုးထဲ၊ အသွေးအသားထဲကနေ စိမ့်ထွက်လာတဲ့ အနုပညာဗီဇဝါသနာဟာ အဓိကကျပါတယ်၊ အနုပညာကို စီးပွားရေးဆန်ဆန် တွက်ကိန်းနဲ့တွက်ပြီး ဝင်ရောက်စီးပွားရှာနေတဲ့ လူတန်းစားထဲ ပန်မမ မပါပါဘူး ကိုကို"

"ဒီလိုဆို မင်းကို ငါပြတ်ပြတ်သားသားပဲ မေးမယ်"

"မေးပါ ကိုကို"

ပန်မမက ခေါင်းကိုမော့ကာ ပြတ်သားစွာ ရင်ဆိုင်လိုက်သည်။

"မင်း ကိုယ့်ကို လက်ထပ်မလား၊ မင်း အနုပညာ အလုပ်ကို ဆက်လုပ်မလား"

"ဘာလဲ ကိုကိုက ကိုကိုနဲ့လက်ထပ်ရင် ပန်မမရုပ်ရှင်ဆက်မရိုက်ရဘူးဆိုတဲ့ စကားကို မရုပ်သိမ်းနိုင်တဲ့ သဘောလား"

"ဒါပဲပေါ့၊ မင်းကြိုက်တဲ့လမ်းကို ရွေးပါ ပန်မမ"

ပန်မမက အောင်ခန့်ကို စူးစူးရဲရဲကြည့်လိုက်သည်။

အောင်ခန့်ကလည်း ပန်မမကို ခပ်စိန်းစိန်း ပြန်ကြည့်





သည်။

စက္ကန့်လေးများ ရွေ့လျားသွားလေသည်။

ပန်မမ၏ နှုတ်ခမ်းသည် တဆတ်ဆတ်တုန်ယင် လာသည်။ ထိုတုန်ယင်လာသော နှုတ်ခမ်းကို အပြုံးဖြင့် ဖွတ်ဖန်တီးယူလေသည်။ မျက်လုံးများတွင် မျက်ရည်များ ရစ်ဝဲသိုင်းဖွဲ့လာသည်။

ဤသည်ကို မျက်ရည်မကျစေရန် ပန်မမက ထိန်းချုပ်ထားလေသည်။

အောင်ခန့်က နှုတ်ခမ်းကို ခပ်တင်းတင်းပင် စေ့ရင်းသူမ၏ မျက်နှာပြင်ပေါ်မှ ပြောင်းလဲမှု အရေးအကြောင်းများကို ခေ့စေ့ကြည့်နေလေသည်။

ယောကျ်ားတစ်ဦး၏ မာန်မာနသည် မိန်းမသားတစ်ဦး၏မျက်ရည်စက်များအောက်ဝယ် မျှောပါမသွားဖို့အရေးကြီးသည်။

"ကိုကို့မေးခွန်း မပြင်နိုင်တော့ဘူးလား"

"ကျုပ် တစ်ခွန်းပဲ ပြောတတ်တယ်"

"ကောင်းပြီလေ ကိုကို"

ပန်မမက တုန်ယင်နေသော နှုတ်ခမ်းများကြားက. . .

"ပန်မမ အနုပညာလောကကို ဘယ်တော့မှ ကျောမခိုင်းနိုင်ဘူး ကိုကို"

မျက်ရည်များနှင့်အတူ ပန်မမ၏ နှုတ်ဖျားမှလည်း ပြတ်သားသော ဆုံးဖြတ်ချက်သည် တစ်ပြိုင်နက် ထွက်ပေါ်လာ



www.burmeseclassic.com

သည်။

အောင်ခန့် ရုတ်တရက် မတ်တတ်ရပ်လိုက်မိလေသည်။

စားပွဲပေါ်မှ စားသောက်ဖွယ်ရာတို့သည် တို့ကနန်းဆိတ်ကနန်းဖြင့် စားသောက်မည့်သူများကို ပျင်းရိငြီးငွေ့စွာဖြင့် ငေးမျှော်ကြည့်နေလေသည်။

"ဒါ မင်းရဲ့ဆုံးဖြတ်ချက်ပေါ့"

"ဟုတ်ကဲ့"

"ကောင်းပြီ၊ ဒီအချိန်ကစပြီး မင်းနဲ့ငါ လမ်းခွဲကြမယ်"

ပန်မမက နှုတ်ခမ်းကိုကိုက်ပြီး ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်သည်။

နှလုံးသားကို အနိုင်ယူလိုက်ရပေမယ့် ပေးဆပ်မှုတမလွယ်ကူချေ။

နှလုံးသားမှ ယိုစီးလာသော မျက်ရည်များကို ထိန်းချုပ်နိုင်သောစွမ်းအား သူမ၌ မရှိချေ။

သို့သော်. . .

"ပြန်ကြစို့၊ မင်းကို ငါပြန်ပို့ပေးပါ့မယ်"

အောင်ခန့်ကတော့ ယောကျ်ားပီပီ ဟန်ဆောင်မှုကောင်းသည်။ နှလုံးသားကို ထိန်းချုပ်နိုင်သော စွမ်းအားသည် ယောကျ်ားများက မိန်းမများထက် သာလွန်သည်ဟု ဆိုနိုင်ကြောင်း အောင်ခန့်က ပန်မမကို ပညာပေးနေလေရော့သလားဟု ပန်မမက ရင်နာစွာဖြင့် ငေးကြည့်ရင်း တွေးလိုက်မိသည်။

"ဘယ်လိုလဲ"





"နေပါစေတော့ ကိုကို၊ ပန်မမ နောက်ကား ဇာတ်ဝင်ခန်းမှာ စတိတ်ရှိုးအခန်းပါတယ်၊ ဒါကြောင့် ခုဒီမှာ ပန်မမ သီချင်း တစ်ပုဒ်နှစ်ပုဒ်လောက်ဆိုပြီး အတွေ့အကြုံယူလိုက်ဦးမယ်၊ ပြီးရင် ဒီကာမန်နေဂျာကိုပဲ ပြန်ပို့ဖို့ စီစဉ်ခိုင်းလိုက်ပါ့မယ်၊ ဒါပေမယ့် လက်ထပ်ဖို့ကိစ္စကို အချိန်ယူစဉ်းစားပါဦးလို့တော့ ပန်မမ ထပ်တောင်းပန်ပါရစေ"

"ကောင်းပြီ၊ ဒီလိုဆိုရင် ကိုယ်ပြန်တော့မယ်"

အောင်ခန့်က ပန်မမကို နောက်ဆုံးအနေဖြင့် တစ်ချက်မျှ စူးစူးစိုက်စိုက်ကြည့်ပြီး ချာခနဲ လှည့်ထွက်ခဲ့လေသည်။

ကောင်တာ၌ ငွေရှင်းပြီး အိမ်သို့ တိုက်ရိုက်ပင် ပြန်ခဲ့လေသည်။

အိမ်သို့ရောက်သောအခါ မေသန့်က အံ့အားသင့်သောမျက်နှာဖြင့် ဆီးကြိုကာ. . .

"စောလှချည်လား ခန့်"

"ခေါင်းထဲ ငြီးစီစီဖြစ်နေလို့ ပြန်လာတာ၊ အိပ်တော့မယ်"

သူ၏ပျက်ယွင်းနေသော မျက်နှာအနေအထားကို အစ်မဖြစ်သူ ရိပ်မိမှာစိုးသဖြင့် တောက်လျှောက်ပင် အိမ်ပေါ်ထပ်သို့ တက်လိုက်လေသည်။

မေသန့်အနေဖြင့် အောင်ခန့် မျက်နှာမကောင်းခြင်း၏ အရင်းအမြစ်ကို မသိနိုင်သေးသော်လည်း ညစာစားပွဲသွားတိုင်း ဤအချိန် ပြန်ရောက်နေကျမဟုတ်ဘဲ ယခုလိုအချိန်မတိုင်မီ ပြန်



www.burmeseclassic.com

ရောက်လာခြင်းကတော့ ကောင်းသောနိမိတ်လက္ခဏာတစ်ခု ဟု မေသန့် သဘောပေါက်ကာ ကျေနပ်မိလေသည်။







# အခန်း (၃၀)

ကန္တာရနှင်းဆီ ရုံမတင်မီ ပန်မမ၏ ဗီဒီယိုကား သုံးလေးကားထွက်လာသည်။ ဒါကို မေသန့် ငှားယူကြည့်ရှုပြီး. . .

"ပန်မမက မဆိုးပါဘူး၊ အနုပညာ အရည်အသွေး တော်တော်ပြောင်မြောက်တာပဲ၊ ဒီအတိုင်းဆိုရင် စူပါတန်း ဝင်သွားနိုင်တယ်"

ဟု ရုပ်ရှင်ဝါသနာ ကြမ်းပိုး ပရိသတ်တစ်ဦးအနေဖြင့် ဝေဖန်လိုက်လေသည်။



www.burmeseclassic.com

အောင်ခန့်က ဖန်သားပြင်ပေါ်မှ မျက်ရည်စက်လက်နှင့် အလွမ်းခန်းကို ဇာတ်သိမ်းသွားသော ပန်မမကို တစ်ချက်ကြည့်လိုက်ပြီး မျက်နှာလွှဲလိုက်လေသည်။

သူ့ရင်၌ နာကျင်နေဆဲဖြစ်သည်။

ပန်မမကိုလည်း မမြင်ချင်တော့ပါ။ ပန်မမဆိုသည့် အမည်ကို မကြားချင်လောက်အောင်ပင် ဖြစ်မိသည်။

မိမိ၏ နှလုံးသားကို မွမွကြေအောင် ခြေမွဖျက်ဆီးသွားသော မာယာများသည့် မိန်းမတစ်ဦးအနေဖြင့်သာ သူ နာကြည်းမုန်းတီးကာ မေ့မေ့ပျောက်ပျောက် ထားလိုက်သည်။

သို့သော် ဗီဒီယိုဇာတ်ကား ပြီးသွားပြီဖြစ်သဖြင့် အခွေကိုထုတ်လိုက်ပြီး မေသန့်က စီးပွားရေးစာစောင်တစ်ခုကို မျက်လုံးမျက်ဆန် မရွေ့ရှားဘဲ ကြည့်နေသော မောင်ဖြစ်သူအား. .

"ဩော်. . . ခန့်ကိုပြောဖို့ မေ့နေလိုက်တာ"

အောင်ခန့်က စာစောင်ကို စားပွဲပေါ် ပစ်တင်လိုက်ပြီး အစ်မအား လှမ်းကြည့်လိုက်သည်။

"မနက်ဖြန် လုပ်စရာအလုပ်နှစ်ခု တစ်ပြိုင်နက် တိုက်တိုက်ဆိုင်ဆိုင် ဖြစ်သွားတယ်"

အောင်ခန့်က အစ်မအား မျက်မှောင်ချီကာ ကြည့်လိုက်သည်။

"မနက်ဖြန်မနက် ကိုးနာရီမှာ ကုဋ္ဌေနန်းထိုက်တို့ နယ်လှည့် ဆေးကုသရေးအဖွဲ့ ပြန်ရောက်လာမယ်၊ အဲဒါ ဥပုသ်နေ့ဆိုတော့ သူ့မိဘများက ဘုန်းကြီးကျောင်းသွားကြတယ်၊ ဒရိုင်





ဘာပဲ သူ့ကိုကြိုဖို့ရှိတယ်၊ အဲဒါ မမ သွားကြိုမလားလို့"

"သွားလေ"

"သွားလို့ မပြီးသေးဘူး၊ နောက်တစ်ခုကလဲ စိတ်ဝင်စားစရာ ကောင်းနေတယ်"

"ဘာမို့လို့လဲ"

"မနေ့ကပဲ ဒါရိုက်တာ မိုးဟိန်းကျော်လာတယ်၊ ရှေ့မင်းရဲ့ ကန္တာရနှင်းဆီ ပရက်ရှိုးအတွက် ဖိတ်စာ"

အောင်ခန့်လက်ထဲသို့ မေသန့်က ဖိတ်စာတစ်စောင် ထည့်လိုက်လေသည်။

ထိုဖိတ်စာတွင် ပန်မမ၏ လှပသော နှုတ်ခမ်းနှစ်လွှာအပြုံးနှင့် နှင်းဆီတစ်ပွင့်၏ ငုံရာမှပွင့်အာစပြုသည့်ပုံနှင့် ယှဉ်တွဲကာ ဓာတ်ပုံပညာ အစွမ်းပြထားသည်။

"သူကလဲ မနက်ဖြန်ကိုးနာရီပဲ၊ မမကလဲ ငါ့မောင်ရဲ့ ကားကို ကြည့်ချင်တယ်လေ၊ မိုးဟိန်းကျော်ကလဲ ကားဘယ်လောက်ကောင်းတယ်၊ မင်းသမီး ဘယ်လောက်တော်တယ်၊ သူလဲ ဘယ်လိုကြိုးစားထားရတယ်ဆိုတဲ့အကြောင်း အကြာကြီးဆိုင်ပြီး အမွှမ်းတင်ပြသွားတော့ မမလဲ ကြည့်ချင်ကယ်"

အောင်ခန့်က ဖိတ်စာကို စားပွဲပေါ်ပစ်တင် လိုက်ပြီး. .

"ကောင်းပြီလေ. . . ဒီလိုဆိုရင် မမရယ်၊ ခင်သန္တာမိုးနဲ့ ဦးလေးမောင်နဲ့ ဒေါ်ညိုကိုပါခေါ်ပြီး သွားကြည့်လိုက်ကြပေါ့၊ ဒီကိစ္စတွေအားလုံး ခင်သန္တာမိုးကို ကျွန်တော် လွှဲပြီးသားပဲ၊ နောက်ပိုင်း ရုံတင်တာတို့ ဘာတို့လဲ သူနဲ့မိုးဟိန်းကျော်ပဲ ဆောင်



www.burmeseclassic.com

ရွက်သွားလိမ့်မယ်"

"ဒီလိုဆို မင်းက. . ."

"ကျွန်တော် ကုဠေ့ကို သွားကြိုလိုက်ပါ့မယ်"

မေသန့်၏ မျက်နှာသည် မှိုရသော မျက်နှာကဲ့သို့ ဝင်းပသွားလေတော့သည်။

"တကယ်လို့ လေယာဉ်က ကိုးနာရီဆိုက်ရင် မင်းတို့ ပရက်ရှိုးဆီ တန်းလာခဲ့လို့ မရဘူးလား"

"ကုဠေ့က ပင်ပန်းချင် ပင်ပန်းလာလိမ့်မယ်၊ သူဆန္ဒရှိရင်တော့ လိုက်ပို့ပေးပါ့မယ်"

မေသန့်က မိမိကားအတွက် အားတက်သရောမရှိသော ရုပ်ရှင်ပရိုဂျူဆာဖြစ်သူ အောင်ခန့်ကိုကြည့်ကာ စိတ်ထဲမှ ကျိတ်၍ အံ့ဩနေသည်။ သို့သော် ထိုကဲ့သို့ဖြစ်သွားရခြင်းကို မေသန့်က ကျေနပ်ကာ ကျိတ်၍ဝမ်းသာမိလေသည်။

"ဒီကားရုံတင်ရင် မင်း မြတ်မှာကျိန်းသေတယ်လို့ မိုးဟိန်းကျော်က ထင်ကြေးပေးနေတယ်"

"ကံပေါ့ မမရာ"

အောင်ခန့်က ခပ်ပေ့ါပေ့ါပင် ပြောလိုက်သည်။

အမှန်တကယ်လည်း ဤလုပ်ငန်းသည် မိမိလုပ်ငန်းနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။

"နောက်တစ်ကားလောက် ထပ်လုပ်ဦးမလားလို့တောင် မိုးဟိန်းကျော်က မေးနေသေးတယ်"

"တော်ပါပြီ မမရာ၊ ဒီလောကကံ တစ်မျိုး. . ."





အောင်ခန့်ရင်ထဲ နာကြည်းလာသဖြင့် အစ်မအားရှောင်ရှားရန် နေရာက ထလိုက်လေသည်။

"မမသွားဖို့ကို ခင်သန္တာမိုးနဲ့ ချိန်းလိုက်ပါ"

"အင်း. . . အင်း"

အောင်ခန့် အပေါ်ထပ်သို့ တက်ခဲ့လေသည်။


ရုပ်ရှင်ပရိုဂျူဆာလုပ်ငန်းကို ကန္တာရနှင်းဆီ တစ်ကားတည်းနှင့် သူ့အတွက်တော့ စခန်းရပ်သွားလေပြီ။

အခြား ထုတ်လုပ်သူတွေတော့ မည်ကဲ့သို့ရှိမည် မသိနိုင်။

သူ့အတွက်တော့ ဦးနှောက်နှင့် မရင်းနှီးလိုက်ရဘဲ နှလုံးသားနှင့်သာ ရင်းနှီးလိုက်ရကြောင်း မည်သူမှသိရှိနိုင်လိမ့်မည် မထင်ပါ။



www.burmeseclassic.com



# အခန်း (၃၁)

လေယာဥ်ပေါ်မှ ဆင်းလာသော ခရီးသည်များအနက် ကုဋ္ဌေနန်းထိုက်ကို သူအဝေးကပင် လှမ်းမြင်လိုက်ရသည်။

တစ်လဟု ဆိုသော်လည်း တစ်လခွဲမျှ ကြာသွားသော ကုဋ္ဌေနန်းထိုက်သည် အပြောင်းအလဲမရှိဘူးဟု သူထင်လိုက်သော်လည်း အနားရောက်သောအခါမှ ပြောင်းလဲမှုကို သတိပြုမိလိုက်သည်။

သူမ၏ ဝါညက်သော အသားအရေသည် အညိုရောင်





ဘက်သို့ အနည်းငယ် ပြောင်းသွားသည်။ ခန္ဓာကိုယ်လည်း အနည်းငယ် ပိန်သွားသည်။ သို့သော် သူမ၏ မျက်နှာပြင်ပေါ်မှ တက်ကြွလန်းဆန်းပြီး လောကအပေါ် ကျေနပ်နေသော မာန်မျက်နှာကတော့ မပြောင်းလဲချေ။

"မမကော ခန့်"

"ရှပ်ရှင်ပရက်ရှိုး သွားကြည့်တယ်"

"နင့်ကားလား"

"အင်း"

"ငါလဲ ကြည့်ချင်လိုက်တာ"

ကုဋ္ဌေနန်းထိုက်၏ စကားကြောင့် သူ အံ့အားသင့်သွားသည်။

သူမသည် မိမိ၏လုပ်ငန်းအပေါ်၌ စိတ်ဝင်စားမှုရှိပါလားဟု သူယခုမှ သိရှိလိုက်သည်။

"ကြည့်ချင်ရင်သွားလေ၊ နင် ပင်ပန်းမလားပဲ"

"ရပါတယ်၊ ဒီလောက်ကတော့ ငါ့အတွက် မိုင်နာ ဖြစ်သွားပြီ၊ ချင်းတောင်မှာ လားတောင် စီးခဲ့ရသေးတာ. . အဟင်းဟင်း"

"နင် ပျော်သလား"

"ပျော်တာပေါ့၊ ကိုယ်တတ်ထားတဲ့ပညာနဲ့ ပြည်သူတွေကို အလုပ်အကျွေးပြုရတာပဲ၊ မပျော်ဘဲ နေပါ့မလား"

"နင် အသားနည်းနည်းညိုသွားသလိုပဲ"

"အင်း. . . ရာသီဥတုကလဲ နည်းနည်းပြင်းထန်တယ်



www.burmeseclassic.com

မဟုတ်လား"

"ပိန်ကော ပိန်သွားသလိုပဲ"

"အစားအသောက် အနေအထိုင်ကတော့ နည်းနည်းဆင်းရဲတယ်လေ၊ ဒီမှာလိုတော့ ဘယ်ဟုတ်ပါ့မလဲ"

ကားပေါ်တက်လိုက်ကြသည်။ ကုရွှေနန်းထိုက် ပါလာသောပစ္စည်းများကို ကားပေါ်တင်လိုက်ကြသည်။ သစ်ခွများနှင့် ချင်းတောင်ပန်းသီးတစ်တောင်း ဖြစ်သည်။

"နင်ဝယ်လာတာလား"

"ဝယ်စရာမလိုပါဘူး၊ ပြည်သူတွေပေးလိုက်တဲ့ မေတ္တာလက်ဆောင်တွေပေါ့"

"သြော်"

အောင်ခန့်ကားမောင်းလိုက်သည်။ ကုရွှေနန်းထိုက်သည်လည်း ထူးဆန်းသော မိန်းမတစ်ယောက်ဖြစ်သည်။

ပန်မမကဲ့သို့ပင် သူ၏ဝါသနာနှင့် လုပ်ငန်းအတွက် ဂုဏ်ယူကာ မြတ်နိုးတတ်သော မိန်းမတစ်ယောက်ဆိုပါက. . .

အောင်ခန့် သက်ပြင်းချလိုက်သည်။

"ငါ ဘယ်ကိုပို့ပေးရမလဲ"

"ဟော. . . နင်ကလဲ ငါကန္တာရနှင်းဆီ ကြည့်ချင်တယ်လေ"

"နင် အစပိုင်း ဘယ်မီတော့မလဲ"

"ကိစ္စမရှိဘူး၊ ဘယ်အပိုင်းမီမီ ကြည့်ရရင် ကျေနပ်တယ်"





အောင်ခန့် ကုရွှေနန်းထိုက်၏ အလိုဆန္ဒကို ဖြည့်စွမ်းလိုက်သည်။

ရှစ်မိုင်ရှိ မိုးဟိန်းကျော်ရိုက်ကူးနေကျ စတူဒီယိုရှိရာသို့ ကားကို ချိုးဝင်လိုက်သည်။ ပြင်ပ၌ ကားတော်တော်များများရပ်ထားသည်။

သူ့အားသိနေသော အလုပ်သမားတစ်ယောက်က လာကြိုလေသည်။

"ရှေ့ကို ကြွပါခင်ဗျာ"

"နေပါစေ နောက်မှာပဲထိုင်မယ်"

ပိတ်ကားပေါ်မှ ပန်မမကို သူမကြည့်ရဲ။ သူ၏ နှလုံးခုန်သံသည် မြန်ဆန်လာသည်။

နောက်၌ လွတ်နေသော ခုံတွင်သာ သူတို့နှစ်ဦးဝင်ထိုင်လိုက်ကြသည်။

တဒင်္ဂအတွင်း ကန္တာရနှင်းဆီ၏ ဆွဲဆောင်မှုဝယ် သူတို့နှစ်ဦး မျောပါသွားလေသည်။

ရုပ်ရှင်ပြီးသွားချိန်၌ မီးများလင်းလာပြီး တံခါးပေါက်များလည်း ဖွင့်လိုက်သောအခါ ရှေ့ဆုံးနေရာမှလူများ အုန်းအုန်းကျွက်ကျွက်ဖြစ်သွားကြသည်။

ပန်မမကို ချီးကျူးစကား ပြောကြားခြင်းဖြင့် ဂုဏ်ပြုနေကြခြင်းသား ဖြစ်မည်။

"လာ. . ကုရွှေ ပြန်ကြစို့"

သူ့အား မည်သူမှသတိမပြုမိစဉ် သူသည် ကုရွှေနန်း



www.burmeseclassic.com

ထိုက်အားခေါ်ကာ သုတ်ခြေတင်ခဲ့လေသည်။

ပန်မမနှင့် အနီးကပ်အနေအထားမှာ ရှိနေသော ပရိဂျူ ဆာ၏အစ်မနှင့် အတွင်းရေးမှူးမလေးဖြစ်သူ ခင်သန္တာမိုးမှာ မျက်ရည်သုတ်ပြီး သူမ၏လက်ကို အားပါးတရဆွဲကိုင် လှုပ်ယမ်းကာ နှုတ်ဆက်လိုက်ခြင်းကို ပန်မမ ဝမ်းသာဝမ်းနည်းဖြင့် လက်ခံလိုက်ရလေသည်။

"မင်း သိပ်တော်တာပဲ ပန်မမ၊ ဝါရင့်မင်းသမီး တစ်ယောက်လို သရုပ်ဆောင်သွားနိုင်တယ်"

မေသန့်က စိတ်ထဲရှိသည့်အတိုင်း မကွယ်မဝှက်ချီးကျူးလိုက်သည်။

ပန်မမ မျက်ရည်များ ရစ်ဝဲလာသည်။

နှလုံးသားတို့သည် ဆတ်ဆတ်ခါ နာကျင်လျက်. . .

"ကျေးဇူးတင်ပါတယ် အစ်မကြီးရယ်၊ ဒီကားဖြစ်မြောက်အောင် ထုတ်လုပ်ပေးတဲ့ ဆရာဦးအောင်ခန့်ကိုလဲ ပန်မမအထူးကျေးဇူးတင်ကြောင်းနဲ့ ဒီနေရာက ဂါရဝပြုလိုက်ကြောင်း ပြောပေးပါနော်"

လက်အုပ်ကလေး ရင်မှာယှက်ပြီး ပြောကြားလိုက်ပုံကို မေသန့် ကရုဏာသက်သွားသည်။

နူးညံ့သိမ်မွေ့လွန်းသော မိန်းမသားများ၏ နှလုံးသား၏ ခံစားချက်ကို မေသန့် စာနာမိပါသည်။

ထိုစဉ် ပန်မမအား ဝိုင်းအုံကာ ချီးကျူးကြသောလူများကို လက်ဆွဲနှုတ်ဆက်ရင်း ပန်မမ၏ မျက်လုံးသည် နောက်ဆုံး





တန်းမှနေ၍ လှစ်ခနဲ ထပြန်သွားသော ထုတ်လုပ်သူ ဦးအောင်ခန့်နှင့် ကြွေ့ြသိက္ခာနှင့် ပြည့်စုံပြီး ကျက်သရေရှိသော အမျိုးသမီးထံသို့ ရောက်ရှိသွားလေသည်။

ပန်မမ၏ရင်ထဲ စူးနစ်နာကျင်သွားလေသည်။

ပန်မမမျက်လုံး ရောက်ရှိသွားရာသို့ မေသန့်ကပါ လိုက်ကြည့်လိုက်သည်။

သူမောင်၏ နောက်ကျောကိုလှမ်းမြင်လိုက်ရသောအခါ ပန်မမထံမှ ပြောင်းလဲသွားသည့် မျက်နှာရိပ်မျက်နှာကဲနှင့် အတူ ကြေကွဲပွင့် မျက်ရည်စက်တို့ကို သဘောပေါက်မိကာ စာနာနားလည်လိုက်လေသည်။

ထို့အတူ မိုးဟိန်းကျော်ကလည် ဦးအောင်ခန့်ရောက်လာပြီး မိမိတို့အား နှုတ်မဆက်ဘဲ ပြန်သွားသည်ကို လှမ်းတွေ့မြင်လိုက်ပြီး ပန်မမကို လှမ်းကြည့်လိုက်သောအခါ. . .

ပန်မမ၏မျက်နှာမှာ ဝမ်းသာဝမ်းနည်းသဏ္ဌာန်ပျောက်ကွယ်သွားပြီး မချိတင်ကဲ ဝေဒနာရပ်ဖြင့် ချီးကျူးကြသူ ပရိသတ်များကို တုံ့ပြန်မှုပေးနေရှာသည်ကို တွေ့လိုက်ရသောအခါ ပန်မမကို သူနှစ်သိမ့်မှုတစ်ခု ပေးလိုက်ချင်သည်။

"ပန်မမ. . . ဒါဟာလဲ ညည်းကို အနုပညာရှင်တစ်ယောက်အဖြစ် အသိအမှတ်ပြုလိုက်တဲ့ အောင်မြင်မှုတစ်ခုပါ၊ ညည်းရှေ့လျှောက် ကြုံတွေ့ရဦးမှာပဲ၊ အနုပညာလမ်းဆိုတာ ပန်းခင်းလမ်းမှ မဟုတ်ဘဲ၊ ချွေးစက်အဖြစ် နှလုံးသားနဲ့ရင်းပြီး အလုပ်လုပ်ရတယ်ဆိုတာ အနုပညာရှင်အချင်းချင်းမှ နားလည်



www.burmeseclassic.com

စာနာတတ်ပါတယ်၊ ဝမ်းမနည်းပါနဲ့ ပန်မမ၊ ညည်း အနုပညာရှင်ကောင်းတစ်ယောက် ဖြစ်သွားပါပြီ၊ ဒီအတွက် ဂုဏ်ယူလိုက်စမ်းပါ”

ဟုစိတ်တွင်း စာစီ၍ အားပေးလိုက်သည်။

နှစ်ဦးသား အေးအေးဆေးဆေး ကြုံကြိုက်မှ ထိုစကားများကို နှုတ်မှဖွင့်ဟလိုက်တော့မည်ဟု . . .







# အခန်း (၃၂)

“အောင်ခန့်”

ကုဋ္ဌေနန်းထိုက်ခေါ်သည်ကို အောင်ခန့် မကြားချေ။ သူ့စိတ်နှင့် ခန္ဓာသည် လမိုင်းမကပ်ဘဲ ရှိနေလေရာ. . .

“အောင်ခန့်”

“. . . . . . . . .”

“အောင်ခန့်”

သုံးခွန်းလောက်ခေါ်တော့မှ . . .



www.burmeseclassic.com

"ဘာလဲဟ"

"နင် ကားမောင်းနေတာနော်၊ ဂျက်မောင်းနေတာ မဟုတ်ဘူးဆိုတာလဲ သတိထားဦးမှာပေါ့"

သူကားအရှိန်မြန်ခြင်းကို သတိပြုမိကာ ကားအရှိန် လျှော့လိုက်လေသည်။

ကုဋ္ဌေနန်းထိုက်သည် သက်ပြင်းတစ်ချက် ချလိုက်ပြီး

"နင် စိတ်သိပ်လှုပ်ရှားနေရင်လဲ မမောင်းနဲ့တော့၊ ငါပဲ မောင်းသွားမယ်"

"ရပါတယ်၊ ငါဘာမှ မဖြစ်ပါဘူး"

အောင်ခန့်က အေးဆေးစွာပင် ပြောလိုက်သည်။

"ဒါဖြင့် ငါစကားနည်းနည်း ပြောချင်တယ်"

"ဘာလဲ ပြောလေ"

"နင့်ကားရုံတင်ရင် အောင်မြင်မယ်လို့ ငါအတပ်ပြောရဲတယ်၊ နင်ဘယ်လောက်ကုန်သွားသလဲ"

"မသိဘူး"

"ဟင်"

"ဟုတ်တယ်၊ ခင်သန္တာမိုးကို ငါဒီကိစ္စ လွှဲထားတယ်"

"ဘာပဲဖြစ်ဖြစ် နင်မရှုံးဘူးလို့ ငါအတပ်ပြောရဲပါတယ်"

"ဘာဖြစ်လို့လဲ"

"ဇာတ်လမ်းကလဲ တကယ့်ကို ဂန္ထဝင်ဇာတ်လမ်းမျိုး ရိုက်ကွင်းရိုက်ကွက်ကလဲ ကောင်းတယ်၊ အခမ်းအနား အပြင်ဆင်လဲ ပြောစရာမရှိဘူး၊ တေးဂီတကလဲ ဆွဲဆောင်မှု ပြိုမ်





ညောင်းမှုရှိတယ်"

အောင်ခန့်က ကားကို လမ်းဘေးသို့ ထိုးကာ ရပ်လိုက်ရာ. . .

"ဟင်. . . ဘာဖြစ်လို့လဲ"

"နင့်ကို အံ့သြလို့လေ၊ နင့်မျက်နှာကို ငါကြည့်ချင်လို့"

"အို. . ."

ပြောပြောဆိုဆို အောင်ခန့်က ကုဋ္ဌေနန်းထိုက်ကို ခပ်စူးစူးပင် ကြည့်လိုက်ရာ အပျိုကြီး ကုဋ္ဌေနန်းထိုက်မှာ ရှက်ကိုး ရှက်ကန်းဖြင့် ရုတ်တရက် အိုခနဲ အာမေဍိတ်ထွက်သွားသော်လည်း ချက်ချင်းပင် ကြွေပြန်ဆည်ကာ. . .

"ငါ ဘာဖြစ်နေလို့လဲ"

"ဩော်. . . နင်ဟာ ဆရာဝန် ကုဋ္ဌေနန်းထိုက်မှ ဟုတ်ခဲ့လား၊ ရုပ်ရှင်ဗီဒီယို ဝေဖန်ရေး ဆောင်းပါးရှင်တစ်ဦးများလားလို့"

"ဒါကတော့ ငါ့ရဲ့ အပန်းဖြေမှုက အနုပညာပဲလေ၊ အနုပညာကို ခံစားနားလည်တတ်တာ မဆန်းပါဘူး"

"ကိုင်း. . . ဆက်ပါဦး၊ နင့်ရဲ့ဝေဖန်မှု"

"ဒါရိုက်တာကလဲ တော်တယ်၊ မင်းသားကလဲ ပြည်သူချစ်မင်းသားဖြစ်ရုံမကဘူး သူ့နေရာနဲ့သူ အမှုအရာနဲ့ အံဝင်ခွင်ကျ ရှိတယ်၊ ဒါတင်မကဘူး. . . ဇာတ်ပို့တွေအားလုံးက အပိုအလိုမရှိ သရုပ်ဆောင်နိုင်တယ်၊ အထူးခြားဆုံးက မင်းသမီးပဲ"

အောင်ခန့် ကားကို ပြန်လည်စက်နှိုးကာ မောင်းထွက်



www.burmeseclassic.com

လိုက်သည်။

"သရုပ်ဆောင်သစ်လို့ မထင်ရအောင်ကို တော်တယ်၊ ဝါရင့်မင်းသမီးတစ်ယောက်လိုပဲ၊ နင်ပြန်တာ စောသွားလို့၊ မစောရင် ငါ ပန်မမဆီကိုပြေးပြီး ကွန်ဂရက်ကျူးလေးရှင်း သွားလုပ်လိုက်မလို့"

အောင်ခန့် နှုတ်ဆိတ်နေလိုက်သည်။

သို့တိုင်အောင် ကုမ္မေနန်းထိုက်က မတိတ်သေးဘဲ. . .

"နင် ဘာဖြစ်လို့ နင့်မင်းသမီးကို သွားရောက်ဂုဏ်မပြုသလဲဆိုတာ ငါစဉ်းစားလို့မရဘူး"

"စဉ်းစားလို့ မရရင်လဲ မစဉ်းစားနဲ့တော့၊ ဦးနှောက်စားတယ်၊ တော်ကြာ ဆံပင်ဖြူလာလိမ့်မယ်"

"ငါမဖြူဘူး၊ နင်သာ အရင်ဖြူမှာ"

"ဘာဖြစ်လို့လဲ"

"ငါက သောကကို ခေါင်းထဲမထားတတ်လို့လေ"

"တော်စမ်းပါ။ ငါကကော ထားနေလို့လား"

"ဒါကတော့ နင့်ကိုယ်နင် အသိဆုံးနေမှာပါ"

ပြောပြောဆိုဆို ကုမ္မေနန်းထိုက်၏ အိမ်သို့ရောက်လာရာ၊. . .

"နင် အိမ်ကိုပြန်ဦးမှာလား"

"မပြန်ဘူး"

"ဒါဖြင့်ရင် ညနေမှာပဲ ငါ သစ်ခွပင်တွေနဲ့ ပန်းသီး လာပို့ရင်း ညစာ အဲဒီမှာပဲ စားမယ်၊ နေပါစေလေ၊ ငါပဲမမဆီကို





ဖုန်းဆက်ပြောလိုက်ပါ့မယ်"


"အင်း . . . ဒါပဲလား"

ပစ္စည်းများကို အိမ်ဖော်များက ကားပေါ်မှ ယူလိုက်ပြီးသည်နှင့် သူထွက်ခဲ့သည်။

ကုမ္မေနန်းထိုက်က သူ၏ကားကို မျက်စိတစ်ဆုံး ရပ်ကြည့်ပြီး ကျန်ရစ်ခဲ့လေသည်။



www.burmeseclassic.com



# အခန်း (၃၃)

တစ်လခန့်အကြာ. . .

"အစ်ကိုကြီး. . . မန္တလေးကရော မော်လမြိုင်ကရော ဖုန်းဝင်တယ်၊ ကန္တာရနှင်းဆီဟာ ပွဲစဉ်တိုင်း ရုံပြည့်တယ်တဲ့"

ခင်သန္တာမိုးက ရုံးခန်းသို့ သူရောက်ရောက်ချင်း ဝမ်းသာအားရ သတင်းပေးပို့လိုက်သည်။

ဒါကို အောင်ခန့်က မတုန်မလှုပ်ဖြင့်. . .

"ဟုတ်လား၊ ကောင်းတာပေါ့၊ မရှုံးဘူးပေါ့"





"မရှုံးရုံတင်မကဘူး အစ်ကိုကြီးရေ၊ နယ်ပွဲနဲ့တင် အရင်းကြေသွားမှာ၊ ရန်ကုန်ပွဲစဉ်က အမြတ်ပဲ"

"မြတ်ရင် ညည်းကို လက်ဆောင်ကောင်းကောင်း ဘောက်ဆူးချပေးမယ်"

"ကျေးဇူးတင်ပါတယ် အစ်ကိုကြီး၊ ဒါတင်မကဘူး. . . ပန်မမဟာ ထိပ်တန်းမင်းသမီး စူပါမင်းသမီး ဖြစ်သွားပြီလေ၊ ပရိသတ်က အကယ်ဒမီတောင် တစ်ပေးနေကြပြီ"

"ဩော်"

အောင်ခန့်၏ နှလုံးသားသည် ပန်မမနှင့် ပတ်သက်၍ အေးစက်သွားလေပြီ။ ထူးကဲသော ခံစားမှုဖြင့် ဝမ်းသာအားရ မရှိပေ။ သို့သော် စီးပွားရေးသမားပီပီ. . .

"ဘယ်လောက်အထိ မြတ်နိုင်သလဲ၊ ခု ဘယ်လောက် ကုန်သွားပြီလဲ"

ခင်သန္တာမိုးက ကန္တာရနှင်းဆီ နာမည်တပ်ထားသော ဖိုင်တွဲကို ထုတ်ယူကာ. . .

အောင်ခန့်က နားမလည်သော ကုန်ကျစရိတ်များကို အနည်းငယ် လှန်လှောကြည့်လိုက်ပြီး ခင်သန္တာမိုးကို ချီးကျူးလိုက်သည်။

"ညည်းကတော့ စနစ်တကျ သေသေသပ်သပ်ပဲ၊ ဒီနှစ် စာရင်းချုပ်ရင် ညည်းအတွက် လစာတိုးပေးဖို့ အများဆုံးဖြတ် ချက်ယူပြီး စီစဉ်ပေးမယ်"

ခင်သန္တာမိုး မျက်နှာဝင်းပသွားသည်။



www.burmeseclassic.com

"ကျေးဇူးတင်ပါတယ် အစ်ကိုကြီး"

"ရပါတယ်ကွာ. . . ဒါထက် ပြောပါဦး၊ ကန္တာရနှင်းဆီဟာ ဘယ်လောက်အထိ မြတ်နိုင်သလဲ"

"အနည်းဆုံး သိန်းတစ်ထောင်အထက် မြတ်နိုင်ပါတယ်၊ ဒါတောင် ပွဲစဉ်က တစ်ရုံတစ်ပတ်နှုန်းပဲ တွက်ထားတာနော် အစ်ကိုကြီး"

"ဟင်. . . တကယ်လား ခင်သန္တာ"

အောင်ခန့်၏ မျက်နှာမှာ ဝမ်းသာအားရ ကျေနပ်သော အမူအရာများ ဖြစ်ပေါ်လာသည်။

"တကယ်ပါ အစ်ကိုကြီး၊ ရန်ကုန်ရုံတင်ရက် ရှေ့နှစ်ပတ်ဆိုရင် ရပါပြီ၊ အဲဒီအခါ အစ်ကိုကြီးကိုယ်တိုင် လိုက်ပြီးလေ့လာကြည့်ပါ"

တစ်နှစ်ခွဲကျော်ကျော်မျှ ရင်းနှီးလိုက်ရသောငွေမှာ နှစ်ဆမကမြတ်သည်ဆိုတော့ သည်လုပ်ငန်းကလည်း မဆိုးပါလားဟု တွေးကာ စိတ်ဝင်စားသွားလေသည်။

သို့သော် ပန်မမကို သတိရလိုက်သောအခါ. . .

"တော်ပါပြီကွာ၊ ဘယ်လောက်ပဲမြတ်မြတ် ဒီတစ်ကားနဲ့တင် တော်ပါပြီ"

"ဘာဖြစ်လို့လဲ အစ်ကိုကြီး"

ခင်သန္တာမိုးက အမြတ်အစွန်းများများရအောင် အ... လုပ်ဆောင်တတ်သော ဦးအောင်ခန့်သည် ဘာဖြစ်၍များ ဤ... အမြတ်များများရလိုက်သောအလုပ်ကို မလုပ်ချင်ရသလဲ...






စိတ်ဝင်စားကာ မေးခွန်းထုတ်လိုက်ခြင်းဖြစ်သည်။

ထိုအခါ အောင်ခန့်က သူ၏လက်သုံးစကားကိုသာ ဖြေကြားလိုက်လေသည်။

"သူတို့လောကက တစ်မျိုးပါပဲဟာ" ဟု. . .



www.burmeseclassic.com



# အခန်း (၃၄)

ရန်ကုန်မြို့တော်သို့ ကန္တာရနှင်းဆီ ရောက်ရှိလာလေပြီ။ နံနက်ပွဲ၊ နေ့ခင်းပွဲများ ရုံပြည့်ပြီဟူသော ဆိုင်းဘုတ်တပ်လိုက်ရသကဲ့သို့ ကြိုတင်လက်မှတ်လည်း လေးရက်စာ ကုန်သွားလေပြီဟူသော သတင်းကောင်းကို ခင်သန္တာမိုးမှတစ်ဆင့်ရရှိသောအခါ အောင်ခန့် မနေနိုင်တော့ဘဲ ရုပ်ရှင်ရုံသို့ ညပွဲစဉ်ပြသစဉ် ရောက်ရှိခဲ့လေသည်။

ရုပ်ရှင်ရုံမန်နေဂျာနှင့် တွေ့ဆုံလိုက်သောအခါ ကြားသိ





ရသောသတင်း အမှန်ဖြစ်နေသည်ကို ကျေနပ်စွာ သိရှိလိုက်ရလေသည်။ ရုံထဲသို့ ခဏတစ်ဖြုတ်ဝင်ကြည့်လိုက်သောအခါ ပိတ်ကားပေါ်မှ ပန်မမ၏ ချစ်သူအပေါ် အသွေးယူယူ အသားယူယူ ဘဝတစ်ခုလုံးပုံ၍ ချစ်တတ်သော အမူအရာကို တွေ့မြင်လိုက်ရသောအခါ သူ့နှလုံးသားသည် ဆတ်ဆတ်ခါ နာကျင်လာသဖြင့် ရုံထဲမှ ထွက်ခဲ့လေသည်။ ထိုအခါ သူလုံးဝမျှော်လင့်မထားသော သူတစ်ယောက် နှင့် ပြန်လည်ဆုံစည်းမိလေသည်။

"ဟာ. . . ဦးအောင်ခန့်"

အောင်ခန့်က ပြုံးကာ. . .

"ခင်ဗျား လာကြည့်တာလား"

"ဟုတ်တယ်၊ ပရိသတ်ရဲ့ ဝေဖန်သံကိုလာပြီး နားစွင့်တာ၊ ဒါထက် ခင်ဗျားကလဲဗျာ ပျောက်ချက်သားကောင်းနေလိုက်တာ၊ စိတ်ချလက်ချကို မျက်နှာလွှဲထားတော့တာပဲ"

"ခင်သန္တာမိုးက အားကိုးရတယ်လေ"

"ဟုတ်ပါ့ဗျာ တကယ်တော်တဲ့ အမျိုးသမီးပဲ၊ တကယ့်ကိုအတွင်းရေးမှူးကောင်းတစ်ယောက်ရဲ့ အရည်အချင်းနဲ့ ပြည့်ဝပါပေတယ်၊ ဒါအပြင် ခင်ဗျားရဲ့ ကံကလဲပါတယ်၊ ခင်ဗျားဟာ ဘာလုပ်လုပ် အောင်မြင်မယ့်ဇာတာ၊ ယုံကြည်စိတ်ချစွာ မျက်နှာလွှဲရမယ့်သူတွေကလဲ အဆင်သင့်ရှိနေတတ်တဲ့ ရေကန်အသင့် ကြာအသင့် ဇာတာမျိုးထင်ပါရဲ့ဗျာ"

"ထင်လို့ပါဗျာ"

"နောက်တစ်ကားရိုက်ဖို့များ စိတ်ကူးမရှိတော့ဘူးလား



www.burmeseclassic.com

ဦးအောင်ခန့်”

“တော်ပါပြီဗျာ”

“ဘာဖြစ်လို့လဲ၊ ခင်ဗျား နှစ်ဆမကမြတ်လိုက်တယ် မဟုတ်လား”

“ခင်ဗျားတို့ လောကက တစ်မျိုးပဲဗျာ၊ ကျွန်တော်နဲ့ မကိုက်ပါဘူး”

“ဘာပဲဖြစ်ဖြစ် ခင်ဗျားဟာ ကျွန်တော့်ကျေးဇူးရှင်ပါ၊ ခင်ဗျားကြောင့် ဒီကားရိုက်ဖြစ်တယ်၊ ဒီကားကြောင့် ဒါရိုက်တာ မိုးဟိန်းကျော် ဒါရိုက်တာခ မြင့်တက်သွားရုံမကဘူး ထုတ်လုပ်သူတွေလိုက်ခြင်းကို ခံနေရပြီ၊ ဒါကြောင့် ခင်ဗျားကို ကျေးဇူးဆပ်တဲ့အနေနဲ့ ဂန္ထဝင်ကားတစ်ကား ရှိနေတယ်၊ လာဗျာ ကြုံကြိုက်တုန်း ကျွန်တော်ပြုစုရင်းနဲ့ စကားပြောကြတာပေါ့”

“ကျေးဇူးတင်ပါတယ်ဗျာ၊ ဒါပေမယ့် အချိန်မရလို့ပါ”

မိုးဟိန်းကျော်က အောင်ခန့်၏ ခပ်အေးအေးအမူအရာကြောင့် ထပ်မခေါ်တော့ဘဲ. . .

“အေးဗျာ ခင်ဗျား အချိန်မရဘူးဆိုတော့လဲ ဘယ်တတ်နိုင်မလဲ၊ အဲ. . . ခင်ဗျားတင်တဲ့ မင်းသမီးလဲ စူပါမင်းသမီးဖြစ်သွားပြီလေ၊ ဒါကြောင့် သူ့နောက်ကို ကျွန်တော်တို့ပြန်လိုက်နေရပြီ၊ ခုလဲ သူ့ကို သွားဖမ်းဖို့ရှိတယ်၊ စီးပွားရေးကြော်ငြာရှင်တွေကလဲ သူ့ကို မျက်စိကျကုန်ကြပြီလေဗျာ”

မိုးဟိန်းကျော်က အာပေါင်အာရင်းသန်သန်နှင့် ရွှန်းရွှန်းဝေနေသလောက် အောင်ခန့်မှာ အေးတိအေးစက်ဖြင့် စိတ်





မဝင်စားသော အမူအရာရှိနေသည်။

ဒါကိုရိပ်မိလိုက်သော မိုးဟိန်းကျော်က. . .

“ကျွန်တော့်ကို ခွင့်ပြုဦး ဦးအောင်ခန့်၊ ကျွန်တော် မင်းသမီးနောက် လိုက်လိုက်ဦးမယ်”

“အေးဗျာ ခင်ဗျားတို့လောကက ကတစ်မျိုးပါပဲ၊ ကျွန်တော်နဲ့ မကိုက်ပါဘူး၊ ကျွန်တော့်ဘာသာ သက်မဲ့အဆောက်အအုံတွေနဲ့ ကုန်ပစ္စည်းတွေနဲ့ပဲ ကိုက်ပါတယ်”

ဟုအောင်ခန့်က ရင်တွင်းထိခိုက်ရှနာခဲ့သော ဝေဒနာပေါ် အရင်းတည်ကာ ပြောကြားလိုက်သည်။

မိုးဟိန်းကျော်က ပြုံးကာ. . .

“အေးဗျာ သက်မဲ့နဲ့သက်ရှိ အလုပ်လုပ်ရတာချင်းတော့ ဘယ်တူညီနိုင်ပါ့မလဲ၊ သက်ရှိက တုံ့ပြန်မှုသဘောရှိတတ်တာကိုးဗျာ၊ ကျွန်တော့်ကို ခွင့်ပြုပါဦး၊ နောက်ကြုံတော့ပြုစုပါရစေဦးနော်”

မိုးဟိန်းကျော်က ပြောပြောဆိုဆို ဗင်အဖြူ ကားလေးရှိရာသို့ လျှောက်သွားပြီး ကားကို ကိုယ်တိုင်မောင်း ထွက်သွားလေသည်။ ဪ. . . ကန္တာရနှင်းဆီက လူအတော်များများကို ပြောင်းလဲမှုပေးလိုက်နိုင်ပါလားဟု အောင်ခန့်က တွေးတော ပြီး ရုပ်ရှင်ပိုစတာများကို ရင်နာစွာဖြင့် ငေးကြည့်ပြီး ကျန်ရစ်ခဲ့လေသည်။



www.burmeseclassic.com








# အခန်း (၃၅)

ကန္တာရနှင်းဆီ ရုပ်ရှင်ကားသည် ရန်ကုန်မြို့ပေါ်ရှိ ရုံများတွင် လှည့်ပတ်၍ နေရာယူထားရာ တော်ရုံနှင့်ရုံပေါ်မှ ဆင်း၍ မရအောင်ပင် ပရိသတ်များက အားပေးလျက်ရှိသည်။

နယ်ပွဲများ ပွဲတိုင်းရုံလျှံသည်။

ရန်ကုန်ပွဲလည်း ထို့နည်းတူ။

အောင်ခန့်၏ ရုပ်ရှင်ထုတ်လုပ်ရေးသည် ပွဲဦးထွက်တစ်ကားတည်းဖြင့် ပေါက်သွားသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

သို့သော် တစ်ကားတည်းနှင့်ပင် ရပ်သွားလေတော့သည်။

ပန်မမသည် ပရိသတ်များပါးစပ်ဖျားမှ သိပ်တော်တာပဲ တကယ့် ဝါရင့်မင်းသမီး ကျနေတာပဲဟူသော အားပေးမှုကြောင့် ထိပ်တန်း စူပါမင်းသမီး ဖြစ်သွားလေပြီ။

ထို့အတူ မိုးဟိန်းကျော်သည်လည်း ထိပ်တန်းစူပါဒါရိုက်တာအဖြစ်သို့ ရောက်ရှိသွားလေပြီ။

ကန္တာရနှင်းဆီ၏ အောင်မြင်မှုကို ငွေအားဖြင့် ဖန်တီးသောသူ။

အနုပညာစွမ်းအားဖြင့် ဖန်တီးသောဒါရိုက်တာမိုးဟိန်းကျော်၊ သရုပ်ဆောင်မင်းသမီး ပန်မမ အားလုံးအောင်မြင်မှုသရဖူဆောင်းနိုင်ခဲ့သည်ဟု ပရိသတ်များက ထင်ကြပေမည်။

ဒါကို အောင်ခန့် စဉ်းစားလိုက်သည်။

ပန်မမကို သူလက်လွှတ်လိုက်ရသော ဆုံးရှုံးမှုကို ဘယ်သူမှသိနိုင်ကြလိမ့်မည် မဟုတ်ပါ။

အမှန်တော့ သံမဏိအသည်းပိုင်ရှင်ဟု ရောင်ခြည်ဦးကူမွဏီလီမိတက်မှ ဝန်ထမ်းများ တင်စားထားသကဲ့သို့ သူ၏အသည်းသည် သံမဏိကဲ့သို့ပဲ မာလေသလား။

ပန်မမကို သူလက်လွှတ်ဆုံးရှုံးရသည်။

သည်အတွက် သူ့အသည်းမှာ အနာတရတော့ ဖြစ်ခဲ့သည်။ သို့သော် ကုစားနိုင်သည်။

ပန်မမကို ဘယ်သူပိုင်သွားသနည်း။





ဒါကို အောင်ခန့်သည် အတွေ့အကြုံနှင့် လက်ရှိဖြစ်ပေါ်လာသော အနေအထားကို သုံးသပ်ကြည့်မိသောအခါ. . .

ပန်မမကို ပိုင်သွားသူမှာ ပရိသတ်ပြည်သူလူထုသာ ဖြစ်လေသည်။

အနုပညာရှင်သည် ပုဂ္ဂလိကပိုင်သော ပစ္စည်းသာ ဖြစ်သည်။

သူတို့၏ဘဝကို ပြည်သူကသာ ပိုင်စိုးသည်။

သူတို့၏ အနာဂတ်ကို ပြည်သူများကသာ အဆုံးအဖြတ်ပေးလိမ့်မည်ဟု. . .

အောင်ခန့် သက်ပြင်းချလိုက်ပြီး သူ့ကိုယ်သူ ဖြေသိမ့်လိုက်သည်။

ပန်မမ မိမိဆန္ဒကို မလိုက်လျောခြင်းအတွက် စိတ်ဆိုးစရာမဟုတ်ပေ။

အနုပညာရှင် ပန်မမကို ပြည်သူလူထုက ပိုင်သွားခြင်းအတွက် ဝမ်းသာကျေနပ်သင့်ပါသည်။

ပြည်သူလူထု၏ အလိုဆန္ဒကို သူမတတ်ကျွမ်းသော အနုပညာဖြင့် သူမဖြည့်ဆည်းပေးပစေတော့၊ လွတ်လွတ်လပ်လပ် ဖြည့်ဆည်းပေးပါစေ။

အောင်ခန့် ပန်မမအား နားလည်လိုက်လေပြီ။



www.burmeseclassic.com



# အခန်း (၃၆)

ပန်မမသည် ကန္တာရနှင်းဆီ ရုံတင်ပြီးကတည်းက အောင်ခန့်ထံမှ တုံ့ပြန်မှုတစ်ခုခု ရရှိလိမ့်မည်ဟု တိတ်တခိုး မျှော်လင့်ခဲ့မိသည်။

အမှန်တကယ်လည်း ပန်မမသည် အောင်ခန့်ကို နှစ်နှစ်ကာကာပင် လေးစားမြတ်နိုး အားကိုးကာ ချစ်ခဲ့မိခြင်း ဖြစ်ပါသည်။

အောင်ခန့်ကိုသာ လက်ထပ်လိုက်လျှင် မီးရောင်စုံ





အောက်ကင်မရာအောက်၌ ချွေးတလုံးလုံးဖြင့် ပင်ပန်းခြင်းတို့နှင့် ကင်းဝေးကာ သူဌေးကတော်တစ်ယောက်အဖြစ် စည်းစိမ်ရှိရှိ လိုတရသောဘဝမျိုး နေနိုင်မည်ကိုလည်း သိရှိပါသည်။

သို့သော် အနုပညာဗီဇဝါသနာပိုးသည် သူမ၏နှလုံးသားကို ဝါးမျိုအနိုင်ယူသွားလေပြီ။


သူ့အနုပညာကြောင့် ရရှိလာသော ပြည်သူပေးသော အောင်မြင်မှု သရဖူအတွက် ရရှိသော ပီတိကတော့ နှလုံးသားဒဏ်ရာကို ကုစားနိုင်လိမ့်မည်ဟု သူမယုံကြည်ပါသည်။

ထို့ကြောင့် အောင်ခန့်ထံသို့ သူမအနေဖြင့် ဖုန်းဆက်စရာ မလိုတော့ပါ။

အောင်ခန့်သည် အနုပညာရှင်ဘဝကို နားလည်ပြီး အနုပညာရှင်တစ်ယောက်ကို ကိုယ်ကျိုးစွန့် မြတ်နိုးတတ်မည်ဆိုလျှင်တော့ မိမိထံသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ချလာလိမ့်မည်ဟု ပန်မမသည် မျှော်လင့်လျက် ရှိနေဆဲပင်။



www.burmeseclassic.com



# အခန်း (၃၈)

"ခန့်ရေ . . . မင်းအသက် သုံးဆယ့်ခြောက်နှစ် ပြည့်တော့မယ်နော်"

တစ်ညနေ ညစာစားပွဲ မရှိသဖြင့် အောင်ခန့် အိမ်သို့ ညနေစောင်းသည်နှင့် ပြန်လာပြီး အစ်မဖြစ်သူနှင့်အတူ ထမင်းလက်ဆုံစားပြီးစဉ် မေသန့်က သတိပေးစကားစတင် ပြောလိုက်သည်။

"မပြည့်သေးပါဘူး၊ သုံးဆယ့်ငါးနှစ်နဲ့ လေးလပဲရှိပါ





သေးတယ်"

"ဟဲ့ . . . ငါက နင့်ကို အသက်တိတိကျကျနဲ့ မွေးနေ့ပွဲအတွက် ဘာအတွက် ပြောနေတာမဟုတ်ဘူး၊ မင်းအတွက် အချိန်မရှိတော့သလို မင်းနဲ့ရွယ်တူဖြစ်တဲ့ ကုမ္ပဏီနန်းထိုက်အတွက် ပိုတောင်အချိန်တော့ဘူး၊ ဒါကြောင့် မင်းတို့ဘယ်တော့လက်ထပ်မလဲလို့ ပြောနေတာ"

အောင်ခန့်က ပြုံးလိုက်သည်။

ပြီးတော့မှ အစ်မဖြစ်သူကို မခံချင်အောင် . . .

"ဩော် . . . ဒါလား၊ မေ့တောင်မေ့နေတယ်"

"အေး . . . မေ့နေ၊ မေ့နေ ဆံဖြူသွားကျိုးမှဆိုရင် နင့်ကိုဖေဖေခေါ်မယ့်သူလဲ ရှိတော့မှာ မဟုတ်ဘူး"

"အရွယ်ငယ်လေးတွေယူရင် ဖြစ်ပါတယ်"

"တော်တော့ အောင်ခန့်၊ ယောကျ်ားဆိုတာ ကတိတည်ရတယ်၊ ပြင်ဦးလွင်မှာ နင်ပေးထားတဲ့ ကတိကိုမေ့နေပြီလား"

"ဩော် . . . ဒါလား"

"ဘယ်လိုလဲ ငါ သူ့မိဘတွေဆီကို သွားနားဖောက်ရတော့မလား"

"နေပါဦး၊ ကျွန်တော်တို့အချင်းချင်း တစ်ခါမှ ဒီကိစ္စမဆွေးနွေးရသေးဘူး"

"ဒီအရွယ်တွေရောက်နေပြီ ဆွေးနွေးညှိနှိုင်းရတော့မယ့်အရွယ်လား၊ နင်ခေါင်းညိတ်တာနဲ့ ငါတစ်ခါတည်းစီစဉ်လိုက်တော့မယ်လေ"



www.burmeseclassic.com

"ခန့်ကို ဒီတစ်နေ့ပဲ အချိန်ပေး၊ ခု ကုဋ္ဌေဘယ်ဆေးခန်း ထိုင်သလဲ"

"ဒီနေ့သောကြာနေ့ဆိုတော့ ကရုဏာဖောင်ဒေးရှင်းမှာ ထိုင်လိမ့်မယ်၊ ကိုးနာရီအထိပဲ"

"ဒီလိုဆို ကိုးနာရီ ကျွန်တော်သွားကြိုလိုက်မယ်၊ သူ့အိမ်ကကားကို သွားမကြိုဖို့ မမဖုန်းဆက်ပြောလိုက်ပေါ့"

မေသန့်မျက်နှာသည် ဝင်းပကြည်လင်ကာ. . .

"အေးပါဟယ်. . . ငါစိတ်ချမယ်နော် ခန့်"

"စိတ်ချပါ မမရာ၊ မမမောင်က မမ မကြိုက်တာ ဘာလုပ်ဖူးလို့လဲ"

မေသန့်က မဲ့ကာ. . .

"ဟုတ်ပါတယ်. . . ဟုတ်ပါတယ်၊ ကျုပ်ကို အိမ်ထဲမှာနေလို့ အနံ့အ,အ ဘာမှမသိဘူးလို့သာ ထားလိုက်ပါတော့လေ"

အောင်ခန့် မလုံမလဲဖြင့်. . .

"ဟာ. . . မမကလဲ၊ မမကို အဲဒီလိုမျိုး ကျွန်တော် ဘယ်တုန်းကမှ မယူဆပါဘူးဗျာ"

အစ်မဖြစ်သူသည် ပန်မမနှင့် မိမိအကြောင်း သိရှိနေ၍သာ ဤစကားမျိုး ပြောခြင်းဖြစ်ကြောင်း အောင်ခန့်က ရိပ်မိလိုက်သည်။

"မင်းသမီးဆိုရင် အငြိမ့်မင်းသမီး၊ ဇာတ်မင်းသမီး၊ ရုပ်ရှင်ဗီဒီယိုမင်းသမီး ဘာမင်းသမီးပဲဖြစ်ဖြစ်. . မင်းသမီးယောကျ်ားဖြစ်ဖို့ဆိုတာ တော်ရုံလွယ်ကူတဲ့ ကိစ္စမဟုတ်ဘူး၊ အထူးသဖြင့် သဘောထားကြီးရမယ်၊ သူတို့ရဲ့အနုပညာလုပ်ငန်းကို နားလည်ပြီး စိတ်ရှည်ပြီး သည်းခံခွင့်လွှတ်နိုင်တဲ့ စိတ်မျိုးရှိမှ မင်းသမီးယောကျ်ား လုပ်လို့ရမယ် ခန့်"





"ကျွန်တော်နားလည်ပါပြီ မမရာ"

"အေးပါ၊ ငါ့မောင်လိမ္မာတယ်ဆိုတာ မမသိပါတယ်၊ ကိုင်း. . . မမ ကုဋ္ဌေ့အိမ်ကို ဖုန်းသွားဆက်လိုက်ဦးမှ"

မေသန့်က မောင်ဖြစ်သူအနေခက်မည်စိုးသဖြင့် ပြောချင်ရာပြောပြီး တမင်ရှောင်ထွက်ခဲ့သည်။

မျက်နှာပျက်သွားသော မောင်ဖြစ်သူ၏ အတွင်းစိတ်ကို ရိပ်စားမိလေသည်။ မချစ်ဖူးသဖြင့် အချစ်ဦးအတွက် အရှုံးအမှုး ခံစားရကောင်း ခံစားရပေလိမ့်မည်။

သို့သော် အချစ်သည် သက်တန့်ရောင်တစ်ခုပါပဲ။ အရောင်စဉ် ဘယ်လောက်ပဲဖြာဖြာ၊ စကြဝဠာတစ်ခုလုံးကို ဘယ်လောက်ပဲ စိုးမိုးထားစိုးမိုးထား အချိန်တန်လျှင် လွင့်ပြယ်သွားတတ်သည့်သဘောမျိုး ရှိတတ်သည်ဟု မေသန့်က လက်ခံထားသဖြင့် မောင်ဖြစ်သူအား ပန်မမနှင့်ကိစ္စကို မသိကျိုးကျွန်ပြုထားခဲ့သည်။

မိမိ၏လုပ်ရပ် မှန်သွားသည်ဟု ကျေနပ်စွာ တွေးမိပြီး ပျော်ရွှင်မှုနှင့်အတူ ရောဂါ၏လက္ခဏာများပင် သူမထံမှ ထွက်ပြေးပျောက်ကွယ်လျက် ရှိနေချေသည်။



www.burmeseclassic.com



# အခန်း (၃၈)

အောင်ခန့် သက်ပြင်းရှည်တစ်ချက် ချလိုက်သည်။

ပန်မမနှင့် လမ်းခွဲလိုက်ခြင်းသည် အမှန်ကန်ဆုံး ဖြစ်သည်။

အနုပညာသည် မင်းသမီး ပန်မမသည် အလုပ်သဘော အရ ဟိုလူနှင့်တွဲ၊ သည်လူနှင့်တွဲနှင့် ပရိသတ်အတွက် အချိန်ပြည့် ကြိုးစားနေရပေမည်။ ဤသို့သော မိန်းမကို အိမ်ထောင်ဖက်အနေဖြင့် သူမရွေးချယ်နိုင်။





ပန်မမနှင့်သူသည် လမ်းကြောင်းချင်း မတူညီကြပေ။

လမ်းကြောင်းချင်း မတူညီသော်လည်း မျဉ်းပြိုင်မဟုတ်ခြင်းကြောင့် လမ်းကြောင်းနှစ်ကြောင်းသည် တစ်နေရာရာတွင် တစ်ကြိမ်သာဆုံတွေ့ပြီးနောက် လမ်းခွဲသွားလေ့ရှိသည်မှာ ဓမ္မတာပင်ဟု အောင်ခန့် သဘောပေါက်မိကာ ပန်မမအား မေ့ပျောက်ရန် ကြိုးစားလိုက်တော့မည်။

သို့သော် ပြည်သူပိုင်သော အနုပညာရှင်တစ်ယောက်ဖြစ်သော ပန်မမ၏ ပုံရိပ်ကတော့ သူတို့ပတ်ဝန်းကျင်တွင် အမြဲတမ်းရှိနေမည်မှာ သေချာသည်။

ထိုအခါ သူသည် ပရိသတ်အနေဖြင့်သာ ခံစားကြည့်ရှုနိုင်အောင်လည်း အားထုတ်ရဦးမည်။


ဤကိစ္စကို သူ့အတွက် အိမ်ထောင်ဖက်ဖြစ်လာမည့် ဒေါက်တာကုမ္မေနန်းထိုက်ကကော နားလည်ခွင့်လွှတ်နိုင်ပါမည်လား။

သူကုမ္မေနန်းထိုက်၏ သဘောထားကို သိချင်စိတ် ဖြစ်ပေါ်လာသည်။

နာရီလက်တံ ရွေ့လျားမှုကိုက နှေးလွန်းလှသည်ဟု. .



www.burmeseclassic.com



# အခန်း (၃၉)

နောက်ကျပြီးမှ ရောက်လာသော လူနာသုံးလေးဦးမှု ကို လက်ခံကုသပေးနေသဖြင့် ကိုးနာရီကို မိနစ်သုံးဆယ်ကျော် လွန်သွားမှ ကုဋ္ဌေနန်းထိုက် ဆေးခန်းအတွင်းမှ ထွက်ခဲ့လေ သည်။ မိမိကား ရပ်ထားနေကျနေရာသို့ လှမ်းကြည့်လိုက်သော် လည်း မတွေ့သဖြင့် ဝေ့ဝဲကြည့်လိုက်စဉ် မိမိထံသို့ လျှောက်လာ သော လူတစ်ဦးကို အံ့အားသင့်စွာ တွေ့မြင်လိုက်ရသည်။

ရင်ထဲ၌ လှိုက်ဖိုကာ ဝမ်းသာသွားသည်။ ကုဋ္ဌေနန်း





ထိုက်တစ်ယောက် ကံမြင့်ချိန်ရောက်လာပြီ ထင်ပါသည်။ ခပ် သွက်သွက်ပင် အောင်ခန့်ရှိရာသို့လျှောက်လိုက်သည်။

"ဘယ်သူ ဘာဖြစ်လို့လဲ ခန့်"

"နင်ကလဲ ဆရာဝန်ပီသလိုက်တာ၊ လူတွေ့တာနဲ့ ဆေး ကုသဖို့လာတဲ့လူတို့ ထင်နေတာပဲ"

"မဟုတ်ပါဘူး၊ ဆေးခန်းရှေ့မှာ ရုတ်တရက်တွေ့. . ."

"နင့်ကို ငါလာကြိုတာ"

"အိမ်ကကား ဘာဖြစ်လို့လဲ"

"ဘာမှ မဖြစ်ဘူး၊ တမင် ကြိုချင်လို့ လာကြိုတာ"

"ဪ"

"လာ. . ကားက ဟိုနားမှာ ရပ်ထားခဲ့တယ်"

"အိမ်ကကား"

"လာမကြိုဖို့ မမ ဖုန်းဆက်ထားပြီးပြီ"

"ဪ"

ကုဋ္ဌေနန်းထိုက် အံ့အားသင့်ပြီးရင်း သင့်ရလေသည်။ အောင်ခန့်နှင့်အတူယှဉ်တွဲပြီး ကားရပ်ထားရာနေရာသို့. . . လျှောက်ခဲ့လေသည်။

အောင်ခန့်က ကားတံခါးကို ဆွဲဖွင့်ပေးလိုက်သည်။

ကုဋ္ဌေနန်းထိုက်က ညင်သာစွာဝင်ထိုင်လိုက်သည်။ အောင်ခန့်၏ အပြုအမူတွေသည် အလွန်ထူးခြားနေပြီ ဖြစ်ရာ အောင်ခန့်ထံမှ ထူးဆန်းသော စကားများကိုကြားရလိမ့်မည်ဟု ကုဋ္ဌေနန်းထိုက် အတပ်သိလိုက်သည်။



www.burmeseclassic.com

အောင်ခန့်က ကုဋ္ဌေနန်းထိုက် ကားထဲဝင်ထိုင်ပြီးသည်နှင့် တံခါးကိုပိတ်ပေးပြီး ကားခေါင်းကို ကွေ့ဝိုက်ကာဒရိုင်ဘာနေရာသို့ ဝင်ရောက်နေရာယူလိုက်သည်။

"နင် အချိန်ပေးနိုင်မလား၊ ငါတို့ တစ်နေရာရာမှာ စကားပြောရအောင်"

"ပေးနိုင်ပါတယ်၊ ငါအနားယူတဲ့အချိန်ပဲ"

"ဒီလိုဆိုရင် ရွှေရယ်ဂါးဒင်းပဲ သွားရအောင်"

"ကောင်းသားပဲ"

ကုဋ္ဌေနန်းထိုက်ထံမှ သဘောတူညီချက် ရယူပြီးသည်နှင့် အောင်ခန့်သည် ကန်တော်ကြီးဘက်သို့ ဦးတည်လိုက်လေသည်။

ရွှေရယ်ဂါးဒင်း၏ နောက်ကျကျနှင့် ကန်စပ်နှင့် နီးသောစားပွဲတွင် နေရာယူလိုက်ကြသည်။

"နင် ဘာစားမလဲ"

အောင်ခန့်က ကုဋ္ဌေနန်းထိုက်ကို ဦးစားပေးပြီး မေးသည်။ ဤသည်ကို ကုဋ္ဌေနန်းထိုက်က ထုံးစံအတိုင်း မေးခွန်းပြန်ထုတ်လိုက်လေသည်။

"နင်ကော ထမင်းစား ပြီးပြီလား"

"ပြီးပြီ၊ မမနဲ့ စားခဲ့တယ်"

"ဒါဖြင့် ကော်ဖီနဲ့ပူတင်းဖြစ်ဖြစ်၊ ပေါင်မုန့်ကြက်ဥကြော်ဖြစ်ဖြစ် မှာလိုက်ပါ၊ ငါတော့ အဲဒါကိုပဲစားမယ်"

အောင်ခန့်ကလည်း သူမကဲ့သို့ပင် စားသောက်ရန် ဆုံး





ဖြတ်ပြီး မှာလိုက်လေသည်။

"ကိုင်း. . . ပြော အောင်ခန့်၊ နင် ငါ့ကို ဘာပြောစရာရှိနေသလဲ"

အောင်ခန့်အတွက်တော့ ကုဋ္ဌေနန်းထိုက်သည် ရင်ခုန်မှုမပေးနိုင်သည်မှာ သေချာသည်။ ရဲတင်းကာ ရှက်ကိုးရှက်ကန်းမရှိသော သူမထံမှ ရင်ခုန်စရာများကို ဘယ်ကဲ့သို့ ရရှိနိုင်မည်နည်းကို သူ မတွေးတတ်အောင် ဖြစ်သွားသည်။

သို့သော် သူ့ဆုံးဖြတ်ချက်ကို အကောင်အထည် ဖော်ရတော့မည်ဖြစ်ရာ. . .

"နင်လဲ သိပြီးသားဖြစ်မှာပါ၊ မမက နင်နဲ့ငါ့ကို အမြန်ဆုံးလက်ထပ်စေချင်နေပြီ၊ အဲဒါ နင်ဘယ်လို သဘောရသလဲ"

ကုဋ္ဌေနန်းထိုက် မျှော်လင့်ထားသောစကားကို ကြားရလေပြီ။ လှုပ်ခါနေသောရင်ကို တည်ငြိမ်အောင် ကြိုးစားရင်း အောင်ခန့်၏ မျက်ဝန်းကို အကဲခတ်လိုက်လေသည်။

"ပြောလေ"

"နင့်ဆန္ဒကို ငါအရင်သိချင်တယ်"

"နင် မကတ်နဲ့ ကုဋ္ဌေ၊ ငါက မေးခွန်းအရင်ထုတ်တာလေ၊ နင်အရင်ဖြေ"

အောင်ခန့်က ကလေးဆန်စွာပင် ပြောလိုက်လေသည်။

ကုဋ္ဌေနန်းထိုက်က သဘောကျစွာ ပြုံးလိုက်လေသည်။

ထိုအခါ ကုဋ္ဌေနန်းထိုက် ပါးပြင်ပေါ်မှ ပါးနှစ်ဖက်ချိုင့်ဝင်သွားပြီး ဖြူဖွေးသန့်စင်ကာ ညီညာသော ပုလဲသွယ်သွယ်



www.burmeseclassic.com

သွားစွယ်တန်းကလေး ဝင်းခနဲ လက်ခနဲပေါ်လာသည့်အပြင် သွားတက်ကလေးကလည်း အလှကျက်သရေကို ဖြည့်စွက်လိုက်သည်ကို အောင်ခန့် အံ့အားသင့်စွာ ငေးကြည့်မိသည်။

အမြဲတမ်း ခပ်တည်တည်နှင့် နေတတ်သောကြောင့် သူမထံ၌ ရှိနေသော မွေးရာပါ အလှလက်ဆောင်ကောင်းတို့ ပျောက်ကွယ်နေသည် ထင်ပါသည်။

"ဘာပြုံးတာလဲ ဖြေလေ"

"ငါ့ဘက်က နင့်လိုလူမျိုးကို ငြင်းစရာ မရှိပါဘူး"

အောင်ခန့်က သက်ပြင်းချလိုက်လေသည်။ အခုအရွယ်မှာ အောင်ခန့်အတွက် အချစ်သည် အရေးမပါတော့။ အိမ်ထောင်ဖက်သည်သာ အရေးပါနေသည်။

"နင် အိမ်ရှင်မကောင်းတစ်ယောက်အနေနဲ့ ငါ့ကိုပြုစုရမှာနော်၊ နင် ပြုစုနိုင်ပါ့မလား"

"အဟင်း. . ဟင်း အောင်ခန့်ရယ်၊ နင်ဟာ ယောက်ျားထဲက ယောက်ျားတစ်ယောက်ပါပဲ"

အောင်ခန့်က မျက်မှောင်ချီလိုက်လေသည်။ ထိုအချိန်တွင် စားပွဲထိုးလုလင်တစ်ဦးက ကော်ဖီဖျော်နိုင်ရန် ခွက်အစုံအလင် လာချပြီး တစ်ဦးက ပေါင်မုန့်ကြက်ဥကြော်နှစ်ပွဲ လာချလေသည်။ ထိုအခိုက်၌ သူတို့နှစ်ဦး စကားစပြတ်သွားသည်။

စားပွဲထိုးများ ထွက်ခွာသွားမှ. . .

"ယောက်ျားဆိုတာ အိမ်ထောင်ဦးစီး အိမ်ဦးနတ်အဖြစ် အပူဇော်ခံချင်ကြတာ မမှားပါဘူး၊ အိမ်ရှင်မကို သူတို့ရဲ့အဖြည့်ခံ



BURMESE CLASSIC



အဖြစ်သာ ပိုင်ဆိုင်ချင်ကြတယ်၊ ဒါကလဲ ယောက်ျားတွေရဲ့ မသိစိတ်မှာ ကိန်းဝပ်နေတတ်တဲ့ အတ္တမာနပဲ၊ ဒါကို ငါနားလည်ပါတယ်"

အောင်ခန့်က ပခုံးတွန့်လိုက်ကာ. . .

"နေစမ်းပါဦး နင်က အပျိုကြီးသာဆိုတယ်၊ ယောက်ျားအကြောင်း သိလှချည်လား"

"ဟ. . . ဘာဆိုင်လို့လဲ၊ အပျိုကြီးလဲ လူပဲ၊ လူဆိုတာ သူနဲ့ဆက်နွယ်နေတဲ့ လူ့ပတ်ဝန်းကျင်အကြောင်းကို သိရတယ်၊ စာတွေ့ဖြစ်စေ ကိုယ်နဲ့ အနီးစပ်ဆုံးမှာရှိတဲ့ လူတွေကို လေ့လာသုံးသပ်ကြည့်တဲ့အခါမှာဖြစ်စေ ရရှိလာတဲ့ သုံးသပ်ချက်တို့ လူသားဖြစ်တဲ့ အပျိုကြီးတွေကော မသိရတော့ဘူးလား"

အောင်ခန့်က. . .

"တော်ပါပြီ ဆရာဝန်မကြီးရယ်၊ ငါ့စကားကို ငါပြန်ရုပ်သိမ်းပါတယ်"

"ငါ့စကားကို လက်ခံပြီး ရုပ်သိမ်းတာလား"

"ဟုတ်ပါ့ဗျာ"

အောင်ခန့် ကုဋေနန်းထိုက်ကို နားလည်အောင် ကြိုးစားလိုက်သည်။

"ဒီလိုဆိုရင် ဗုဒ္ဓဘာသာဝင် မြန်မာစစ်စစ် ဘိုးဘွားမိဘကပေါက်ဖွားလာတဲ့ ငါဟာ ပညာတတ်တိုင်း ဂုဏ်မောက်ပြီး လင်ယောက်ျားအပေါ်မှာ မောက်မောက်မာမာ ဆက်ဆံလိမ့်မယ်လို့ နင်ထင်သလား"



www.burmeseclassic.com

အောင်ခန့် ကုဋ္ဌေနန်းထိုက်၏ မေးခွန်းများကို မဖြေနိုင်တော့ချေ။ ကုဋ္ဌေနန်းထိုက်က ပြုံးကာ. . .

"ကိုင်း. . . ဒီလိုဆိုရင် ငါပဲ ဖြေပြမယ်၊ ရာဇဝတ်အုပ်ဖြစ်တဲ့ ငါ့ဘိုးဘိုးကို အထက်တန်းကျောင်းအုပ်ဆရာမကြီးဖြစ်တဲ့ ငါ့ဘွားဘွားက အိမ်ဦးနတ်လို ရိုသေစွာ ဆက်ဆံခဲ့သလို ဘိုးဘိုးကလဲ ဘွားဘွားရဲ့လုပ်ငန်းအပေါ် တန်ဖိုးထားပြီး ချစ်မြတ်နိုးလေးစားခဲ့လို့ ရိုးမြေကျတဲ့အထိ ချမ်းမြေ့စွာ ပေါင်းသင်းခဲ့ကြတယ်"

အောင်ခန့်ရင်ထဲ၌ ကုဋ္ဌေနန်းထိုက်၏ စကားများကို နားလည် လက်ခံလာစပြုလာလေပြီ။

"ဒီလိုပါပဲ၊ ဆရာဝန်တစ်ဦးဖြစ်တဲ့ ဖေဖေက ရှေ့နေအလုပ်ကို မြတ်နိုးပြီး မစွန့်နိုင်တဲ့ မေမေ့အပေါ် စိတ်ရှည်လက်ရှည်နဲ့ အားလပ်တဲ့အချိန်တွေမှာ မေမေတရားခွင်မှာ စကားပြောတာကိုတောင် လိုက်နားထောင်ပြီး အားပေးတတ်ခဲ့တယ်၊ ဒီလိုပါပဲ မေမေဟာ ညနေဘက်ရောက်တာနဲ့ ဖေဖေ့ရဲ့ဆေးခန်းမှာ ဖေဖေ့ရဲ့နာ့စ်၊ ဖေဖေ့ရဲ့ ကွန်ပေါင်ဒါ၊ ဖေဖေ့ရဲ့ ငွေစာရင်းအရာရှိအဖြစ် လိုက်လံကူညီပေးခဲ့တယ်၊ အဲဒါ ဘာဖြစ်လို့လဲလို့ နင်ယူဆမလဲ"

အောင်ခန့် နားလည်လိုက်ပါပြီ။

"အိမ်ထောင်တစ်ခုမှာ အဓိကကျတာတာ အချစ်လို့ ဆိုရင်လဲ မမှားတတ်ကြသလို အချစ်မပါဘဲ လူကြီးမိဘ သဘောတူလို့ ယူကြတဲ့သူတွေမှာတော့ တစ်ဦးကိုတစ်ဦး အပြန်အလှန်



BURMESE CLASSIC



နားလည်မှု၊ ရိုသေလေးစားမှုဟာ အဓိကကျပါတယ် ခန့်"

အောင်ခန့်ထံမှ အဖြေမရသဖြင့် ကုဋ္ဌေနန်းထိုက်ကပင် ပြန်ဖြေလိုက်သည်။ ကုဋ္ဌေနန်းထိုက်က စကားပြောရင်းနှင့်ပင် အောင်ခန့်အတွက် ကော်ဖီကို အရင်ဖျော်ပေးပြီးမှ သူမအတွက်ကို ဖျော်လေသည်။

"ဒီလိုဆိုရင် နင် ငါ့ကို လက်ထပ်ဖို့ လက်ခံနိုင်တယ်ပေါ့"

"လက်ခံနိုင်ပါတယ်၊ ငြင်းပယ်စရာ အကြောင်းမရှိပါဘူး၊ နင်ကကော"

ကုဋ္ဌေနန်းထိုက်က တည်တည်ငြိမ်ငြိမ်ပင် ဖြေလိုက်ပြီး သူ့အား မေးခွန်းပြန်ထုတ်လိုက်သည်။

"နင့် ငါ့အကြောင်း ဘယ်လောက်သိလို့လဲ"

"နင့်အကြောင်းတွေကို မမနည်းတူ ငါလဲ သိပါတယ်၊ ဒါဟာ အရေးမကြီးပါဘူး၊ ယောကျ်ား တစ်ယောက်မှာ တစ်ခါတစ်ရံ သက်တန့်ရောင်လို အချစ်မျိုး ဖြစ်ပေါ်ချင် ဖြစ်ပေါ်မှာပဲ၊ သက်တန့်ဆိုတာ အင်အားကြီးတဲ့နေမင်းရဲ့ အရှိန်အဟုန်ကြောင့် ခဏတာ အချိန်ကလေးအတွင်းမှာ ပျက်စီးသွားတတ်တာပဲလေ၊ ဒီသဘာဝတရားကို ငါနားလည်တဲ့အတွက် နင့်ရင်မှာ သက်တန့်ရောင်စဉ် ပေါ်ထွန်းခဲ့ခြင်း ရှိခဲ့ရင်လဲ ငါ ခွင့်လွှတ်နိုင်ပါတယ်"

အောင်ခန့်၌ မေးစရာစကား ကျန်နေသေးသည်။

"နင့်ရဲ့ လုပ်ငန်းတာဝန်တွေက သိပ်များမနေဘူးလား



www.burmeseclassic.com

အိမ်ထောင့်တာဝန်ကိုကော သာမန် မိန်းမတစ်ယောက်လို နင် ထမ်းဆောင်နိုင်ပါ့မလား"

"ဒါက တစ်ကိုယ်ရေ တစ်ကာယသမားဖြစ်လို့ ဆေးရုံတာဝန်အပြင် ဆေးခန်းလေးငါးခုလောက် အချိန်ပိုင်း ရက်ပိုင်း အလိုက် လှည့်ထိုင်နေတာပါ။ အဲ. . . အိမ်ထောင်သည်ဖြစ်လာတော့လဲ အိမ်ထောင်သာယာရေးအတွက် ယောက်ျားဟာ အိမ်တစ်ခုကို ဆောက်လုပ်တတ်တယ်၊ မိန်းမတွေဟာ ယောက်ျား ဆောက်လုပ်ထားတဲ့ အိမ်ကို နေအိမ်တစ်ခုအဖြစ် ဖန်တီးတတ်ရမယ်ဆိုတာ ငါ နားလည်သဘောပေါက်ပါတယ်၊ ဒါကြောင့် ငါ အိမ်ထောင်သည်အဖြစ်ရောက်ရင် ပြည်သူ့ဆေးရုံက ပြည်သူ့ဝန်ထမ်း ဆရာဝန်အလုပ်အပြင် ကိုယ်ပိုင်ဆေးခန်း တစ်ခုလောက်ပဲ လုပ်တော့မှာပါ။ ဒါပေမယ့် နင်ခွင့်ပြုနိုင်မယ်ဆိုရင် တစ်နှစ်တစ်ခါလောက်တော့ ကရုဏာဖောင်ဒေးရှင်းရဲ့ နယ်လှည့် အခမဲ့ ဆေးကုသအဖွဲ့နဲ့တော့ စေတနာ့ဝန်ထမ်း လိုက်ပါခွင့်ပြုပါလို့ ငါတောင်းဆိုပါရစေ"

အောင်ခန့် ပြုံးကာ ခေါင်းညိတ်လိုက်ပြီး . . .

"ဒီလိုဆိုရင် နင် အိမ်ပြန်ရောက်ရောက်ချင်း နင့်မိဘတွေကို ကြိုပြောထားလိုက်တော့"

ကုဋေနန်းထိုက်က စူးစမ်းသော မျက်လုံးဖြင့် သူ့အား ကြည့်ပြီး. . .

"ဘာပြောရမှာလဲ"

"မနက်ဖြန် မမနဲ့ငါ လာပြီး နင့်ကို လာတောင်းမယ်



BURMESE CLASSIC



ဆိုတဲ့အကြောင်းနဲ့ အမြန်ဆုံးလက်ထပ်မယ်ဆိုတဲ့အကြောင်း"

"ဟင်. . . နင့်ဟာကလဲ မြန်လှချည်လား"

ကုဋေနန်းထိုက်က မျက်နှာနီရဲသွားပြီး မျက်လွှာချလိုက်သည်။

"အမြန်ဘူး၊ နောက်တောင်ကျသွားပြီထင်တယ်"

ကုဋေနန်းထိုက် ပြန်မပြောတတ်တော့ချေ။ အချစ်နှင့် ပတ်သက်လာလျှင်တော့ သူမအတွက် အခုမှ မွေးကင်းစပင် ရှိသေးသည်။

အောင်ခန့်က ရှက်စိတ်ကို မျက်လွှာချပြီး ကွန်ခြွေနှင့် ကာကွယ်ရန် ကြိုးစားလိုက်သော ကုဋေနန်းထိုက်ကို စူးရဲစွာ ကြည့်လိုက်ရင်း သက်ပြင်းတစ်ချက်ချလိုက်လေသည်။

ပန်မမကို ချစ်ခဲ့မိသော အချစ်သည် သက်တန့်ရောင်စဉ်လို အချစ်မျိုးဟုတ်မဟုတ် သူ့ကိုယ်သူ နားမလည်နိုင်ချေ။

သို့သော် ပန်မမကို သူ့နှလုံးသားက အပြီးအပိုင် ထုတ်လိုက်ပြီး သူ အိမ်ထောင်ဖက်အဖြစ် ရွေးချယ်လိုက်သော ကုဋေနန်းထိုက်ကိုတော့ဖြင့် ချစ်မြတ်နိုးတတ်လာအောင် သူကြိုးစားအားထုတ်သင့်သည်ကို သူနားလည်လိုက်ပါသည်။

မြမှုံလဲခင်



www.burmeseclassic.com